# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၈) ရက် ၊ သောကြာနေ့ ၊ (2-2-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၂၇၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုအစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၁၇/၂၀၂၄**
၁၃၈၅ ခုနှစ် ပြာသိုလပြည့်ကျော် ၇ ရက်
(၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်)

### ပြည်ထောင်စုအစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်ကို ပိုမိုမြန်ဆန်ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရန်အလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုအစိုးရအဖွဲ့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | နိုင်ငံတော်ဝန်ကြီးချုပ် | ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် |
| (၂) | ဒုတိယဝန်ကြီးချုပ် | ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း |
| (၃) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဗိုလ်ချုပ်ကြီးမြထွန်းဦး |

**စာမျက်နှာ ၁၈ ကော်လံ ၁ သို့**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၁/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၁/၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။

(သတင်းစာမျက်နှာ-၁၆)




ရတနာပုံ
၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်
အယ်ဒီတာ့အာဘော်

# ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်း

လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာခြင်းသည် ယဉ်ကျေးမှုအဆင့်အတန်း တိုးတက်မြင့်မားလာခြင်း၏ ပြယုဂ်ပင်ဖြစ်သည်။ ထို့ကြောင့် ဘာသာအယူဝါဒများ၊ ဓလေ့ထုံးစံများ၏ အဆုံးအမနှင့် လမ်းညွှန်မှုများအောက်တွင် ကိုယ်အမူအရာနှင့် စိတ်နေစိတ်ထားယဉ်ကျေးသိမ်မွေ့ခြင်း၊ စာနာထောက်ထားခြင်း၊ ခေတ်မီတိုးတက်သည့် ယဉ်ကျေးသောလူ့အဖွဲ့အစည်းများ ထူထောင်ခြင်း၊ ယဉ်ကျေးလာအောင် ပြုလုပ်ခြင်း၊ ခေတ်ကာလအလျောက် ထွန်းကားလာသော ယဉ်ကျေးမှုအနုပညာများကို ခံစားနားလည်ခြင်း၊ မြတ်နိုးတန်ဖိုးထားခြင်း စသည့် အစဉ်အလာကောင်းများ၊ ဓလေ့ထုံးတမ်းများကိုမွေးမြူ၍ ရေရှည်တည်တံ့အောင်ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်သော နိုင်ငံဖြစ်သည်နှင့်အညီ မတူကွဲပြားသော ယဉ်ကျေးမှုများနှင့်အတူ အမြဲရှင်သန်နေသည့် ယဉ်ကျေးမှုအမွေအနှစ်များစွာ ရှိနေသည်။ လူမျိုးတစ်မျိုး တိုင်းပြည်တစ်ခု၏ ယဉ်ကျေးမှုဟု ပြောဆိုဖော်ညွှန်းမည်ဆိုပါက စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှုနှင့် ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှုဟူ၍ ရှိသည်။ တစ်နည်းအားဖြင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်နှင့် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်ဟူ၍လည်း ခေါ်ဆိုကြသည်။ ဒြပ်မဲ့ယဉ်ကျေးမှုဟူသည် လူသားတို့ပြောဆိုသည့် ဘာသာစကား၊ အတွေးအခေါ်၊ ဓလေ့၊ စရိုက်၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ယုံကြည်ကိုးကွယ်မှု၊ ရိုးရာဓလေ့ထုံးစံများ အတွေးအခေါ်လက်မှုအနုပညာနှင့် အနုသုခုမပညာ စသည်တို့ဖြစ်သည်။ ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်တွင်မူ လူသားတို့ပြုလုပ်သုံးစွဲခဲ့သော၊ ကိုင်တွယ်ထိတွေ့၍ရသော ပစ္စည်းများအားလုံး ပါဝင်သည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင်ရှိသည့် ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို မြန်မာနိုင်ငံသားအားလုံးက အမျိုးသားရေးအသိ၊ အမျိုးသားရေးတာဝန်အဖြစ် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ကြရမည်ဖြစ်ပေသည်။ မြန်မာနိုင်ငံ၏ ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များထဲမှ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ပျူမြို့ဟောင်းသုံးမြို့နှင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသတို့သည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံခဲ့ရပြီး မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်စေရေးအတွက် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပေသည်။

ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ခြင်းဖြင့် ဘာသာ၊ သာသနာထွန်းကားပြန့်ပွားစေမည်ဖြစ်သည်။ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်ပေးခြင်း၊ တိုင်းရင်းသားများ၏ ယုံကြည်ကိုးကွယ်ရာဘာသာများကို ထောက်ပံ့ကူညီပေးခြင်း၊ ဘာသာ၊ သာသနာပြန့်ပွားစေခြင်းတို့ဖြင့် တိုင်းရင်းသားလူငယ်များကိုလည်း ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များဖြစ်လာစေရေး ပျိုးထောင်ရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ရိုးရာယဉ်ကျေးမှုပပျောက်ပါက လူမျိုးပါပျောက်နိုင်သဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို နိုင်ငံတကာအဆင့်မီ ထိန်းသိမ်းစောင့်ရှောက်ရန် လိုပေသည်။ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များသည် အခြားသော ကမ္ဘာ့နိုင်ငံများရှိ ယဉ်ကျေးမှုအမွေအနှစ်များကဲ့သို့ပင် ဝိသေသထူးနှင့်ပြည့်စုံသောကြောင့် ရှေးဘိုးဘွားဘီဘင်တို့ထားရှိခဲ့သော ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို သားစဉ်မြေးဆက်တို့က လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ပန်းမော်နှင့် အခြားမြို့များသို့ ဇန်နဝါရီလတွင် ကုန်စည်တင်ပို့သည့် ရေယာဉ် ၁၁၇ စီးရှိခဲ့



**မန္တလေး ဖေဖော်ဝါရီ ၁**

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့် အခြားမြို့များသို့ ဇန်နဝါရီလတွင် ကုန်စည်တင်ပို့သည့် ကုန်တင်ရေယာဉ် ၁၁၇ စီး ရှိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်တင်တင်ထွန်းက ပြောပြ၍ သိရသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့် အခြားမြို့များသို့ ဇန်နဝါရီလအတွင်း ပြောင်းဆန်၊ သကြား၊ ဘိလပ်မြေနှင့် အခြားကုန်ပစ္စည်းများတင်ပို့သည့် ကုန်တင်ရေယာဉ် ၁၁၇ စီး ရှိခဲ့ကြောင်း သိရသည်။

"အခုတစ်လော ဧရာဝတီမြစ်အတွင်း ရေကျချိန်ဖြစ်ပေမဲ့လဲ မန္တလေးဆိပ်ကမ်းမှာ ကုန်စည်ရရှိမှုက ပြန်ပြီးများပြားလာတယ်။ အခုလောလောဆယ်ကတော့ ဘိလပ်မြေ၊ ကျောက်စရစ်၊ ဆား စတဲ့ ကုန်စည်တွေက အများဆုံးဖြစ်နေတယ်"ဟု ဒေါ်တင်တင်ထွန်းက ပြောပြသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့် အခြားမြို့များသို့ ဇန်နဝါရီလအတွင်း တင်ပို့နိုင်ခဲ့သည့်ကုန်တန်ချိန်များမှာ ဘိလပ်မြေ ၄၆၃၄၁ ဒသမ ၈၆ တန်၊ ပြောင်းဆန် ၅၉၈၀၇ ဒသမ ၇ တန်၊ ကျောက်စရစ်ကျင်း အရေအတွက်မှာ ကျင်း ၅၀၀၊ ကျောက်ပြားနှင့် ကြွေပြားအချပ်ရေ ၄၇၀၊ ဆား ၁၀၃ ဒသမ ၅ တန်၊ သကြား ၉၄၆၉ ဒသမ ၃ တန်တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

မန္တလေးဆိပ်ကမ်းတွင် ယခုလက်ရှိ ကုန်စည်ရရှိမှုများပြားလာခြင်းကြောင့် ရေယာဉ်များပေါ်၌ ကုန်စည်များကိုသတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင်မှုများမပြုလုပ်ကြရန်လိုအပ်ကြောင်း၊ ရေယာဉ်၏ အရွယ်အစားနှင့်မချိန်ဘဲ ကုန်များကိုတင်ဆောင်ကာ မြစ်အတွင်းသွားလာပါက ရေယာဉ်များ အန္တရာယ်ရှိနိုင်သောကြောင့်ဖြစ်ကြောင်း၊ ထို့ပြင် ရေယာဉ်များအနေဖြင့်လည်း အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေး ရေပေါ်၊ ကမ်းပေါ်တွင် စိုက်ထူပြသပေးထားသည့် ရေလမ်းညွှန်အမှတ်အသားများကို အထူးဂရုပြုသွားလာကြရန် လိုအပ်ကြောင်း ၎င်းက ဆက်လက် ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး ဖေဖော်ဝါရီ ၁**

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် ဆိုင်ကယ်အသစ်တင်သွင်းမှု လျော့ကျလာသဖြင့် တင်သွင်းပြီးသား အသစ်ဘီးများနှင့် တစ်ပတ်ရစ်ဘီးများသာ အရောင်းအဝယ်ပြုလုပ်နေရပြီး ဈေးနှုန်းများလည်း မြင့်တက်လျက်ရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

တစ်ပတ်ရစ်ဘီး ဈေးကွက်တွင်လည်း အရောင်းဘီးများ ရှားပါးလာမှုကြောင့် ဈေးနှုန်းများ မြင့်တက်လျက်ရှိရာ ဆိုင်ကလုန်းတစ်စီးလျှင် ငွေကျပ် ၁၅ သိန်းမှ သိန်း ၂၀ ခန့်ထိ ရှိလာကြောင်း သိရသည်။

လျှပ်စစ်သုံးဆိုင်ကယ် (EV) ဘီးများမှာ အနည်းဆုံး ငွေကျပ် ၁၅ သိန်းခန့်မှ သိန်း ၅၀ ကျော်ထိ ပေါက်ဈေးရှိပြီး အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၄၅ သိန်းမှ ၆၃ သိန်းခန့်၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၂၅ သိန်းမှ ၃၇ သိန်းခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် သိန်း ၂၀ မှ ၃၃ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၈ သိန်း ၅ သောင်းမှ ၁၇ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/ 125 R/ CZI အမျိုးအစားများမှာ ငွေကျပ် ၉ သိန်းမှ ၁၈ သိန်း ၅သောင်းခန့်ရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးနိုင်ထွန်းထံမှ သိရသည်။

မန္တလေး ကားဈေးကွက်အတွင်း နယ်ဝယ်လက် အဆင်းနည်းလာမှုကြောင့် အရောင်းအဝယ်အေးသွားသော်လည်း နံပါတ်ထွက်ပြီးသား ဂျပန်တစ်ပတ်ရစ် ညာမောင်းကားများ အရောင်းအဝယ်ရှိနေဆဲဖြစ်ကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

ယခုအခါ နံပါတ်ထွက်ပြီးသား ဂျပန်ညာမောင်း တစ်ပတ်ရစ်ကားများ၌ ဟွန်ဒါဖစ်နှင့် ကလူဂါကားများ ဈေးကွက်ကို ဦးဆောင်နေပြီး လုပ်ငန်းသုံး ကားများတွင်လည်း ဈေးမြင့်တက်မှုများ ရှိလာကြောင်း၊ လူကြိုက်များသည့် ဂျပန်တစ်ပတ်ရစ် ညာမောင်းကားမှာ ငွေကျပ်သိန်း ၅၀ ခန့်ထိ ဈေးနှုန်းမြင့်တက်သွားပြီး ဈေးမာလျက်ရှိကြောင်း သိရသည်။

၆၀ စီစီ ပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက် Auto ငွေကျပ်သိန်း ၁၈၀ ခန့်၊ Manual ငွေကျပ် ၁၆၅ သိန်း ခန့်ဈေးပေါက်နေပြီး အခြားသောခွေးဘီလူးကားများတွင်လည်း Manual ငွေကျပ်သိန်း ၁၅၀၊ Auto ငွေကျပ်သိန်း ၁၆၀ ခန့်ရှိကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။ (၁၇၃)

# မန္တလေးဈေးကွက်အတွင်း တရုတ်ပဲကြီးများ အရောင်းအဝယ် ကောင်းလျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၁**

မန္တလေးဈေးကွက်အတွင်း တရုတ်ပဲကြီးများ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် တရုတ်ပဲကြီးကို ပြည်တွင်းကဝယ်ယူမှုများပြားလျက်ရှိကြောင်း၊ ထို့အတူ တရုတ်ပဲကြီးကို မန္တလေးဈေးကွက်အတွင်း ကုန်သည်များက အဝယ်များလျက်ရှိခြင်းကြောင့် ဇန်နဝါရီလ နောက်ဆုံးပတ်မှစ၍ အရောင်းအဝယ်ကောင်းလာကြောင်း သိရသည်။

"မန္တလေးကုန်စည်ဒိုင်မှာတော့ ကုလားပဲ၊ နှမ်းအပြင် တရုတ်ပဲကြီးကလဲ အရောင်းအဝယ်ကောင်းတဲ့ ပဲအမျိုးအစားတွေထဲမှာ ပါပါတယ်။ အခုတစ်လော တရုတ်ပဲကြီး အရောင်းအဝယ်လုပ်တဲ့ ကုန်သည်တွေ များလာတာကြောင့် တရုတ်ပဲကြီးက အရောင်းအဝယ်ပြန်ပြီးကောင်းလာတယ်။ ရန်ကုန်နဲ့ မန္တလေးအပြင် အခြားမြို့တွေမှာလဲ တရုတ်ပဲကြီး အရောင်းအဝယ်ပြန်ပြီးကောင်းလာတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း တရုတ်ပဲကြီး အရောင်းအဝယ်ကောင်းလာခြင်းကြောင့် ဇန်နဝါရီ ၃၁ ရက်ပေါက်ဈေးအရ တရုတ်ပဲကြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဖောတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မင်းလှမြို့နယ် ရွှေလောင်းကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ ဖေဖော်ဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် True Money Myanmar တို့ ပူးပေါင်း၍ ရွှေလောင်းကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေကို Mobile Financial Payment စနစ်ဖြင့် ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်ဖြိုးဝေအေးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းချေးငွေကို Mobile Financial Payment စနစ် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ ဒစ်ဂျစ်တယ် ငွေပေးချေမှုနည်းလမ်းများ နားလည်အသုံးပြုလာနိုင်ခြင်း၊ ငွေကြေးဆုံးရှုံးမှု လျော့နည်းလာစေခြင်း၊ အုပ်ချုပ်မှုဆိုင်ရာဝန်ထုပ်ဝန်ပိုးများ လျော့နည်းလာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် True Money Myanmar မှ တာဝန်ရှိသူများက True Money နှင့်ပတ်သက်၍ ငွေထုတ်ပေးမည့်ပုံစံများကို ရှင်းလင်းပြောကြားပြီး ရွှေလောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၉ ဦးကို Mobile Financial Payment စနစ်ဖြင့် ငွေကျပ် ၂၉ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းသန်းရိုး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ မိဗိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးငွေတိုး၊ သမီး မအိဖြိုးဖြိုးသူ မိသားစုက ကွယ်လွန်သူ ဒေါ်နင်းနင်းအေး အားရည်စူး၍ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ နာယက သီဟသုခမ္မမဏ္ဍိဇောတဓရ ဦးကျော်ဝင်းနှင့် လက်ထောက်ဆရာဝန် ဒေါက်တာဦးသက်နိုင်တို့က လက်ခံရယူစဉ်။

# ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၃၉ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကသာ ဖေဖော်ဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၃၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၃၇ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၃၉ ဧက စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကသာခရိုင်မှာ မတ်ပဲ ၁၀၃၇ ဧက စိုက်ပျိုးဖို့အတွက် လျာထားတယ်။ ဒီနေ့ထိ ၁၀၃၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းတွေကို မပြတ်ထိ ကွင်းဆင်းဆောင်ရွက်နေပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်တွင် မြို့နယ်အလိုက် မတ်ပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် ၃၉ ဧက၊ ထီးချိုင့်မြို့နယ်တွင် ဧက ၁၀၀၀ စုစုပေါင်း ၁၀၃၉ ဧကဖြစ်ကြောင်း၊ ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ၃၄ ဧက၊ အင်းတော်မြို့နယ်တွင် ၂၆ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၉၇၇ ဧက စုစုပေါင်း ၁၀၃၇ ဧကဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် မတ်ပဲများ အထွက်နှုန်း ကောင်းမွန်စေရန်၊ ပိုးမွှားရောဂါ ကင်းရှင်းစေရန်အတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ရိတ်သိမ်းချိန်ထိ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။

(၂၀၆)

# ဘားအံမြို့နယ် ကော့စိန်ဘူကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဘားအံ ဖေဖော်ဝါရီ ၁**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကော့ကဒါကျေးရွာအုပ်စု ကော့စိန်ဘူကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များ၊ ကုမ္ပဏီမှတာဝန်ရှိသူများနှင့်အတူ ကော့စိန်ဘူကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ကော့စိန်ဘူကျေးရွာ၌ အကျယ်လေးလက်မ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်းနှင့် ရေစင်အောက်ခန်းဖွဲ့ခြင်း လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၆၃၅ သန်းအသုံးပြု၍ တင်ဒါအောင်မြင်သည့် ကောင်းခန့်ကြွယ်ကုမ္ပဏီက ၂၀၂၃ ခုနှစ် မေလစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်ထံမှ သိရသည်။

**ဆက်လှ**

# မော်လမြိုင်ကျွန်းမြို့နယ်ထွက်ငါးရှဉ့်များ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေရ

**မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်မှ ဒေသထွက် ငါးရှဉ့်များ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေရကြောင်း မော်လမြိုင်ကျွန်းမြို့နယ်ရှိ ငါးရှဉ့်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်နွယ်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်ငါးရှဉ့်များကို ဝယ်ယူကာ ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချလျက်ရှိပြီး ဇန်နဝါရီလဒုတိယပတ်မှ ယနေ့ထိ ငါးရှဉ့်ပိဿာချိန် ၅၃၀၀၀ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါဒေသထွက် ငါးရှဉ့်များကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းလာခြင်းသည် ပြည်တွင်းမှ ငါးရှဉ့်များကို ပြည်ပဈေးကွက်သို့ တင်ပို့မှု အားကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ဇန်နဝါရီလ ဒုတိယပတ်လောက်ကတည်းက ငါးရှဉ့်တွေကို သိသိသာသာ ဝယ်ယူမှုအားကောင်းလာတာပါ။ အရင်က ရပ်ထားခဲ့တဲ့ ပြည်ပငါးရှဉ့်တင်ပို့တဲ့လုပ်ငန်းတွေပြန်လည်လုပ်ကိုင်လာတာနဲ့ ပြည်ပက ငါးရှဉ့်ကို ဈေးကောင်းပေးဝယ်လာတာကြောင့် ငါးရှဉ့်ဝယ်ယူမှုအားကောင်းလာတာပါ။ အခုဒေသကနေ ငါးရှဉ့်တွေရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေပါတယ်။ အခုလို ငါးရှဉ့်ဈေးကောင်းရလာတော့ ကာလရှည်အခက်အခဲရှိနေတဲ့ငါးရှဉ့်လုပ်ငန်းရှင်တွေနဲ့ လုပ်သားတွေ၊ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာတာ တွေ့ရပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်ရှိ ငါးရှဉ့်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်နွယ်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဒေသခံများသည် ချောင်း၊ အိုင်၊ မြောင်းများ၊ လယ်ကွင်းများတွင် ပုံးများဖြင့်ထောင်ဖမ်းကာ သဘာဝအတိုင်းဖမ်းဆီးရရှိသည့် ငါးရှဉ့်များကို ကုန်သည်များ၊ ပွဲရုံလုပ်ငန်းရှင်များက ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချကြောင်း၊ ရန်ကုန်ဈေးကွက်မှတစ်ဆင့် ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ တင်ပို့ရောင်းချလျက်ရှိရာ ဇန်နဝါရီလပထမပတ်မှ ယနေ့ထိ ငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ် ၁၄၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဆင်တူယိုးမှားငတက်ပြားနဲ့ ရိုက်စားတွေရဲ့အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်တဲ့မူပိုင်ခွင့်

"သူငယ်ချင်းရေ အခုတစ်လောမှာ အစည်းအဝေး၊ ဆွေးနွေးပွဲတွေကျင်းပပြီး အပြောများနေတဲ့ **"မူပိုင်ခွင့်"**ဆိုတဲ့ ဝေါဟာရကို ငါစိတ်ဝင်စားနေလို့ ငါ့ကိုရှင်းပြစမ်းပါကွာ"

"မူပိုင်ခွင့်ကို အဘိဓာန်ထဲမှာတော့ **"မူလတီထွင်ဖန်တီးသူ၏ပိုင်ဆိုင်ခွင့်၊ ယင်းပိုင်ဆိုင်ခွင့်ကို ရရှိသူ"** လို့ ဖွင့်ဆိုထားတယ်ကွ။ လွယ်လွယ်လေးရှင်းအောင် ပြောရရင် ငါရေးထားတဲ့ ငါ့ဝတ္ထု၊ ငါ့ကဗျာဟာ ငါ့ရဲ့မူပိုင်ခွင့်ပဲကွ။ ငါသေဆုံးသွားရင် ငါ့ဇနီး၊ ငါ့မိသားစုဟာ မူပိုင်ခွင့်ရရှိထားသူတွေပဲကွ။ သဘောကတော့ကွာ **"ဘာကိုပဲဖြစ်ဖြစ် ပထမဆုံးစတင်တီထွင်၊ ဖန်တီး၊ ရေးသား၊ ပြု၊ ထုတ်လုပ်သူတွေဟာ မူပိုင်ခွင့်ပိုင်ရှင်တွေပဲကွ။"**

အဲဒီမူပိုင်ခွင့်နဲ့ပတ်သက်ပြီးပြောရရင် တော်တော်ပဲ ကျယ်ပြန့်တယ်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနဲ့ စာစောင်တွေ တစ်နည်း စာနယ်ဇင်းအသီးသီးမှာ ဖော်ပြခဲ့တဲ့ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာစတဲ့ စာမူတွေ၊ ပန်းချီသရုပ်ဖော်ပုံတွေ၊ ခေါင်းစီးစာသားတွေအားလုံးကို မူလစာရေးဆရာ၊ ဆရာမ၊ ပန်းချီဒီဇိုင်းဆရာတွေကသာ မူပိုင်ခွင့်ရှိကြတယ်။ လုံးချင်းစာအုပ်တွေလဲ အဲဒီအတိုင်းပဲ။ မူပိုင်ခွင့်ရှိသူတိုင်းဟာ သူတို့ရဲ့ စာမူ၊ စာအုပ်ကို အကုန်လုံးဖြစ်ဖြစ်၊ တစ်စိတ်တစ်ဒေသကိုဖြစ်ဖြစ် အခြားတစ်ဦးဦးကို လွှဲပြောင်းရောင်းနိုင်တယ်။ မူပိုင်ခွင့်သက်တမ်းကတော့ မူပိုင်ရှင်ကွယ်လွန်ပြီး နှစ်ပေါင်း ၅၀ ထိ ရှိတယ်။

စာပေလောကမှာလိုပဲ ကုန်ပစ္စည်းလောကမှာလဲ မူပိုင်ခွင့်ရှိတယ်။ နာမည်ကြီးရောင်းအားကောင်းတဲ့ ကုန်ပစ္စည်းတွေကို ဖြတ်လမ်းက ကြီးပွားချင်ကြတဲ့ စီးပွားရေးအတ္တကြီးသူတွေ၊ ဝိသမလောဘသမားတွေက နာမည်ဆင်တူယိုးမှားလုပ်ပြီး ထုတ်လုပ်ရောင်းချနေကြတာကလဲ မူပိုင်ခွင့်ကို သွယ်ဝိုက်တဲ့နည်းနဲ့ဖောက်ဖျက်ကျူးလွန်နေကြတာပေါ့ကွာ။ ဒါကြောင့် ကုန်အမှတ်တံဆိပ်တွေနဲ့ သတင်းစာတွေမှာ ကြော်ငြာနေကြရတာပေါ့"

"အဲဒီကိစ္စကို ငါသိချင်နေတာကွ။ မူပိုင်ခွင့်ကို ဖောက်ဖျက်ကျူးလွန်ရင် အရေးယူအပြစ်ပေးတာတွေ ရှိရဲ့လားကွ"

"ရှိတာပေါ့ကွာ။ ဒီအကြောင်းကိုပြောရမယ်ဆိုရင် မူပိုင်ခွင့်ဖြစ်ပေါ်လာတာကို လိုရင်းလောက်တော့ မင်းကို ရှင်းပြမှဖြစ်မယ်။ ငါလဲ တို့မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့နဲ့ ကမ္ဘာ့ဉာဏပစ္စည်းအဖွဲ့ကြီး (WI-PO)ပူးတွဲကျင်းပခဲ့တဲ့ အလုပ်ရုံဆွေးနွေးပွဲနဲ့နှီးနှောဖလှယ်ပွဲကို တက်ရောက်လေ့လာခဲ့လို့ သိခဲ့ရတာကွ။

ပထမဆုံးမူပိုင်ခွင့်စနစ် ပေါ်ပေါက်လာတာက ၁၄၄၀ ပြည့်နှစ်ဝန်းကျင်ကပဲကွ။ လူတွေဟာ ဦးနှောက်အသိဉာဏ်ကိုသုံးပြီး ဖန်တီးထုတ်လုပ်နေကြလို့သာ ကမ္ဘာကြီးဟာ ခေတ်မီတိုးတက်နေတာကွ။ အဲဒီလိုတိုးတက်လာအောင် ဖန်တီးထုတ်လုပ်နိုင်စွမ်းရှိမှုအစုစုကို **"ဉာဏပစ္စည်းပိုင်ဆိုင်ခွင့်"**လို့ သတ်မှတ်ခေါ်ဆိုခဲ့ကြတယ်။ စက်မှုပိုင်းတီထွင်ဖန်တီးထုတ်လုပ်ထားမှုတွေ၊ စာပေနဲ့အနုပညာဆိုင်ရာတွေ၊ အထိမ်းအမှတ်သင်္ကေတတွေ၊ အမည်နာမတွေ၊ ကုန်သွယ်ရေးလုပ်ငန်းရုပ်ပုံတွေ အားလုံးဟာ မူပိုင်ခွင့်နဲ့ဆိုင်တယ်ကွ။

ဉာဏပစ္စည်းမူပိုင်ခွင့်မှာ အဓိကနှစ်မျိုးနှစ်စားခွဲခြားထားတယ်။ "ပထမတစ်မျိုးက စက်မှုလုပ်ငန်းဆိုင်ရာပစ္စည်း(Industrial Property)တွေပဲ"။ စက်မှုနဲ့ပတ်သက်တဲ့ တီထွင်ဖန်တီးထုတ်လုပ်မှုတွေ၊ ကုန်သွယ်မှုအမှတ်တံဆိပ်တွေ၊ စက်မှုပုံစံဒီဇိုင်းတံဆိပ်တွေ၊ ပထဝီအညွှန်းပြထားတာတွေက စက်မှုဆိုင်ရာလုပ်ငန်းတွေနဲ့ဆိုင်တယ်။ အဲဒီ စက်မှုဆိုင်ရာအသိဉာဏ်ပစ္စည်းမူပိုင်ခွင့်မှာပဲ (၁)တီထွင်မှုမူပိုင်ခွင့်(Patent)၊ (၂) စက်မှုဒီဇိုင်းမူပိုင်ခွင့်(Industrial Design)၊ (၃) ကုန်သွယ်မှုအမှတ်တံဆိပ်(Trade Mark)ဆိုပြီး မူပိုင်ခွင့်သုံးမျိုးသတ်မှတ်ထားတယ်။

ဒုတိယတစ်မျိုးကတော့ "စာပေနဲ့အနုပညာလက်ရာတွေ(Intellectual Property)ပဲကွ။ ဝတ္ထု၊ ကဗျာ၊ ပြဇာတ်၊ ရုပ်ရှင်ဇာတ်ကားတွေ၊ တေးသီချင်းစပ်ဆိုသီကုံးမှုတွေ၊ ရုပ်ပုံကားချပ်တွေ၊ ပန်းချီလက်ရာတွေ၊ ဓာတ်ပုံတွေ၊ ပန်းပုရုပ်တုတွေ၊ ဗိသုကာလက်ရာတွေနဲ့ဆိုင်တယ်။ အဲဒီမူပိုင်ခွင့်ထဲမှာ အနုပညာရှင်တွေရဲ့ သရုပ်ဆောင်မှုနဲ့ ကကြိုးကကွက်တွေ၊ တေးဂီတသံစဉ်တီးလုံးတွေကို ဖန်တီးထုတ်လုပ်သူတွေ၊ ရေဒီယိုနဲ့ ရုပ်မြင်သံကြားထုတ်လွှင့်ပေးနေတဲ့ အစီအစဉ်တွေလဲ စပ်ဆိုင်တယ်လို့ ဆိုထားတယ်ကွ။ ဉာဏပစ္စည်းမူပိုင်ခွင့်မှာ (၁) ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်(Trade Mark)၊ (၂) စာပေအနုပညာမူပိုင်ခွင့်(Copy Right)၊ (၃) တီထွင်မှုမူပိုင်ခွင့်(Patent)နဲ့ (၄)စက်မှုလက်မှုဒီဇိုင်း(Industrial Design)ဆိုပြီး လေးမျိုးသတ်မှတ်ထားတယ်။

> ❖ မူပိုင်ခွင့်နဲ့ပတ်သက်ပြီးပြောရရင် တော်တော်ပဲကျယ်ပြန့်တယ်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနဲ့ စာစောင်တွေ တစ်နည်း စာနယ်ဇင်းအသီးသီးမှာဖော်ပြခဲ့တဲ့ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာစတဲ့ စာမူတွေ၊ ပန်းချီသရုပ်ဖော်ပုံတွေ၊ ခေါင်းစီးစာသားတွေအားလုံးကို မူလစာရေးဆရာ၊ ဆရာမ၊ ပန်းချီဒီဇိုင်းဆရာတွေကသာ မူပိုင်ခွင့်ရှိကြတယ်။ လုံးချင်းစာအုပ်တွေလဲ အဲဒီအတိုင်းပဲ။ မူပိုင်ခွင့်ရှိသူတိုင်းဟာ သူတို့ရဲ့ စာမူ၊ စာအုပ်ကို အကုန်လုံးဖြစ်ဖြစ်၊ တစ်စိတ်တစ်ဒေသကိုဖြစ်ဖြစ် အခြားတစ်ဦးဦးကို လွှဲပြောင်းရောင်းနိုင်တယ်။ မူပိုင်ခွင့်သက်တမ်းကတော့ မူပိုင်ရှင်ကွယ်လွန်ပြီး နှစ်ပေါင်း ၅၀ ထိ ရှိတယ်။ ❖

ဉာဏပစ္စည်းမူပိုင်ခွင့်ဟာ တခြားပစ္စည်းမူပိုင်ခွင့်တွေလိုပဲ တီထွင်ဖန်တီးသူ ဒါမှမဟုတ် ပိုင်ရှင်တွေလိုပဲ အကျိုးခံစားခွင့်ရှိတယ်။ အဲဒီလို အခွင့်အရေးနဲ့ခံစားခွင့်ကို နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာပဋိညာဉ်စာတမ်း(၂၇)မှာ တရားဝင်ဖော်ပြထားတယ်။ စက်မှုလုပ်ငန်းဆိုင်ရာတီထွင်မှုမူပိုင်ခွင့်တွေကို ကာကွယ်စောင့်ရှောက်ပေးဖို့ ၁၈၈၃ ခုနှစ်က ချုပ်ဆိုခဲ့တဲ့ ပဲရစ်စာချုပ်နိုင်ငံတကာစာချုပ်က အကာအကွယ်ပေးခဲ့တယ်။ ၁၈၈၆ ခုနှစ်က ချုပ်ဆိုခဲ့တဲ့ ဘန်းနိုင်ငံတကာစာချုပ်က စာပေမူပိုင်ခွင့်နဲ့ အနုပညာလက်ရာတွေ တီထွင်ထုတ်လုပ်ထားမှုဆိုင်ရာ မူပိုင်ခွင့်တွေကို ကာကွယ်စောင့်ရှောက်ပေးခဲ့တယ်။

အဲဒီနောက်ပိုင်းမှာ နည်းပညာတွေဖွံ့ဖြိုးတိုးတက်လာတော့ "ကမ္ဘာ့ဉာဏပစ္စည်းအဖွဲ့ကြီး" The World Intellectual Property Organization (WIPO) ကို ၁၉၇၀ ပြည့်နှစ်မှာစတင်ဖွဲ့စည်းခဲ့တယ်။ တို့မြန်မာနိုင်ငံက ၂၀၀၁ ခုနှစ် မေ ၁၅ ရက်မှာ WIPO အဖွဲ့ဝင်နိုင်ငံအဖြစ်ဝင်ရောက်ခဲ့တယ်။ အဲဒီနောက် World Trade Organization (WTO)နဲ့ WIPO တို့ချုပ်ဆိုတဲ့ Agreement On Trade Related Aspect of Intellectual Property Rights သဘောတူစာချုပ်အရ အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်တွေကို အကာအကွယ်ပေးဖို့ ဥပဒေတွေ ရေးဆွဲနေကြတယ်ကွ။ ဒါကြောင့် မူပိုင်ခွင့်အလုပ်ရုံဆွေးနွေးပွဲတွေနဲ့ နှီးနှောဖလှယ်ပွဲတွေကို ကျင်းပနေကြတာပေါ့ကွာ။

အဲဒီမူပိုင်ခွင့်တွေနဲ့ပတ်သက်ပြီး အများဆုံးအသုံးပြုနေကြတာကတော့ ကုန်အမှတ်တံဆိပ် (Trade Mark) ပဲကွ။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၈၂၊ ၄၈၃၊ ၄၈၅၊ ၄၈၆ တွေအရ ကုန်အမှတ်တံဆိပ်ကို တုပသုံးစွဲရင် ပြစ်မှုကြောင်းအရ အရေးယူနေကြသလို သီးခြားသက်သာခွင့်ဥပဒေအရ တရားမကြောင်းနဲ့ တားဝရမ်းထုတ်ပြီး နစ်နာကြေးတောင်းဆိုနိုင်တယ်။ စာပေအနုပညာဆိုင်ရာမူပိုင်ခွင့်(Copy Right)နဲ့ပတ်သက်လို့ကတော့ ၁၉၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်မှာ စတင်ပြဋ္ဌာန်းခဲ့တဲ့ ၁၉၁၄ ခုနှစ် မြန်မာနိုင်ငံမူပိုင်ခွင့်အက်ဥပဒေ(Myanmar Copyright Act 1914) ကို ၂၀၁၉ ခုနှစ် မေ ၂၄ ရက်က ရုပ်သိမ်းပယ်ဖျက်လိုက်ပြီး အဲဒီနေ့မှာ **"စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ"** အသစ်ကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီး အသစ်ပြဋ္ဌာန်းလိုက်ပြီကွ။

၁၉၁၄ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ မူပိုင်ခွင့်အက်ဥပဒေပုဒ်မ-၇၊ ၈၊ ၁၀ နဲ့ ပြစ်မှုထင်ရှားတွေ့ရှိရင် ကော်ပီတစ်ခုကို ငွေကျပ် ၂၀ ကနေ ငွေကျပ် ၅၀၀ ထက် မပိုတဲ့ဒဏ်ငွေ ချမှတ်နိုင်တယ်။ ဒုတိယအကြိမ်ထပ်မံကျူးလွန်ရင် အလုပ်မဲ့ထောင်ဒဏ်တစ်လထိဖြစ်ဖြစ်၊ ဒဏ်ငွေကျပ် ၁၀၀၀ ထိဖြစ်ဖြစ်၊ ပြစ်ဒဏ်နှစ်ရပ်စလုံးဖြစ်ဖြစ် ချမှတ်နိုင်တယ်လို့ ပြဋ္ဌာန်းထားတယ်။ ပြစ်မှုကျူးလွန်ထားမှန်းသိနေတဲ့ပစ္စည်းတွေကို လက်ထဲမှာထားရှိရင် ဒဏ်ငွေကျပ် ၅၀၀ ထိ တပ်ရိုက်နိုင်တယ်။ မူပိုင်ခွင့်ချိုးဖောက်သူကို အပြစ်ပေးပေး၊ မပေးပေး ကျူးလွန်တဲ့ပစ္စည်းတွေကို သိမ်းဆည်းနိုင်တယ်။ ဖျက်ဆီးလို့ရသလို မူပိုင်ရှင်ကိုလဲ လွှဲပြောင်းပေးနိုင်တယ်။ ဒဏ်ငွေတွေနဲ့ ပြစ်ဒဏ်တွေက လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၉ နှစ်လောက်က ပြဋ္ဌာန်းခဲ့တာဆိုတော့ ဒီနေ့ခေတ်ကာလနဲ့ဆို တော်တော်ကွာနေတယ်ကွ။

ကွာနေတယ်ဆိုပေမဲ့ အဲဒီခေတ်ကာလက ရွှေနေ့နဲ့ တရားစရိတ်ငွေကို ၁၇ ကျပ်ကနေ ၃၄ ကျပ်ပဲ သတ်မှတ်ထားတယ်။ ၁၇ ကျပ်ဟာ ရွှေတစ်ကျပ်သားနဲ့ ညီတယ်။ ၃၄ ကျပ်ဟာ ရွှေနှစ်ကျပ်သားနဲ့ညီတယ်။ ဒါကြောင့် ဒဏ်ငွေကျပ် ၅၀၀ ဆိုရင် ရွှေ ၂၉ ကျပ်သားကျော်ရတယ်။ ဒဏ်ငွေကျပ်တစ်ထောင်ဆိုရင် ရွှေ ၆၀ ကျပ်သားလောက်ရတယ်။ ဒါကြောင့် အခုဥပဒေအသစ်မှာ မူပိုင်ခွင့်ကျူးလွန်ကြောင်းထင်ရှားရင် သုံးနှစ်ထက်မပိုတဲ့ ထောင်ဒဏ်ဖြစ်ဖြစ်၊ ငွေကျပ်သိန်း ၃၀ ထက်မနည်းတဲ့ငွေဒဏ်ဖြစ်ဖြစ်၊ ဒဏ်နှစ်ရပ်လုံးဖြစ်ဖြစ် ချမှတ်ရမယ်လို့ ပြဋ္ဌာန်းထားတယ်။ ဒ့ပြင် မူပိုင်ခွင့်ဥပဒေအရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် အဲဒီပြစ်မှုကို ထပ်မံကျူးလွန်ကြောင်းထင်ရှားရင် အနည်းဆုံး သုံးနှစ်ကနေ အများဆုံး ၁၀ နှစ်ထက်မပိုတဲ့ ထောင်ဒဏ်ချမှတ်ရမဲ့အပြင် ငွေကျပ်သိန်း ၁၀၀ ထက်မပိုတဲ့ငွေဒဏ်လဲ ချမှတ်နိုင်တယ်လို့ ပြဋ္ဌာန်းထားတယ်ကွ။

မူပိုင်ခွင့်နဲ့ပတ်သက်လို့ ပြစ်မှုကြောင်းအရ တရားစွဲဆိုဖို့ ကာလစည်းကမ်းသတ်မှတ်ကာလ သတ်မှတ်ချက်မရှိပေမဲ့ တရားမကြောင်းအရ စွဲဆိုမယ်ဆိုရင် မူပိုင်ခွင့်ဖောက်ဖျက်တဲ့နေ့ကနေ သုံးနှစ်အတွင်းစွဲဆိုမှရတယ်ကွ။ ဒီနေရာမှာ စာပေမူပိုင်ခွင့်ဟာ ရှုပ်ထွေးမှုအများဆုံးပဲကွ။ စာအုပ်၊ စာပေ၊ စာတမ်း တစ်မျိုးမျိုးကို ရေးသားပြုစုသူဟာ အဲဒီစာပေရဲ့ ပထမဆုံးမူပိုင်ရှင်ပဲကွ။ ဒါပေမဲ့ အခစားအလုပ်သမားအဖြစ်၊ အလုပ်သင်အဖြစ်လုပ်ကိုင်နေရင်းက ရေးသားခဲ့တာဆိုရင် စာပေမူပိုင်ခွင့်ကို အလုပ်ရှင်က ရနိုင်တယ်။ အလုပ်ရှင်မရနိုင်တာက အယ်ဒီတာရဲ့အတတ်ပညာနဲ့ရေးသားထားတာမျိုးတွေကို မရနိုင်ဘူး။ ဘာကြောင့်လဲဆိုရင် အယ်ဒီတာဆိုတာက အလုပ်သင်မဟုတ်ဘဲ စာပေပညာရှင်ဖြစ်နေလို့ပဲကွ။

အဲဒီနေရာမှာ တစ်ခုသတိထားကြရမှာက ကိုယ်ပိုင်လေ့လာဖို့၊ သုတေသနပြုလုပ်ဖို့၊ ဝေဖန်ဖို့ ဖြန့်ဝေတာတွေနဲ့ သတင်းစာမှာ အကျဉ်းချုပ်ဖော်ပြတာတွေဟာ မူပိုင်ခွင့်ကိုထိပါးတာမဟုတ်ဘူးလို့ ခြွင်းချက်ပေးထားတာပဲကွ။"

"ငါ သိနေ၊ မြင်နေ၊ ဖတ်ရှုနေရတာကတော့ စာအုပ်တစ်အုပ်လုံးကို "၏၊ သည်၊ ၍"လေးတွေပြောင်း၊ **"သံတူကြောင်းကွဲ ကူးရေးပြီး ထုတ်ဝေနေကြတာတွေ"**ဟာ မူပိုင်ခွင့်ချိုးဖောက်နေကြတာပဲကွ။ မင်းပြောသလို ဥပဒေနဲ့သာ အရေးယူမယ်ဆိုရင် မင်းတို့စာပေလောကထဲမှာရှိတဲ့ **"စာကူး၊ စာပြောင်း"** တွေ တော်တော်များများဟာ အရှုံ့တကွဲကိုယ်ကျိုးနည်းဖြစ်သွားကြမှာ သေချာတယ်ကွ"

"ဒါကြောင့်လဲ ကွယ်လွန်သွားကြရှာတဲ့ စာပေပညာရှင်ကြီးတွေရဲ့မိသားစုတွေက **"မူပိုင်ခွင့်"** ရှိတာကို ကြေညာနေကြသလို မူပိုင်ခွင့်ထိန်းသိမ်းရေး၊ စောင့်ရှောက်ရေးကော်မတီကို ဖွဲ့စည်းထားကြတာပေါ့ကွာ။ စာရေးဆရာကြီး လင်းယုန်သစ်လွင်ရဲ့ စာမူထိန်းသိမ်းရေးကော်မတီ၊ ဆရာကြီးပီမိုးနင်း၊ ဆရာကြီးပါရဂူ၊ ဆရာဇော်ဂျီ၊ ဆရာမောင်ဆုရှင်စတဲ့ စာပေပညာရှင်ကြီးတွေရဲ့ စာမူထိန်းသိမ်းရေးကော်မတီတွေ ရှိနေတာပေါ့ကွာ။ တေးသီချင်းမှာလဲ နာမည်ကြီးတေးဆို၊ တေးရေးတွေရဲ့မူပိုင်ခွင့်ကို ကြေညာသတိပေးထားတယ်ကွ။ ဒါပေမဲ့ တချို့စာပေပညာရှင်ကြီးတွေရဲ့ စာမူတွေကိုတော့ အဆင့်ဆင့် ခိုးယူ၊ စာကူး၊ စာပြောင်းလုပ်ပြီး ထုတ်ဝေနေကြတာပဲကွ။

ဒါကလဲ မူပိုင်ရှင်တွေက မသိကြလို့ပါ။ သိကြရင်တော့ အရေးယူမှာပေါ့ကွာ"

"အရေးယူတာတွေ ရှိသလားကွ။ ရှိရင် ပြောပြစမ်းပါအုံးကွာ"

"အများကြီးရှိခဲ့တာပေါ့ကွာ။ တချို့ဆိုရင် ဗဟိုတရားရုံးထိ ရောက်ခဲ့ကြတယ်။ စာပေနယ်ထဲကဖြစ်ရပ်တွေကိုပြောပြရရင် **"ဆရာကြီးရွှေဥဒေါင်း"**ရဲ့ **"ရတနာပုံဝတ္ထုကြီး"**ကို ပိုင်ရှင်ရဲ့ခွင့်ပြုချက်မရဘဲ ရတနာပုံအမည်နဲ့ ရုပ်ရှင်ရိုက်ကူးမှု၊ **"စာရေးဆရာ ဒါရိုက်တာ သာခ"**ရဲ့ **"ချစ်ခံနှမဝတ္ထု"**ကို ရန်ကုန်ရုပ်ရှင်က ပိုင်ရှင်ရဲ့ ခွင့်ပြုချက်မရဘဲ ရိုက်ကူးမှု၊ **"စာရေးဆရာမကြီး (ဒေါ်)ခင်ခင်လေး"** ရဲ့ **"ဂုဏ်မြင့်သူဝတ္ထု"** ကို အခြေခံပြီး မင်းသားကြီး ဦးကျော်ဆွေက **"မုံမော"** အမည်နဲ့ရုပ်ရှင်ရိုက်ကူးမှု၊ **"ဆရာ တက္ကသိုလ်ခင်မောင်အေး"**ရဲ့ဝတ္ထုကို ဒါရိုက်တာဝင်းဖေက **"နှင်းဆီနီအိပ်မက်"**အမည်နဲ့ ရုပ်ရှင်ရိုက်ကူးမှု၊ **"စာရေးဆရာမောင်စနိုယ"**ရဲ့ **"ဓါးပိုက်နှိုက်"** ဝတ္ထုကို အကယ်ဒမီမင်းသားကြီး(ဦး)ကျော်ဟိန်းက **"မှန်းတည်ရိုက်စွင်နေဝင်သည်"**အမည်နဲ့ရုပ်ရှင်ရိုက်ကူးမှုတွေဟာ မူပိုင်ခွင့်ဖောက်ဖျက်မှုနဲ့အမှုဖွင့်ရင်ဆိုင်ဖြေရှင်းခဲ့ကြရတယ်။

ပန်းချီမူပိုင်ခွင့်နဲ့ပတ်သက်လို့ **"ပန်းချီရော"**က သူ့နာမည်ကို အသုံးမပြုကြဖို့ မူပိုင်အဖြစ် ၁၉၈၄ ခုနှစ် ဇွန် ၁၉ ရက်က ကြေးမုံသတင်းစာမှာ ကြေညာခဲ့သလို **"ပန်းချီမြင့်သိန်း"**ကလဲ သူ့ရုပ်ပြကို သူမသိဘဲ ရုပ်ရှင်ရိုက်ကူးလို့ ၁၉၈၄ ခုနှစ် ဇွန် ၁ ရက်ထုတ် ဗိုလ်တထောင်သတင်းစာမှာ ကြေညာခဲ့တယ်။ **"လှလင်ပန်းချီမောင်ငြိမ်းချမ်း"**ကလဲ ၁၉၈၄ ခုနှစ် ဇူလိုင် ၆ ရက်ထုတ် ကြေးမုံသတင်းစာမှာ တားမြစ်ကြေညာချက်ထုတ်ပြန်ခဲ့သလို **"ပန်းချီစိန်မြင့်"**ကလဲ သူ့ရုပ်ပြဇာတ်ဆောင် **"နေမင်းအုပ်"**ကို သူ့မူပိုင်အဖြစ် ၁၉၈၅ ခုနှစ် ဇန်နဝါရီ ၈ ရက်ထုတ် ကြေးမုံသတင်းစာမှာ ကြေညာခဲ့တယ်။

နာမည်ကြီး **"ကျောက်စဲ"**သီချင်းနဲ့ပတ်သက်လို့ **"ကဗျာဆရာ မျိုးမြင့်ဆွေ"**ရဲ့ကဗျာကို အမြီးနုတ်၊ ခေါင်းနုတ်လုပ်ထားတာကို ဖွင့်ပြရှင်းလင်းခဲ့ကြတာ နိုင်ငံကျော်သွားခဲ့ရတယ်။ တေးသီချင်းနဲ့ပတ်သက်လို့ မူပိုင်ခွင့်တွေကတော့ အခုနောက်ပိုင်းမှာ အများကြီး

စာမျက်နှာ ၅ သို့ ➤

## လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေဖြစ်ပွားနိုင်မှုကိုလည်း လျော့ချပေးနိုင်ပါတယ်။

## ရန်ကုန်တိုင်းဒေသကြီးတွင် ယခုနှစ် ဇန်နဝါရီလအတွင်း နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ရှစ်ခုကို ခွင့်ပြုခဲ့

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီးတွင် ယခုနှစ်ဇန်နဝါရီလအတွင်း နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ရှစ်ခုကို လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအတွင်းရေးမှူး ဦးညီညီမင်းက ပြောပြ၍ သိရသည်။



အဆိုပါ လုပ်ငန်းသစ်ရှစ်ခု၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၆ ဒသမ ၃၉၉ သန်းရှိကြောင်း၊ ၎င်းလုပ်ငန်းများတွင် ပြည်တွင်းလုပ်သား ၆၅၅၁ ဦး အလုပ်အကိုင်ရရှိမည်ဖြစ်ပြီး လုပ်ငန်းများမှာ စက်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းများဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇန်နဝါရီ ၃၀ ရက်မှာ ကျင်းပခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး(၁/၂၀၂၄)ကနေ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ရှစ်ခုကို အတည်ပြုခွင့်ပြုပေးခဲ့ပါတယ်။ အတည်ပြုပေးခဲ့တဲ့ လုပ်ငန်းတွေကတော့ CMP စနစ် နဲ့ Wearing Apparel အမျိုးမျိုး ချုပ်လုပ်တဲ့လုပ်ငန်း၊ ပလတ်စတစ်အိတ်အမျိုးမျိုးထုတ်လုပ်ရောင်းချတဲ့လုပ်ငန်း၊ ရော်ဘာသစ်အချောထည်တွေထုတ်လုပ်ပြီးတော့ ပြည်ပတင်ပို့တဲ့လုပ်ငန်းနဲ့ အထည်ချုပ်လုပ်ငန်းတွေမှာ အသုံးပြုတဲ့ Carton Box တွေ ထုတ်လုပ်ရောင်းချတဲ့လုပ်ငန်းတွေပဲ ဖြစ်ပါတယ်"ဟု အတွင်းရေးမှူး ဦးညီညီမင်းက ပြောပြသည်။

အဆိုပါကာလအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များအပါအဝင် လည်ပတ်လျက်ရှိသည့်လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏတိုးမြှင့်ခြင်း၊ လုပ်သားအင်အားတိုးမြှင့်ခြင်းတို့လည်းရှိခဲ့ကြောင်း သိရသည်။

ASH

## အဖော်

\- ပန်းဗေဒါ ဗေဒါပွင့်လိုပ
ကမ်းခြေမှာ နေစရာအခွင့်မသာလို့
ရွက်လွှင့်ရ ပေဦးမယ်။

\- မိုးမုန်တိုင်းတွေက
ရစ်သိုင်းကာ တမှုန်မှုန်နဲ့
ရွာမယ်ပုံ တွင်တွင်ခြိမ်းလေတော့
ယိမ်းထိုးကာ သစ်ပင်အုပ်တွေလဲ
သဲသဲရှုတ် ထိတ်စဖွယ်။

\- မလွမ်းတတ်ပြီဘူး
ကမ်းစပ် ငွေသောင်ပြင်၌
ဟိုယခင် စီရီထွေးပါတဲ့
ငွေအသွင် ခရုလေးတွေလဲ
ခုပြေးပြီ ဘယ်စခန်းဆီသို့
မျှော်မှန်းလို့ မဖွေသာတယ်
လှေငယ်က လိမ့်လိမ့်လူး။

\- ဖော်မမိုး
ထီးတည်း တစ်ကိုယ်ငယ်မင့်
အလိုကွယ် ဘယ်မရွံ့ပါဘူး
စွန့်စားမယ် ငါလူသားရယ်လို့
ဝင့်ကြွား သည်လိုမြင်တော့
ရှစ်ခွင်နယ် မာန်စွယ်အငြိုးတွေနဲ့
မြစ်ပြင်ဝယ် ထန်မယ်မစိုးတဲ့ပြင်
မိုးကြိုး ဘယ်လိုမှောင်လဲ
လျှပ်ရောင်ကို အဖော်လုပ်ပါ့မယ်
နောက်ဆုတ်ပါဘူး။ ။

**မြင်းမူမောင်နိုင်မိုး**

➤ စာမျက်နှာ ၄ မှအဆက်

ပါပဲကွာ။ ကမ္ဘာ့ဘောလုံးပြိုင်ပွဲမှာနာမည်ကြီးခဲ့တဲ့ "**ရှာကီရာ**"ရဲ့ "**ဝါကာဝါကာ**"သီချင်းရဲ့မူပိုင်ခွင့်မှာ ပြဿနာဖြစ်ခဲ့ကြသလို အဲဒီသီချင်းကိုပဲ ဒီမှာ(×××××)က ပြန်ဆိုတော့ တေးရေးသူနဲ့ မူပိုင်ခွင့်ပြဿနာဖြစ်ခဲ့သေးတယ်မဟုတ်လား။

စာပေမူပိုင်ခွင့်နဲ့ပတ်သက်လို့ ထင်ရှားတဲ့စီရင်ထုံးတစ်ခုရှိခဲ့တယ်ကွ။ "**ဦးလှဝင်းပါ(၂)နှင့် ဒေါ်ကြည်ကြည် (စ) စာရေးဆရာမ ယဉ်ဝေလွင်၊ ၁၉၉၉ ၅၅၈ဘီ၊ မတ၊ ၈၁–၂၀၈**"ပဲကွ။ မူပိုင်ခွင့်ရရှိထားသူရဲ့ သဘောတူညီချက်မရရှိဘဲ တစ်ဦးတစ်ယောက်က မူပိုင်ခွင့်ရရှိသူရဲ့ အခွင့်အရေးကို အသုံးပြုရင် ပုဒ်မ-၂(၁)အရ မူပိုင်ခွင့်ကို ချိုးဖောက်တယ်လို့ မှတ်ယူရတယ်။ ဗီဒီယိုထုတ်လုပ်ရေးပိုင်ရှင် ဦးလှဝင်း၊ ဒေါ်လှလှမူတို့ဟာ မူပိုင်ခွင့်ရရှိထားသူ အယူခံတရားပြိုင် ဒေါ်ကြည်ကြည်ရဲ့ ခွင့်ပြုချက်မရရှိဘဲ "**မှိုင်းဝေရစ်တဲ့ ကော်သစွာ**"ဝတ္ထုဇာတ်လမ်းကို "**မှိုင်းဝေရစ်သော ကော်သစွာ**"လို့ အမည်ပြောင်းပြီး ဗီဒီယိုရိုက်ကူးထားတာဟာ မူပိုင်ခွင့်ကို ချိုးဖောက်တာပဲလို့ ထုံးဖွဲ့ထားခဲ့တယ်ကွ။

အဲဒီလိုပဲ ဗဟိုတရားရုံးက စီရင်ဆုံးဖြတ်ခဲ့တဲ့ ကုန်အမှတ်တံဆိပ် (Trade Mark )အမှုမှာလဲ (John Walker & Son's Co;Ltd Vs U Than Shwe 1968 B.L.R (CC) P.T3) မှာ သူတစ်ပါးရဲ့တံဆိပ်နဲ့တူပေမဲ့ ကွဲပြားတဲ့ကုန်အမျိုးအစားဆိုရင် သုံးစွဲခွင့်ရှိတယ်။ မူရင်းက "**ဝီစကီ**"အဖြစ် အသုံးပြုထားတဲ့ ဂျော်နီဝါကားတံဆိပ်ကို အခြားသူက "**သွေးဆေး**"အဖြစ် အသုံးပြုလို့ရတယ်လို့ ဆုံးဖြတ်ထားတယ်ကွ။ ဆိုလိုတာကကွာ နာမည်ကြီးနေတဲ့ ပုဆိုးကုန်အမှတ်တံဆိပ်ကိုအတုခိုးပြီး ပုဆိုးအသစ်ဆို ကြော်ငြာရောင်းချနေကြရင်တော့ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ကို ချိုးဖောက်တာပဲကွ။ နာမည်ကြီး "**ကောသီပန်**"သွေးပုပ်ချဆေးရဲ့ နာမည်ကိုယူပြီး သွေးသန့်ဆေးရယ်လို့ ကြေညာရောင်းချရင်လဲ မူပိုင်ခွင့်ကို ချိုးဖောက်တာပဲကွ"

"မူပိုင်ခွင့်ပြဿနာက တော်တော်ကျယ်ပြန့်တာပဲနော်။ ထိထိရောက်ရောက်သာ အရေးယူလိုက်ကြရင်တော့ မူပိုင်ခွင့်ချိုးဖောက်မှုတွေ တော်တော်ပဲ ပေါ်ပေါက်လာမှာပဲကွ"

"ဒါကြောင့်လဲ မှတ်ပုံတင်ရုံးမှာ မူပိုင်ခွင့်မှတ်ပုံတင်ပြီး ကြေညာနေကြတာပေါ့ကွာ။ မူပိုင်ခွင့်ရဲ့ အကျိုးကျေးဇူးက မူလအစစ်အမှန်အတွက် တန်ဖိုးတက်ပြီး စံချိန်စံညွှန်းမီအရည်အသွေးကောင်းတွေကို ထုတ်လုပ်နိုင်သလို အသုံးပြုသူတိုင်းအတွက်လဲ ကောင်းကျိုးကိုသာ ခံစားကြရတယ်။ အမိကအနေနဲ့ မူပိုင်ကုန်အမှတ်တံဆိပ်ရှိတဲ့ကုန်ပစ္စည်းကို သုံးစွဲကြရင် ဝန်ဆောင်မှုကို စိတ်ချလက်ချလက်ခံသုံးစွဲနိုင်ကြတယ်။ ပုံတူကူးထားတာတွေ၊ ဆင်တူယိုးမှားအတုအပတွေကိုလဲ တားဆီးကာကွယ်နိုင်တယ်။ **မူပိုင်ခွင့်ဟာ ဖန်တီးသူနဲ့စားသူ နှစ်ဦးနှစ်ဝအကျိုးမျှစေတဲ့ အမှန်အကန် အပြန်အလှန်တုံ့ပြန်ကျေးဇူးပြုမှုဆိုရင် မမှားဘူးကွ**"

"ဟုတ်တယ်ကွ။ အတုအပတွေ၊ စာကူးစာပြောင်းတွေ၊ ဆင်တူယိုးမှားသူခိုးငတက်ပြားတွေရဲ့ ရန်စွယ်အန္တရာယ်က ကြိုတင်ကာကွယ်ကြဖို့အတွက် ကိုယ်ခံလက်နက်ကောင်းဟာ မူပိုင်ခွင့်ဆိုတာ ငါနားလည်သွားပါပြီကွာ။ ငါနောက်ဆုံးအနေနဲ့ အကြံဉာဏ်ပေးချင်တာတစ်ခုရှိတယ်ကွ"

"ဘာအကြံဉာဏ်လဲကွ"

"မင်းတို့စာရေးဆရာ၊ ဆရာမတွေ စာပေဟောပြောကြတဲ့နေရာမှာလဲ တစ်ယောက်ဟောပြီးသားကို တစ်ယောက်က လိုက်ဟောပြောနေကြတော့ စာချစ်သူတွေ နားထောင်ရတာထပ်နေလို့ ရိုးအီလာတာပေါ့ကွာ။ ဒီတော့ကား ဟောပြောပွဲမူပိုင်ခွင့်ထားကြဖို့ လိုနေပြီကွ"

"မင်းပြောတာကို ငါလဲလက်ခံတယ်ကွ။ အခုပြဋ္ဌာန်းခဲ့တဲ့ ဥပဒေအသစ်၊ အခန်း(၇) အကာအကွယ်ပေးရမည့်မူပိုင်ခွင့်ထဲမှာ "**ပြောကြားချက်၊ ပို့ချချက်၊ မိန့်ခွန်း၊ ဓမ္မဟောကြားချက်နှင့် အခြားဟောပြောချက်များ**"ပါလာပြီကွ။ ငါ သိပ်သဘောကျတယ်ကွာ"

**ကိုးကား**

- **စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ(အသစ်)**
- **WIPO နှင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၏ "ဉာဏပစ္စည်းဆိုတာဘာလဲ"နှင့် "ဉာဏပိုင်းဆိုင်ရာပစ္စည်း"နှစ်အုပ်**
- **ဦးမောင်မောင်ဝင်း၏ "စာနယ်ဇင်းသမားတို့သိဖွယ်ဥပဒေ"**

**မောင်ဖြိုးသူ(ကြို့ပင်ကောက်)**

## သရက်မြို့နယ် ပိသလိမ်းကျေးရွာ၌ မြေထိန်းနံရံတည်ဆောက်နေမှု စစ်ဆေး

**သရက် ဖေဖော်ဝါရီ ၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင်သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ဖြင့် ပိသလိမ်းကျေးရွာ၌ ကျောက်ကြီးစီမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၃၁ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးယုနိုင်လင်းနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ပိသလိမ်းကျေးရွာ၌ ကျောက်ကြီးစီ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

ပိသလိမ်းကျေးရွာ၌ အလျားပေ ၁၁၀၊ အနံ ခုနစ် ပေ၊ အမြင့်ကိုးပေရှိ ကျောက်ကြီးစီမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံ ငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ စုစုပေါင်းငွေကျပ်သိန်း ၁၈၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ်ဇန်နဝါရီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **စင်မာ**

# နိုင်ငံတကာ သတင်းများ

## ပင်လယ်နီအရှေ့ဘက်ခြမ်းသို့ စစ်သင်္ဘော ၁၂ စီးထိ အိန္ဒိယနိုင်ငံစေလွှတ်ထား



**ဒေလီ ဖေဖော်ဝါရီ ၁**

အိန္ဒိယနိုင်ငံသည် ကုန်တင်သင်္ဘောများကို ပင်လယ်ဓားပြရန်မှ ကာကွယ်ရေးအတွက် ပင်လယ်နီအရှေ့ပိုင်းသို့ စစ်သင်္ဘောအနည်းဆုံး ၁၂ စီးစေလွှတ်ထားကြောင်း အိန္ဒိယတာဝန်ရှိသူများက ဇန်နဝါရီ ၃၁ ရက်တွင် ပြောကြားခဲ့သည်။

အနောက်အုပ်စုနိုင်ငံများက ယီမင်အခြေစိုက် ဟူသီအုပ်စု၏တိုက်ခိုက်မှုများအား အာရုံစိုက်နေချိန်တွင် အိန္ဒိယရေတပ်က ဆိုမာလီယာ ပင်လယ်ဓားပြများ သောင်းကျန်းနေသော ပင်လယ်နီအရှေ့ခြမ်းသို့ စစ်သင်္ဘောများကို အလုံးအရင်းဖြင့် စေလွှတ်ထားခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံအနေဖြင့် အေဒင်ပင်လယ်ကွေ့တွင် စစ်သင်္ဘောနှစ်စီးတပ်စွဲထားပြီး အာရေးဗီးယန်းပင်လယ်အနောက်ပိုင်းနှင့် မြောက်ပိုင်းတို့၌ စစ်သင်္ဘော ၁၀ စီးတပ်စွဲထားကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ထို့ပြင် အထက်ရေပြင်ဒေသများ၌ အိန္ဒိယရေတပ်သင်္ဘောများသည် ရေယာဉ်ပေါင်း ၂၅၀ကျော်ကိုလည်း စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်းလည်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အေဒင်ပင်လယ်ကွေ့နှင့် အာရေးဗီးယန်းပင်လယ် မြောက်ပိုင်းနှင့် အနောက်ပိုင်းတို့တွင် အမေရိကန်၊ ပြင်သစ်နှင့် တရုတ်အပါအဝင် အင်အားကြီးနိုင်ငံများမှစစ်သင်္ဘောများရှိနေသော်လည်း အိန္ဒိယရေတပ် စစ်သင်္ဘောအရေအတွက်မှာ အများဆုံးဖြစ်သည်။

အိန္ဒိယရေတပ်၏ အဆိုအရ အေဒင်ပင်လယ်ကွေ့နှင့် အာရေးဗီးယန်းပင်လယ် မြောက်ပိုင်းနှင့် အနောက်ပိုင်းတို့တွင် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၁ရက်မှစ၍ သင်္ဘောပြန်ပေးဆွဲမှုပြန်ပေးဆွဲရန် ကြိုးပမ်းမှုပေါင်း ၁၇မှုထိ ရှိခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

## ရုရှားသမ္မတပူတင် ဖေဖော်ဝါရီ ၁၂ ရက်တွင် တူကီယဲနိုင်ငံသို့ သွားရောက်မည်

**အင်ကာရာ ဖေဖော်ဝါရီ ၁**

ရုရှားသမ္မတပူတင်သည် ဖေဖော်ဝါရီ ၁၂ ရက်တွင် တူကီယဲနိုင်ငံသို့ သွားရောက်၍ တူကီယဲသမ္မတ အာဒိုဂန်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း တူကီယဲတာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့ (နေတိုး) အုပ်စုဝင်နိုင်ငံ တစ်နိုင်ငံသို့သွားရောက်ရန် ရုရှားသမ္မတပူတင်က စီစဉ်ထားခြင်းဖြစ်သည်။

တူကီယဲနိုင်ငံသည် ပင်လယ်နက်ဒေသ၌ ရုရှားနိုင်ငံ၊ ယူကရိန်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေသောနိုင်ငံဖြစ်သည်။

သို့သော် တူကီယဲနိုင်ငံသည် ယူကရိန်းစစ်ပွဲ စတင်ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ရုရှားနှင့်ရော ယူကရိန်းနှင့်ပါ ဆက်ဆံရေးခိုင်မာစေရန်အတွက် ကြိုးပမ်းခဲ့သည်။

တူကီယဲနိုင်ငံသည် ယူကရိန်းစစ်ရေးပဋိပက္ခ ကာလအတွင်း ယူကရိန်းအတွက် စစ်ရေးအကူအညီများပေးခဲ့သော်လည်း ရုရှားနိုင်ငံကို အရေးယူပိတ်ဆို့မှုများ ပြုလုပ်ရေးကို ဆန့်ကျင်ထားသောနိုင်ငံဖြစ်သည်။

ထို့ပြင် တူကီယဲနိုင်ငံသည်ရုရှားနိုင်ငံနှင့် စီးပွားရေးဆက်ဆံမှု အထူးသဖြင့် ခရီးသွားလုပ်ငန်း၊ သဘာဝဓာတ်ငွေ့လုပ်ငန်း၊ကောက်ပဲသီးနှံနှင့် အခြားစိုက်ပျိုးရေးထုတ်ကုန်များကုန်သွယ်မှုနယ်ပယ်တို့၌ ဆက်ဆံရေးခိုင်မာသောနိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## ဘရစ်အုပ်စု၌ အဖွဲ့ဝင်အဖြစ်ပါဝင်ရေး အီရန်အပါအဝင် နိုင်ငံငါးနိုင်ငံ အတည်ပြုထားကြောင်း တောင်အာဖရိကနိုင်ငံခြားရေးဝန်ကြီး ပြောကြား

**ဂျိုဟန်နက်စဘတ် ဖေဖော်ဝါရီ ၁**

ဘရစ်အုပ်စု (ဘီအာရ်အိုင်စီအက်စ်)၌ အဖွဲ့ဝင်အဖြစ် ပါဝင်ရန် ဖိတ်ကြားခံထားရသည့် နိုင်ငံများအနက် ငါးနိုင်ငံတို့က အတည်ပြုထားကြောင်း တောင်အာဖရိက နိုင်ငံခြားရေးဝန်ကြီး နာလီဒီပင်ဒေါက ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဘရစ်အုပ်စုအဖွဲ့၌ ပါဝင်ရေး ဖိတ်ကြားချက်အား လက်ခံမှုကို အီဂျစ်၊ အီသီယိုးပီးယား၊ အီရန်၊ ဆော်ဒီအာရေဗျနှင့် အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)နိုင်ငံတို့က အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း တောင်အာဖရိကနိုင်ငံခြားရေးဝန်ကြီး၏ အဆိုအရ သိရသည်။

ဘရစ်အုပ်စုသည် တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့၌ ပြီးခဲ့သည့်နှစ် ဩဂုတ်လတွင် ကျင်းပခဲ့သည့် ဘရစ်အုပ်စုထိပ်သီးညီလာခံတွင် အဆိုပါနိုင်ငံ ငါးနိုင်ငံနှင့် အာဂျင်တီးနားတို့ကို အဖွဲ့ဝင်အဖြစ်ပါဝင်ရန် ဘရစ်အုပ်စုက ဖိတ်ခေါ်ထားခြင်းဖြစ်သည်။

ဖိတ်ခေါ်ထားသည့် နိုင်ငံခြောက်နိုင်ငံအနက် အာဂျင်တီးနားနိုင်ငံက ဘရစ်အုပ်စု၌ ပါဝင်ဦးမည်မဟုတ်ကြောင်း ပြောကြားထားပြီးဖြစ်သည်။

ဘရစ်အုပ်စုကို ဘရာဇီး၊ ရုရှား၊ တရုတ်၊အိန္ဒိယနှင့် တောင်အာဖရိကနိုင်ငံတို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

ဘရစ်အုပ်စုကို အဖွဲ့ဝင်အင်အားချဲ့ထွင်ခြင်းဖြင့် ခေတ်နောက်ကျနေပြီဖြစ်သော နိုင်ငံတကာဖွဲ့စည်းခင်းကျင်းမှုပုံစံကို အပြောင်းအလဲပြုလုပ်ရာတွင် အထောက်အကူပြုနိုင်သည်ဟု ဘရစ်အုပ်စုက ယူဆထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## မြောက်ကိုရီးယား ကိုယ်စားလှယ်အဖွဲ့ ရုရှားနိုင်ငံသို့ သွားရောက်မည်

**မော်စကို ဖေဖော်ဝါရီ ၁**

မြောက်ကိုရီးယား အစိုးရကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့သည် လာမည့် ဖေဖော်ဝါရီ ၁၃ ရက်တွင် ရုရှားအောက်လွှတ်တော်သို့ အလည်အပတ်လာရောက်မည်ဖြစ်ကြောင်း ရုရှားပြည်တွင်း မီဒီယာများက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ထို့နည်းတူ ရုရှားလွှတ်တော်ကိုယ်စားလှယ် အဖွဲ့တစ်ဖွဲ့သည်လည်း ယခုနှစ် မတ်လအတွင်း မြောက်ကိုရီးယားသို့ သွားရောက်မည်ဖြစ်ကြောင်း ရုရှားကွန်မြူနစ်ပါတီလွှတ်တော်အမတ် ကက်ဇ်ဘက်ခ်တေဆာအက်ဗ်က ရုရှားမီဒီယာများသို့ ထုတ်ဖော်ပြောကြားထားသည်။

ရုရှားနိုင်ငံသည် အမေရိကန်နိုင်ငံနှင့်ဆက်ဆံရေး ပြေလည်ခြင်းမရှိသည့် မြောက်ကိုရီးယားနှင့်အီရန်ကဲ့သို့နိုင်ငံများနှင့် ဆက်ဆံရေးမြှင့်တင်လျက်ရှိသည်။

ရုရှားသမ္မတပူတင် ကိုယ်တိုင်သည် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်၏ အလည်အပတ်လာရောက်ရေးဖိတ်ကြားချက်ကို ပြီးခဲ့သည့်နှစ်အတွင်း လက်ခံထားပြီးဖြစ်သည်။

သမ္မတပူတင်အနေဖြင့် မကြာမီကာလအတွင်း မြောက်ကိုရီးယားသို့ သွားရောက်နိုင်ကြောင်း ရုရှားအစိုးရပြောရေးဆိုခွင့်ရှိသူက ပြောကြားထားသည်။

ယူကရိန်းစစ်ပွဲတွင် အသုံးပြုရေးအတွက် ရုရှားနိုင်ငံကို မြောက်ကိုရီးယားက အမြောက်ကျည်များပေးပို့နေသည်ဟူသော အမေရိကန်နိုင်ငံ၏စွပ်စွဲချက်ကို ရုရှားနိုင်ငံနှင့် မြောက်ကိုရီးယားတို့က ငြင်းပယ်ထားသည်။

Ref : RT
Trs : KKO

## ရုရှားနှင့်ယူကရိန်း အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်မှုပြုလုပ်

**မော်စကို ဖေဖော်ဝါရီ ၁**

ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သည် ဇန်နဝါရီ ၃၁ ရက်တွင် အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်မှုပြုလုပ်ခဲ့ရာ နှစ်ဖက်အကျဉ်းသား ဦးရေ ၄၀၀ တို့ ပြန်လည်လွတ်မြောက်လာခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၃၁ရက် အကျဉ်းသားချင်းအပြန်အလှန်လဲလှယ်မှုအတွင်း ယူကရိန်းနှင့်ရုရှား နှစ်ဖက်စလုံးက အကျဉ်းသား ၁၉၅ ဦးစီ ပြန်လွှတ်ပေးခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

သို့သော် ယူကရိန်းသမ္မတ ဇီလန်စကီး၏အဆိုအရ အဆိုပါ အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်ရာတွင် ယူကရိန်းအကျဉ်းသား ၂၀၇ ဦး ပြန်လည်လွတ်မြောက်လာကြောင်း သိရသည်။



ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သည် ရုရှားလေတပ်မှ အီလူးရှင်း-၇၆ သယ်ယူပို့ဆောင်ရေးလေယာဉ်ပျက်ကျခဲ့ပြီးနောက် ဇန်နဝါရီ ၃၁ ရက် အကျဉ်းသားချင်းလဲလှယ်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီ ၂၄ ရက်တွင် ရုရှားနိုင်ငံ ဘယ်လ်ဂိုရော့ဒ်ဒေသ၌ ပျက်ကျခဲ့သော အီလူးရှင်း-၇၆ လေယာဉ်ပေါ်တွင် ယူကရိန်းအကျဉ်းသား ဦးရေ ၆၀ လိုက်ပါသွားကြောင်း၊ ယင်းလေယာဉ်ကို ယူကရိန်းစစ်ဘက်က ပစ်ချခဲ့ခြင်းဖြစ်ကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားထားသည်။

ဇန်နဝါရီ ၃၁ရက် အကျဉ်းသားချင်းလဲလှယ်မှုသည် ယူကရိန်းစစ်ရေးပဋိပက္ခ စတင်ခဲ့ပြီးနောက်ပိုင်း ရုရှားနှင့် ယူကရိန်းတို့ကြား ပြုလုပ်နိုင်ခဲ့သော အကြိမ် (၅၀) မြောက် အကျဉ်းသားချင်းလဲလှယ်မှုဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## နာဆာက ယူရိုပါကလစ်ပါအာကာသယာဉ်၌ သိပ္ပံပညာစူးစမ်းလေ့လာရေးစနစ် ကိုးမျိုးကို အပြီးသတ်တပ်ဆင်ခဲ့



**ဝါရှင်တန် ဇန်နဝါရီ ၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် ယူရိုပါကလစ်ပါအာကာသယာဉ်၌ သိပ္ပံပညာ စူးစမ်းလေ့လာရေးစနစ်ကိုးမျိုးကို အပြီးသတ်တပ်ဆင်ပေးခဲ့ကြောင်း ဇန်နဝါရီ ၃၁ ရက်သတင်းများအရ သိရသည်။

နာဆာအဖွဲ့သည် ကြာသပတေးဂြိုဟ်၏ ဂြိုဟ်ရံလတစ်စင်းဖြစ်သော ယူရိုပါဂြိုဟ်ရံလကို လေ့လာရေးအတွက် ယူရိုပါကလစ်ပါအာကာသယာဉ်ကို တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် ယခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ယူရိုပါကလစ်ပါ အာကာသယာဉ်ကို လွှတ်တင်ရန် စီစဉ်ထားသည်။

ယူရိုပါကလစ်ပါ အာကာသယာဉ်သည် ကြာသပတေးဂြိုဟ်စနစ်အတွင်း စတင်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

လေးနှစ်တာမစ်ရှင်သက်တမ်းအတွင်း ယူရိုပါကလစ်ပါ အာကာသယာဉ်သည် ကြာသပတေးဂြိုဟ်၏ ယူရိုပါ ဂြိုဟ်ရံလကို ၄၉ ကြိမ်ထိ အနီးကပ်ဖြတ်ကျော်ပျံသန်း၍ လေ့လာမည်ဖြစ်သည်။

ယူရိုပါဂြိုဟ်ရံလ၏ ရေခဲအပြင်လွှာအောက်၌ ဆားငန်ရေသမုဒ္ဒရာတစ်စင်းရှိနေနိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

**Ref : Russia Today**

**Trs : KKO**

## လုံးဝမမြင်နိုင်လောက်အောင် အလင်းအားမှိန်ဖျော့လွန်းသည့် ကြယ်စုငယ်တစ်ခုကို နိုင်ငံတကာသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**မက်ဒရစ် ဇန်နဝါရီ ၁**


လုံးဝမမြင်နိုင်လောက်အောင် အလင်းအား မှိန်ဖျော့လွန်းသည့် ကြယ်စုငယ်တစ်ခုကို နိုင်ငံတကာ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇန်နဝါရီ ၃၁ ရက် သတင်းများအရ သိရသည်။

နူဘီဟု၍ အမည်ပေးထားသည့် ၎င်းကြယ်စုငယ်၏ ကြယ်စုဗဟိုချက်နယ်မြေ၌ မဟူရာဒြပ်စင်ပါဝင်မှု မြင့်မားပြီး ဒြပ်ထုအားဖြင့် နည်းပါးကြောင်း စပိန်နိုင်ငံ ကနေရီကျွန်းစု နက္ခတ္တရူပသိပ္ပံပညာရှင်များက ပြောကြားသည်။

နူဘီကြယ်စုငယ်သည် အရွယ်အစားတူကြယ်စု အများစုထက် အလင်းအား ၁၀ ဆ ပို၍မှေးမှိန်နေကြောင်း စပိန်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ထိုမျှ မြင်နိုင်စွမ်းမရှိလောက်အောင် အလင်းအားနည်းပါးသည့် နူဘီကြယ်စုမျိုး မည်သို့ဖြစ်ပေါ်လာသည်ကို လက်ရှိစကြဝဠာသီအိုရီများဖြင့် ရှင်းပြရန်မလွယ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

နူဘီကြယ်စုသည် နဂါးငွေ့တန်းကြယ်စုနှင့် အလင်းနှစ် သန်း ၃၀၀ အကွာတွင် တည်ရှိကြောင်း သိရသည်။




မဟူရာဒြပ်စင်ပါဝင်မှုမြင့်မားသော ကြယ်စုများတွင် အလင်းရောင်နှင့် စွမ်းအင်နည်းပါးတတ်ရာ ၎င်းကြယ်စုများကို သမားရိုးကျ အာရုံခံစနစ်များဖြင့် ထောက်လှမ်းတွေ့ရှိရန် ခက်ခဲကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**

**Trs : KKO**

## Starlab ပုဂ္ဂလိကအာကာသစခန်းယာဉ်ကို Starship ဒုံးပျံဖြင့် လွှတ်တင်မည်

**ဝါရှင်တန် ဇန်နဝါရီ ၁**

Starlab အမည်ရှိ ပုဂ္ဂလိကအာကာသစခန်းယာဉ်ကို Space-X အာကာသနည်းပညာကုမ္ပဏီ၏ Starship ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၃၁ ရက်သတင်းများအရ သိရသည်။




Starlab အာကာသစခန်းယာဉ်သည် အမေရိကန်နိုင်ငံအခြေစိုက် ဗွိုင်ယေဂျာစပေ့စ်အမည်ရှိ ကုမ္ပဏီက တည်ဆောက်သည့် ပုဂ္ဂလိကအာကာသစခန်းတစ်ခုဖြစ်သည်။

ဗွိုင်ယေဂျာစပေ့စ်ကုမ္ပဏီသည် Starlab အာကာသစခန်းယာဉ်ကို ယခုဆယ်စုနှစ်အတွင်း လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

Starlab အာကာသစခန်းယာဉ်သည် အာကာသယာဉ်မှူးလေးဦး နေထိုင်နိုင်မည့် အာကာသစခန်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသစခန်းကို ၂၀၃၀ ပြည့်နှစ်မတိုင်မီ လွှတ်တင်ရန် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)နှင့် ဗွိုင်ယေဂျာစပေ့စ် ကုမ္ပဏီတို့က ရည်ရွယ်ထားကြောင်း သိရသည်။

Starship ဒုံးပျံသည် Space-X အာကာသနည်းပညာ ကုမ္ပဏီ၏ မျိုးဆက်သစ် အာကာသသယ်ယူပို့ဆောင်ရေးစနစ် ဖြစ်ကြောင်း သိရသည်။

ကိုယ်ထည်အလျား ပေ ၄၀၀ ထိရှိသည့် Starship ဒုံးပျံသည် အလေးချိန် တန် ၁၅၀ ထိရှိမည့် အာကာသယာဉ်များကို ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## ဆေးလိပ်သောက်သုံးမှုက ALS ဦးနှောက်ရောဂါဖြစ်ပွားရခြင်း၏ အဓိကအကြောင်းတရားတစ်ရပ်ဖြစ်

**ဆိုးလ် ဇန်နဝါရီ ၁**

ဆေးလိပ် သောက်သုံးမှုသည် Amyotrophic Lateral Sclerosis (ALS) ခေါ် ဦးနှောက်ရောဂါတစ်မျိုးဖြစ်ပွားရခြင်း၏ အဓိကအကြောင်းတရားတစ်ရပ်ဖြစ်ကြောင်း သုတေသနပညာရှင်များက ဇန်နဝါရီ ၃၁ ရက်တွင် ပြောကြားသည်။

ALS ရောဂါသည် ကြွက်သားများကို ထိန်းချုပ်ပေးသည့် အာရုံနာ့ဗ်ဆဲလ်များ တဖြည်းဖြည်း သေဆုံးသွားတတ်သည့် ဦးနှောက်ရောဂါတစ်မျိုးဖြစ်သည်။

ALS ဦးနှောက်ရောဂါဖြစ်ပွားရခြင်း၏ အကြောင်းတရားများကို မသိရသေးသကဲ့သို့ ရောဂါဖြစ်ပွားစေမည့် နောက်ခံအကြောင်းတရားများကိုလည်း ကွဲကွဲပြားပြား မသိရသေးကြောင်း သိရသည်။

သို့ရာတွင် တောင်ကိုရီးယား သုတေသန ပညာရှင်များသည် ဆေးလိပ်သောက်သုံးမှုနှင့် ALS ရောဂါတို့ကြား ရှိနေနိုင်သော ဆက်စပ်မှုများကို လေ့လာထားသည့် လေ့လာချက်ပေါင်း ၃၂ ခုကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ဆေးလိပ်သောက်သုံး ခဲ့ဖူးသူများသည် မသောက်သုံးသူများထက် ALS ရောဂါဖြစ်နိုင်ခြေ ၁၂ ရာခိုင်နှုန်း ပိုမြင့်မားသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင် လက်ရှိ ဆေးလိပ်သောက်သုံးသူများတွင်မူ ALS ရောဂါဖြစ်နိုင်ခြေမှာ ပို၍ပင်မြင့်မားနေတတ်ကြောင်း တောင်ကိုရီးယား သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**

**Trs : KKO**

## ကင်မ်ချီကို နေ့စဉ်စားသုံးခြင်းဖြင့် ကိုယ်အလေးချိန်မြင့်တက်မှု လျှော့ချနိုင်

**ဆိုးလ် ဇန်နဝါရီ ၁**

ကင်မ်ချီကို နေ့စဉ်စားသုံးခြင်းဖြင့် ကိုယ်အလေးချိန်မြင့်တက်လာမှုကို တားဆီးလျှော့ချရာတွင် အထောက်အကူ ပြုနိုင်ကြောင်း ဇန်နဝါရီ ၃၁ ရက် သတင်းများအရ သိရသည်။

ကိုရီးယားလူမျိုးတို့၏ ရိုးရာအစားအစာဖြစ်သော ကင်မ်ချီသည် အစာခြေလမ်းကြောင်းစနစ်အတွင်းရှိ အကျိုးပြုဇက်တီးရီးယားများကို စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်သည်ဟု သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိထားပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် တောင်ကိုရီးယားသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကင်မ်ချီကို နေ့စဉ်စားသုံးမှုသည် အမျိုးသားများ၌ အဝလွန်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် ကင်မ်ချီကို နေ့စဉ်စားသုံးမှုသည် ကိုယ်အလေးချိန်တိုးလာမှုကို လျှော့ချရန်ကြိုးစားနေသည့် အမျိုးသမီးများအတွက်ရော အမျိုးသားများအတွက်ပါ အထောက်အကူပေးနိုင်ကြောင်း တောင်ကိုရီးယား သုတေသနပညာရှင်များက ပြောကြားသည်။

တောင်ကိုရီးယား သုတေသနပညာရှင်များသည် အသက် ၄၀ နှင့် ၆၉ နှစ်ကြား ကိုရီးယားလူမျိုး ၁၁၅၇၂၆ ဦးတို့ကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကင်မ်ချီကို နေ့စဉ်တစ်ခွက်မှ သုံးခွက်ထိ စားသုံးသူအမျိုးသားများတွင် အဝလွန်နိုင်ခြေလျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Xinhua News**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

### ပရီးမီးယားလိဂ် ပွဲစဉ် (၂၃) ပွဲကြိုသုံးသပ်ချက်များ

ML

**ဘရိုက်တန် Vs ပဲလေ့စ်**

**ကစားမည့်ရက်/အချိန် ၃-၂-၂၀၂၄ (ည ၀၉:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ပဲလေ့စ် ၁ – ၁ ဘရိုက်တန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရိုက်တန် | – | အိမ်(သရေ) | ဝေး(နိုင်) | ဝေး(ရှုံး) |
| ပဲလေ့စ် | – | ဝေး(ရှုံး) | ဝေး(ရှုံး) | အိမ်(နိုင်) |

ပြီးခဲ့တဲ့ပွဲစဉ်မှာ လူတန်ကိုမထင်မှတ်ဘဲ ဂိုးပြတ်ရှုံးခဲ့တဲ့ ဘရိုက်တန်ဟာ အခုအိမ်ကွင်းပွဲစဉ်မှာ ပဲလေ့စ်အသင်းကို နိုင်ပွဲရဖို့ပြင်ဆင်လာမှာဖြစ်ပါတယ်။ ပဲလေ့စ်အသင်းကတော့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတဲ့အပြင် အဝေးကွင်းခံစစ်ပိုင်းက ပေးဂိုးများနေတာကြောင့် အခုပွဲစဉ်မှာရှုန်းကန်ရမှာပါ။ ဒါကြောင့် အိမ်ကွင်းအားသာချက်နဲ့တိုက်စစ်ထက်မြက်နေတဲ့ ဘရိုက်တန်ကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – ဘရိုက်တန် ၂ – ၁ ပဲလေ့စ်**

**နယူးကာဆယ် Vs လူတန်**

**ကစားမည့်ရက်/အချိန် ၃-၂-၂၀၂၄ (ည ၀၉:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လူတန် ၁ – ၀ နယူးကာဆယ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| နယူးကာဆယ် | – | အိမ်(ရှုံး) | ဝေး(နိုင်) | ဝေး(နိုင်) |
| လူတန် | – | ဝေး(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |

တိုက်စစ်ပိုင်းထက်မြက်လာတဲ့ နယူးကာဆယ်အသင်းဟာ နောက်ဆုံး ငါးပွဲဆက်မှာ ၁၂ ဂိုးထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ လူတန်အသင်းကတော့ အသင်းလိုက်ကစားအားကောင်းနေပေမဲ့ အဝေးကွင်းခံစစ်ပိုင်း အားနည်းချက်ရှိနေတာကြောင့် နယူးကာဆယ်တိုက်စစ်ကို ဂိုးပေးရမှာ သေချာပါတယ်။ ဒါကြောင့် နယူးကာဆယ်ကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – နယူးကာဆယ် ၂ – ၀ လူတန်**

### အီတလီစီးရီးအေ ပွဲစဉ် (၂၃) ပွဲကြိုသုံးသပ်ချက်

ML

**အမ်ပိုလီ Vs ဂျီနိုအာ**

**ကစားမည့်ရက်/အချိန် ၃-၂-၂၀၂၄ (ည ၀၈:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဂျီနိုအာ ၁ – ၁ အမ်ပိုလီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အမ်ပိုလီ | – | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(သရေ) |
| ဂျီနိုအာ | – | အိမ်(သရေ) | ဝေး(နိုင်) | အိမ်(နိုင်) |

အမ်ပိုလီအသင်းဟာ နောက်ဆုံးနှစ်ပွဲဆက်မှာ ခြေစွမ်းပိုင်းထက်မြက်လာခဲ့ပေမဲ့ အိမ်ကွင်းခံစစ်ပိုင်းက အမှားများနေတာကြောင့် ခုနစ်ပွဲမှာ တစ်ပွဲသာအနိုင်ရခဲ့တာဖြစ်ပါတယ်။ ဂျီနိုအာကတော့ အသင်းလိုက်ကစားအားကောင်းနေတာကြောင့် အမ်ပိုလီအသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ကစားနိုင်မှာသေချာပါတယ်။ ဒါကြောင့် ဂျီနိုအာကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – အမ်ပိုလီ ၀ – ၁ ဂျီနိုအာ**

### အားကစားသတင်း အတိုအထွာများ

- လီဗာပူးအသင်းက လစ်လပ်နေသည့် အသင်းအားကစားဒါရိုက်တာ ရာမက်ကီ၏နေရာတွင် အစားထိုးရန်အတွက် ဝက်စ်ဟမ်းအသင်း နည်းစနစ်ဒါရိုက်တာ စတိုင်ဒန်ကို ခန့်အပ်ရန် ချိတ်ဆက်နေကြောင်း သိရသည်။
- ဘုန်းမောက်အသင်းက ဂီတာဖေးအသင်း တိုက်စစ်မှူး အူနယ်လ်ကိုခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး လာမည့်နာရီပိုင်းအတွင်း အပြီးသတ်ခေါ်ယူနိုင်ရန် ပြင်ဆင်လျက်ရှိသည်။
- လိုင်ယွန်အသင်းက နော့တင်ဟမ်အသင်း ကစားသမား မန်ဂါလာကို ပြောင်းရွှေ့ကြေးယူရို သန်း ၃၀ ဝန်းကျင်ဖြင့် ခေါ်ယူနိုင်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။ ML

## ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ဂိုးဖန်တီးမှုအများဆုံး ကစားသမားစာရင်းတွင် ရွန်းနီ၏စံချိန်ကို ဒီဘရိုင်းကျော်ဖြတ်



**မန်ချက်စတာ ဖေဖော်ဝါရီ ၁**

ပရီးမီးယားလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် ဂိုးဖန်တီးမှုအများဆုံး ကစားသမားစာရင်းတွင် မန်ယူအသင်း ကစားသမားဟောင်း ရွန်းနီ၏စံချိန်ကို မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ဒီဘရိုင်းက ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ကစားခဲ့သည့် မန်စီးတီးအသင်းက ဘန်လေအသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒီဘရိုင်းက ပွဲချိန် ၂၂ မိနစ်တွင် သွင်းယူခဲ့သည့် အယ်ဗာရက်ဇ်၏ သွင်းဂိုးကို ဖန်တီးမှုပြုလုပ်နိုင်ခဲ့ပြီးနောက် ရွန်းနီ၏စံချိန်ကိုကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အကောင်းဆုံးကွင်းလယ်ကစားသမားအဖြစ် ရပ်တည်နေသည့် ဒီဘရိုင်းသည် ဘန်လေအသင်းနှင့်ပွဲစဉ်တွင် ဂိုးဖန်တီးမှု တစ်ကြိမ် ပြုလုပ်နိုင်ခဲ့ပြီးနောက် စုစုပေါင်းဂိုးဖန်တီးမှု ၁၀၄ ကြိမ်ထိရှိလာခဲ့ပြီးနောက် ရွန်းနီ၏စံချိန်ကို တစ်ကြိမ်အသာဖြင့်ကျော်ဖြတ်၍ ဂိုးဖန်တီးမှုအများဆုံးကစားသမားစာရင်းတွင် တတိယနေရာသို့ ရောက်ရှိလာခဲ့သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် ဂိုးဖန်တီးမှုအများဆုံး ကစားသမားစာရင်းတွင် မန်ယူအသင်း ကစားသမားဟောင်း ရိုင်ယန်ဂစ်က ဂိုးဖန်တီးမှု ၁၆၂ ကြိမ်ဖြင့် ထိပ်ဆုံးတွင် ရပ်တည်လျက်ရှိနေပြီး ၎င်း၏နောက်တွင် အာဆင်နယ်အသင်းနှင့် ချဲလ်ဆီးအသင်း ကစားသမားဟောင်း ဆပ်ဖာဘရီဂက်စ်က ၁၁၁ ကြိမ်ဖြင့် ဒုတိယ၊ ဒီဘရိုင်းက ၁၀၄ ကြိမ်ဖြင့် တတိယ၊ ရွန်းနီက ၁၀၃ ကြိမ်ဖြင့် စတုတ္ထနှင့် ချဲလ်ဆီးအသင်း ကစားသမားဟောင်း လမ်းပတ်က ၁၀၂ ကြိမ်ဖြင့် ပဉ္စမနေရာတွင် ရပ်တည်လျက်ရှိနေသည်။

ဒီဘရိုင်းသည် ဂိုးဖန်တီးမှုအများဆုံး ကစားသမားစာရင်းတွင် ဒုတိယနေရာမှ ဖာဘရီဂက်စ်နှင့် ခုနစ်ကြိမ်သာ ကွာဟနေသည့်အတွက် ယခုနှစ်အတွင်း ဖာဘရီဂက်စ်၏စံချိန်ကိုပါ ကျော်ဖြတ်နိုင်ဖွယ်ရှိနေကြောင်း သိရသည်။

**Ref : RT**

**Trs : STA**

## ဂျူဗင်တပ်အသင်းက ဆောက်သမ်တန်တိုက်စစ်မှူး အယ်ကာရက်ဇ်ကို အငှားစာချုပ်ဖြင့်ခေါ်ယူ

**ရောမ ဖေဖော်ဝါရီ ၁**

ဂျူဗင်တပ် အသင်းသည် အမှတ်ပေးချန်ပီယံဆုကို စိန်ခေါ်နိုင်ရန် တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် ဆောက်သမ်တန်အသင်း လူငယ်တိုက်စစ်မှူးအယ်ကာရက်ဇ်ကို ရာသီဝက်အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့သည်။

အသက် ၂၁ နှစ်ရှိ တိုက်စစ်မှူး အယ်ကာရက်ဇ်သည် ယခုနှစ် ချန်ပီယံရှစ်ပြိုင်ပွဲတွင် အသင်းအတွက် ပြိုင်ပွဲစုံ ၂၆ ပွဲပါဝင်ခဲ့ရာ သွင်းဂိုး လေးဂိုးသွင်းယူပေးနိုင်ခဲ့ပြီး အသင်းကို ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ ပြန်လည် တက်ရောက်ခွင့်ရရှိရန် အဓိကနေရာမှ ပါဝင်ကူညီနေသောကြောင့် ဂျူဗင်တပ်အသင်းက တိုက်စစ်ပိုင်း လိုအပ်ချက်အတွက် ၎င်းကိုအပြီးသတ်ဝယ်ယူခွင့်ပါသည့် ရာသီဝက်အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း သိရသည်။

ဂျူဗင်တပ်အသင်းသည် ယခုနှစ် ဘောလုံးရာသီ အသင်းတိုက်စစ်ပိုင်းတွင် ဗလာဟိုဗစ်၊ မီလစ်၊ မွိုက်ကိန်းတို့ကိုသာအသုံးပြုနေပြီး ချီဆာ အနေဖြင့် ဒဏ်ရာပြဿနာမကြာခဏရရှိနေသောကြောင့် အသင်း၏ ပွဲစဉ်အများအပြားကို လွဲချော်ခဲ့သည့်အပြင် မွိုက်ကိန်းသည်လည်း အေဗာတီကိုအသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့မည်ဖြစ်သောကြောင့် အသင်းတာဝန်ရှိသူများက ဆောက်သမ်တန်အသင်းတွင် ပွဲကစားချိန် လျော့နည်းနေသည့် တိုက်စစ်မှူး အယ်ကာရက်ဇ်ကို ခေါ်ယူရန်ဆုံးဖြတ်ခဲ့သည်။

လက်ရှိတွင် ဂျူဗင်တပ်အသင်းသည် အမှတ်ပေးပြိုင်ပွဲ ၂၂ ပွဲကစားအပြီးတွင် ၁၆ ပွဲနိုင်၊ ငါးပွဲသရေ၊ တစ်ပွဲရှုံး ရလဒ်ဖြင့် ရမှတ် ၅၃ မှတ်ထိရယူနိုင်ခဲ့ကာ အဆင့်(၁)မှ အင်တာမီလန်အသင်းနှင့် ရမှတ်တစ်မှတ်သာ ကွာဟနေသော်လည်း တိုက်စစ်ပိုင်းက သွင်းဂိုး ၃၆ ဂိုးသာ သွင်းယူနိုင်ခဲ့ပြီး တိုက်စစ်ပိုင်း အားနည်းချက်ရှိနေကြောင်း သိရသည်။

**Ref : Xinhua**

**Trs : ML**




## ဘာစီလိုနာအသင်းက နည်းပြဖလစ်ကို ဇာဗီ၏နေရာတွင် အစားထိုးရန်ပြင်ဆင်

**ဘာစီလိုနာ ဖေဖော်ဝါရီ ၁**

ဘာစီလိုနာ အသင်းသည် ယခုနှစ် ဘောလုံးရာသီအကုန်တွင် ထွက်ခွာမည့် နည်းပြဇာဗီ၏နေရာတွင် အစားထိုးရန်အတွက် ဘိုင်ယန်မြူးနစ်အသင်းနှင့် ဂျာမနီအသင်း နည်းပြဟောင်း ဖလစ်ကို ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ဘာစီလိုနာအသင်းအနေဖြင့် ဗီလာရီးရဲလ်အသင်းကို ငါးဂိုး နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်အပြီးတွင် နည်းပြဇာဗီက ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှထွက်ခွာမည်ဟု တရားဝင်ပြောကြားခဲ့သောကြောင့် အားကစားဒါရိုက်တာ ဒေကိုက ၎င်း၏နေရာတွင် အစားထိုးရန်အတွက် နည်းပြသစ်ရှာဖွေလျက်ရှိရာ ဂျာမနီအသင်းနှင့် လမ်းခွဲပြီးနောက် အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြဖလစ်ကို ခေါ်ယူရန် စီစဉ်နေသည်။

နည်းပြဖလစ်သည် ၂၀၁၉ ခုနှစ်က ဘိုင်ယန်မြူးနစ်အသင်းကို တာဝန်ယူခဲ့ရာ အသင်းအနေဖြင့် အမှတ်ပေးဖလားနှစ်ကြိမ်၊ ချန်ပီယံလိဂ်ဖလား တစ်ကြိမ်၊ ဗီဖာကလပ် ကမ္ဘာ့ဖလားတစ်ကြိမ်၊ ယူအီးအက်ဖ်အေ စူပါဖလား တစ်ကြိမ်၊ ဂျာမန် ပိုကယ် ဖလားတစ်ကြိမ်၊ စူပါဖလား တစ်ကြိမ်ရရှိခဲ့ပြီး အသင်းကို အောင်မြင်မှုရရှိအောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် ဂျာမနီအသင်းက လက်ရွေးစင်နည်းပြအဖြစ် ခန့်အပ်ခဲ့သည်။

သို့သော် နည်းပြဖလစ်အနေဖြင့် ဂျာမနီအသင်းနည်းပြဘဝတွင် အောင်မြင်မှုရရှိရန် ရုန်းကန်ခဲ့ရပြီး ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အုပ်စုအဆင့်မှထွက်ခွာခဲ့ရသည့်အပြင် အခြားပြိုင်ပွဲများတွင် ရလဒ်ပိုင်းဆိုးရွားခဲ့မှုကြောင့် ၂၀၂၃ စက်တင်ဘာလတွင် ဂျာမနီအသင်းနှင့်လမ်းခွဲခဲ့ပြီး အသင်းလက်မဲ့ဖြစ်နေကြောင်း သိရသည်။

လက်ရှိတွင် ဘာစီလိုနာအသင်းက အသင်းမှထွက်ခွာမည့် ဇာဗီ၏နေရာတွင်အစားထိုးနိုင်ရန် နည်းပြ ကလော့ပ်၊နည်းပြ ရာဖာမားကွက်ဇ်၊ နည်းပြဂါစီယာတို့ကို ပစ်မှတ်ထားနေသော်လည်း အသင်းဥက္ကဋ္ဌနှင့် အားကစားဒါရိုက်တာတို့က နည်းပြဖလစ်ကိုသာခန့်အပ်ရန် ဦးစားပေး ပစ်မှတ်ထားနေကြောင်း သိရသည်။

**Ref : Sputnik**

**Trs : ML**

# စထရောဝိတ်တန်းပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဆုအတွက် ယိုကာစတာနှင့် အက်စထရာဒါတို့ ယှဉ်ပြိုင်ထိုးသတ်မည်




**လက်စ်ဗီးဂတ် ဖေဖော်ဝါရီ ၁**

စထရောဝိတ်တန်းပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဆုအတွက် နီကာရာဂွါလက်ဝှေ့မယ် ယိုကာစတာနှင့် အမေရိကန်လက်ဝှေ့မယ် အက်စထရာဒါတို့ မတ် ၂၉ ရက်တွင် အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်မြို့၌ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း Top Rank Promotion ကုမ္ပဏီက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ယိုကာစတာနှင့် အက်စထရာဒါတို့ပွဲစဉ်သည် ဂျူနီယာလိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲဖြစ်သည့် ဗယ်ဒက်ဇ်နှင့် ဝီလ်ဆင်တို့ပွဲစဉ်၏ Undercard ပွဲစဉ်အနေဖြင့်ထိုးသတ်မည်ဖြစ်ပြီး အမျိုးသမီးလက်ဝှေ့လောကအတွက် ကြီးကျယ်ခမ်းနားသည့် ပွဲစဉ်တစ်ပွဲဖြစ်လာနိုင်ကြောင်း သတ်မှတ်ခံထားရသည့် ပွဲစဉ်တစ်ပွဲဖြစ်သည်။

ယိုကာစတာသည် မတူညီသည့် ဝိတ်တန်းသုံးခုတွင် ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဆွတ်ခူးထားသည့် လက်ဝှေ့မယ် တစ်ဦးဖြစ်ပြီး စထရောဝိတ်တန်းတွင် ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဆုကိုဆွတ်ခူးနိုင်ရန်လည်း ရေပန်းစားနေသည့် လက်ဝှေ့မယ်တစ်ဦးဖြစ်သည်။

ယိုကာစတာနှင့် အက်စထရာဒါတို့ပွဲစဉ်နှင့်ပတ်သက်ပြီး လယ်ဗယ်မတူသည့် လက်ဝှေ့မယ်နှစ်ဦး၏ ပွဲစဉ်ဖြစ်သလို ယိုကာစတာကသာ ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိဖွယ်ရှိနေကြောင်း သုံးသပ်ချက်များ ထွက်ပေါ်ထားသော်လည်း အက်စထရာဒါက ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဆုဖြင့် ထိုက်တန်ကြောင်းကို သက်သေပြသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အက်စထရာဒါက "ယိုကာစတာဟာ စထရောဝိတ်တန်းမှာ ကမ္ဘာ့ချန်ပီယံ ခါးပတ်တွေကို ကာလရှည် ထိန်းသိမ်းထားနိုင်တဲ့ ချန်ပီယံတစ်ယောက်ပါ။ အခုဒီပွဲစဉ်က စထရောဝိတ်တန်းရဲ့ ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဆုအတွက် ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ယိုကာစတာကပဲ ပြတ်သားတဲ့ရလဒ်နဲ့ အနိုင်ရလိမ့်မယ်လို့ သုံးသပ်နေကြတယ်။ ဘယ်သူတွေ ဘယ်လိုပဲ သုံးသပ်နေပါစေ ကျွန်မအနေနဲ့ ကြိုးဝိုင်းထဲမှာ စွမ်းဆောင်ရည်နဲ့ပဲ သက်သေပြမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# ယခုနှစ်ဘောလုံးရာသီအကုန်တွင် မန်ယူအသင်း နည်းပြဟောင်းမော်ရင်ဟိုကို ပြန်လည်ခန့်အပ်ဖွယ်ရှိ

**မန်ချက်စတာ ဖေဖော်ဝါရီ ၁**

မန်ယူအသင်းက ယခုနှစ်ဘောလုံးရာသီအကုန်တွင် ဥရောပဝင်ခွင့်နှင့်လွဲချော်ပါက အသင်း၏ အားကစားဆိုင်ရာ ကိစ္စရပ်များကို တာဝန်ယူ ကိုင်တွယ်နေသည့် ရက်ကလစ်က နည်းပြအပြောင်းအလဲလုပ်ဆောင်လာဖွယ် ရှိနေပြီး နည်းပြတန်ဟတ်၏ နေရာတွင် နည်းပြဟောင်း မော်ရင်ဟိုနှင့် ပြန်လည် အစားထိုးသွားဖွယ်ရှိနေကြောင်း သိရသည်။

အသက် ၆၁ နှစ်ရှိ နည်းပြမော်ရင်ဟိုသည် ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ မန်ယူအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ပြီး ယူရိုပါလိဂ်ဖလားနှင့် ကွာရာဘောင်းဖလားတို့ကို ဆွတ်ခူးပေးနိုင်ခဲ့သော်လည်း ၂၀၁၈ ခုနှစ်ကရလဒ်ဆိုးများကြောင့် ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။

လက်ရှိ မန်ယူအသင်းနည်းပြတန်ဟတ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက မန်ယူအသင်းကိုတာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းနှင့်ပထမဆုံး ဘောလုံးရာသီတွင် ကွာရာဘောင်းဖလားရရှိခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့် ရရှိခဲ့သော်လည်း ယခုနှစ်ဘောလုံး ရာသီတွင် ရလဒ်ပိုင်းမတည်ငြိမ်မှုများနှင့်အတူ မှတ်တမ်းဆိုးများစွာ ရရှိထားကာ ယခုနှစ်ဘောလုံးရာသီ၌ ဥရောပဝင်ခွင့်နှင့်လွဲချော်မည်ဆိုပါက ထုတ်ပယ်ခံရမည့်အရေးနှင့်ပါရင်ဆိုင်နေရသည်။

ထို့ပြင် နည်းပြမော်ရင်ဟိုနှင့် ရက်ကလစ်တို့သည် ရင်းနှီးသည့် ဆက်ဆံရေးများရှိနေပြီး မော်ရင်ဟိုကိုယ်တိုင်ကလည်း မန်ယူအသင်းတွင် လုပ်ဆောင်စရာများရှိနေသေးသည်ဟု ပြောကြားခဲ့ကြောင်း သတင်းများထွက်ပေါ်ခဲ့ပြီးနောက် မန်ယူအသင်း နည်းပြသစ်အဖြစ် သတင်းများထွက်ပေါ်လာခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : STA**

# Open Sud de France တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ ကာဇက်စတန်ကစားသမား ဘူဘလစ် တက်ရောက်



**မောင့်ပယ်လီယာ ဖေဖော်ဝါရီ ၁**

ပြင်သစ်နိုင်ငံ မောင့်ပယ်လီယာမြို့တွင် ကျင်းပနေသည့် Open Sud de France တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ကနေဒါအဆင့်(၁) တင်းနစ်ကစားသမားရှာပိုဗာလော့ဗ်နှင့် ကာဇက်စတန် အဆင့်(၁)တင်းနစ်ကစားသမား ဘူဘလစ်တို့ယှဉ်ပြိုင်ကစားခဲ့ရာ ဘူဘလစ်က (၁-၆၊ ၇-၆၊ ၆-၃)ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ရှာပိုဗာလော့ဗ် အနေဖြင့် ဘူဘလစ်ကိုအနိုင်ရရှိရန်ရေပန်းစားနေခဲ့သော်လည်း ဘူဘလစ်က အကောင်းဆုံးပုံစံရရှိကာ ရှာပိုဗာလော့ဗ်ကို အနိုင်ရရှိခဲ့သည်။

ဘူဘလစ်သည် ပထမပွဲငယ်တွင် ပြတ်သားသည့် ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲငယ်တွင် tie-break ထိ ကစားကာ အနိုင်ရရှိခဲ့ပြီး တတိယပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

ရှာပိုဗာလော့ဗ်သည် ကမ္ဘာ့အဆင့်(၁၀)အတွင်း ပုံမှန်ရပ်တည်နိုင်သည့် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၂၃ ခုနှစ် တင်းနစ်ရာသီတွင် ဒဏ်ရာ ပြဿနာများကြောင့် အောင်မြင်မှုများ ရယူနိုင်ခြင်းမရှိခဲ့သဖြင့် ကမ္ဘာ့အဆင့်(၁၀)ပြင်ပသို့ ရောက်ရှိခဲ့သောကြောင့် ၂၀၂၄ ခုနှစ်တွင် ကမ္ဘာ့အဆင့်(၁၀)အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် ကြိုးစားနေသော်လည်း ပုံမှန် လက်စွမ်းရရှိရန် ရုန်းကန်နေရဆဲ ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# စပိန်လာလီဂါ ပွဲစဉ် (၂၃) ပွဲကြိုသုံးသပ်ချက်

STA

**အလာဗက် Vs ဘာစီလိုနာ**

**ကစားမည့်ရက်/အချိန် ၃-၂-၂၀၂၄ (ည ၁၂:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘာစီလိုနာ ၂ - ၁ အလာဗက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အလာဗက် | - | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(နိုင်) |
| ဘာစီလိုနာ | - | ဝေး(ရှုံး) | အိမ်(ရှုံး) | အိမ်(နိုင်) |

ဘာစီလိုနာအသင်းဟာ ရလဒ်ပိုင်းတည်ငြိမ်မှုမရှိပေမဲ့ အလာဗက်အသင်းကိုတော့ ဖိအားပေးလာနိုင်မှာပါ။ အလာဗက်အသင်းကလဲ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်တွေကောင်းမွန်တယ်ဆိုပေမဲ့ ဘာစီလိုနာအသင်းနဲ့တွေ့ဆုံတိုင်း ရလဒ်ကောင်းလေ့မရှိပါဘူး။ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဘာစီလိုနာအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - အလာဗက် ၁ - ၂ ဘာစီလိုနာ**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၀) ပွဲကြိုသုံးသပ်ချက်များ

STA

**ဘိုင်ယန်မြူးနစ် Vs ဂလာဘတ်**

**ကစားမည့်ရက်/အချိန် ၃-၂-၂၀၂၄ (ည ၀၉:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဂလာဘတ် ၁ - ၂ ဘိုင်ယန်မြူးနစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘိုင်ယန်မြူးနစ် | - | အိမ်(ရှုံး) | အိမ်(နိုင်) | ဝေး(နိုင်) |
| ဂလာဘတ် | - | အိမ်(နိုင်) | အိမ်(ရှုံး) | ဝေး(သရေ) |

အမှတ်ပေးဇယားထိပ်ဆုံးက လေဗာကူဆင်အသင်းကိုဖိအားပေးနေတဲ့ ဘိုင်ယန်မြူးနစ်အသင်းဟာ အိမ်ကွင်းမှာရမှတ်ပြည့်ရယူဖို့ အမှားခံမှာ မဟုတ်ပါဘူး။ လက်ရှိ ဂလာဘတ်အသင်းရဲ့အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကလဲ အားရစရာမရှိပါဘူး။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဘိုင်ယန်မြူးနစ်အသင်းပဲ ရမှတ်ပြည့်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ဘိုင်ယန်မြူးနစ် ၃ - ၁ ဂလာဘတ်**

**ဒမ်စတက် Vs လေဗာကူဆင်**

**ကစားမည့်ရက်/အချိန် ၃-၂-၂၀၂၄ (ည ၀၉:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လေဗာကူဆင် ၅ - ၁ ဒမ်စတက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဒမ်စတက် | - | အိမ်(ရှုံး) | အိမ်(သရေ) | ဝေး(ရှုံး) |
| လေဗာကူဆင် | - | ဝေး(နိုင်) | ဝေး(နိုင်) | အိမ်(သရေ) |

ပြီးခဲ့တဲ့ပွဲစဉ်က သရေရလဒ်ကြောင့် ရမှတ်ဆုံးရှုံးခဲ့တဲ့ လေဗာကူဆင်အသင်းဟာ အခုပွဲစဉ်မှာတော့ နိုင်ပွဲပြန်လည်ရှာဖွေမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ ဒမ်စတက်အသင်းရဲ့ခြေစွမ်းပိုင်းကလဲဆိုးရွားနေပါတယ်။ ဒါကြောင့် အဝေးကွင်းဆိုပေမဲ့ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ လေဗာကူဆင်အသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

**အင်တာနက်ခန့်မှန်း - ဒမ်စတက် ၀ - ၂ လေဗာကူဆင်**

# ပြင်သစ်လီဂူး ပွဲစဉ် (၂၀) ပွဲကြိုသုံးသပ်ချက်

STA

**ရင်းနက် Vs မောင့်ပယ်လီယာ**

**ကစားမည့်ရက်/အချိန် ၃-၂-၂၀၂၄ (ည ၁၀:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မောင့်ပယ်လီယာ ၀ - ၀ ရင်းနက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ရင်းနက် | - | အိမ်(နိုင်) | အိမ်(သရေ) | ဝေး(နိုင်) |
| မောင့်ပယ်လီယာ | - | ဝေး(ရှုံး) | ဝေး(နိုင်) | အိမ်(သရေ) |

နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ လေးပွဲနိုင်ပြီး တစ်ပွဲသရေသာကျထားတဲ့ ရင်းနက်အသင်းရဲ့ခြေစွမ်းပိုင်းက တည်ငြိမ်မှုအပြည့်ရှိနေပါတယ်။ မောင့်ပယ်လီယာအသင်းကတော့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရသလို အခုပွဲစဉ်မှာလဲ ရုန်းကန်ရဖို့ရှိနေပါတယ်။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ရင်းနက်အသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း - ရင်းနက် ၂ - ၁ မောင့်ပယ်လီယာ**

ခရီးသွားဆောင်းပါး

# မကြောင့်မကြရောက်ရှိခဲ့ရသည့် မတောင့်မတတောင်

ဒီတစ်ခေါက် ခရီးထွက်ကြဖို့အတွက် ခရီးစဉ်ကို ရွေးချယ်တဲ့အခါ အနီးအနားပတ်ဝန်းကျင်က မရောက်ဖူးသေးတဲ့ နေရာဒေသတွေကို လိုက်လံရွေးချယ်စုံစမ်းနေရတယ်။ လေ့လာရေးခရီးလဲဖြစ်၊ ဗဟုသုတလဲရ၊ ပျော်ရွှင်စရာလဲကောင်း၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေလဲ အဆင်ပြေချောမွေ့တဲ့ နေရာဒေသဖြစ်ရမယ်ဆိုတဲ့ အချက်တွေနဲ့ ဦးစားပေးရွေးချယ်ရှာဖွေလိုက်တဲ့အခါ မြစ်သားမြို့နယ်ထဲက နေရာတချို့ကို စုံစမ်းသိရှိလိုက်ရတယ်။ မတောင့်မတတောင်၊ လွှမ်းစေတီတောင်၊ လောကသရဖူတဝရွှေဂူဆုတောင်းပြည့်စေတီတော် စတဲ့နေရာတွေပါ။

ဒီနေရာတွေကို သွားရောက်ဖို့အတွက် မြစ်သားမြို့နယ် ကူမဲမြို့ ရွာခိုင်ကြီးကျေးရွာမှာနေတဲ့ မိမိရဲ့ ငယ်သူငယ်ချင်း ကိုလှမြင့်နဲ့ မိသားစုက အကြံပြုဖိတ်ခေါ်ခဲ့ကြတယ်။ ဒါကြောင့် သတ်မှတ်ကျောင်းပိတ်ရက်တစ်ခုမှာ သူငယ်ချင်းမိသားစုတို့နေထိုင်ရာ ရွာခိုင်ကြီးကျေးရွာကို စတင်ထွက်ခွာလာခဲ့ကြတယ်။ အရင်ခရီးစဉ်တွေဖြစ်တဲ့ ပြက္ခရွှေတောင်၊ ပြဒါးလင်းဂူ၊ ကင်းတားဆည် စတဲ့နေရာတွေကိုလဲ ရွာခိုင်ကြီးကနေတစ်ဆင့် သွားလာလည်ပတ်ခဲ့ကြရတာပါ။ ပြင်ဦးလွင်မြို့နဲ့ရွာခိုင်ကြီးက မိုင် ၁၀၀ လောက်ပဲ ကွာဝေးတာကြောင့် သွားရောက်ကြရမဲ့ရက်မှာ မနက်စောစောထစရာမလိုဘဲ အေးအေးဆေးဆေး အိပ်ရာထ၊ ဝယ်စရာရှိတာတွေကို ဝယ်ခြမ်းပြီးမှ ထွက်လာလို့ရနေတယ်။ အရင်နှစ်သွားခဲ့စဉ်က စားစရာသောက်စရာတွေအဖြစ် မာလာဟင်း၊ မာလာရှမ်းကောနဲ့ ပင်လယ်အစားအစာ အကင်စုံကို ဝယ်ယူစားသောက်ကြပြီးဖြစ်လို့ အခုတစ်ခေါက်သွားတဲ့အခါမှာ ခေါက်ဆွဲကြော်ဖို့အတွက်နဲ့ အသားကင်၊ ငါးကင် စတဲ့ပစ္စည်းတွေကို ဝယ်ယူသွားခဲ့တယ်။

ပြင်ဦးလွင်ကနေ မြစ်ငယ်-ထုံးဘို ဖြတ်လမ်းအတိုင်း ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်ကနေ ကူမဲမြို့အနီးရောက်တဲ့ထိ မောင်းနှင်လာခဲ့ပြီးမှ လမ်းခွဆိုတဲ့ လမ်းဆုံနေရာကနေ ဘယ်ဘက်လမ်းခွဲအတိုင်း ရွာခိုင်ကြီးကို သွားရောက်ရတာပါ။ လမ်းခွကနေ ညာဘက်ကိုချိုးကွေ့မောင်းနှင်သွားရင် ငါးမိုင်သာဝေးကွာတော့တဲ့ မြစ်သားမြို့ကို ရောက်ရှိသွားမှာဖြစ်ပါတယ်။ လမ်းခွကနေ ဝင်ရောက်သွားတာနဲ့ လမ်းဘေးဝဲယာတစ်လျှောက်မှာ စပါးခင်းကြီးတွေ၊ သရက်ခြံကြီးတွေ၊ ငှက်ပျောခြံတွေ၊ သဘော်ခြံနဲ့ ကွမ်းရွက်ခြံတွေကို အဆက်မပြတ် တွေ့မြင်လာရတယ်။ နယ်မြေဒေသက ကင်းတားဆည်ရေသောက်ဒေသဖြစ်နေလို့ နေရာတိုင်းမှာ စိမ်းစိမ်းစိုစိုနဲ့ စိုက်ခင်းစိုက်ကွက်တွေအပြည့်ဖြစ်နေတယ်။ ကားမောင်းလာရင်းနဲ့ အရှေ့တည့်တည့်မျက်နှာမူရာအရပ်မှာ မှိုင်းမှိုင်းညို့ညို့ ရှမ်းတောင်တန်းကြီးတွေကိုလဲ လှမ်းမျှော်မြင်တွေ့နေရတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာပါဝင်တဲ့ ရွာငံမြို့နယ်၊ ရပ်စောက်မြို့နယ် စတဲ့မြို့နယ်တွေတည်ရှိရာ တောင်တန်းကြီးတွေပါ။ အခုသွားရောက်နေတဲ့လမ်းက မြန်မာရှင်ဘုရင်တွေလက်ထက်က ယိုးဒယား(ထိုင်းနိုင်ငံ)ကို စစ်ချီတက်သွားရောက်တိုက်ခိုက်ခဲ့တဲ့လမ်းဖြစ်တယ်ဆိုတာကိုလဲ သိထားရတယ်။ ညောင်ရမ်းခေတ်စာဆို တောင်တွင်းရှင်ငြိမ်းမယ် ရေးဖွဲ့ထားတဲ့ စစ်မှာတစ်မူအိုင်ချင်းကဗျာထဲက သင်းတွဲချောင်းဆိုတာ အနီးအနားပတ်ဝန်းကျင်မှာ ရှိနေတယ်။ သင်းတွဲကအမြဲတမ်း ရေစီးဆင်းနေခြင်းမရှိတဲ့ သဲချောင်းကြီးပါ။ တောင်ပေါ်မှ မိုးတွေရွာတဲ့အချိန်ရောက်မှ တောင်ကျရေတွေ အရှိန်နဲ့စီးဆင်းလာတတ်ကြတယ်။

ရွာခိုင်ကြီးကို မွန်းလွဲပြီးချိန်မှာ ရောက်ရှိလာခဲ့ကြတယ်။ ခရီးလမ်းတစ်လျှောက်လုံးမှာလဲ အေးအေးဆေးဆေး သာသာယာယာပါ။ ရွာကိုရောက်ရောက်ချင်း ခဏနားပြီး ရေချိုးကြရတယ်။ ဒီနေရာ၊ ဒီဒေသ၊ ဒီရွာကိုရောက်ရင် ပန်းလောင်မြစ်ထဲမှာ ရေကိုဇိမ်နဲ့ စိမ်ပြီး ချိုးချင်တာပါ။ ဒါပေမဲ့ နွေရာသီကာလမဟုတ် ဆောင်းရာသီဖြစ်နေတာကတစ်ကြောင်း၊ ပန်းလောင်မြစ်ထဲမှာ ကင်းတားဆည်က ရေလွှတ်ချိန် ရေများနေတာကတစ်ကြောင်းကြောင့် အိမ်ရှေ့အုတ်ကန်ထဲက ရေတွေကိုပဲ တဝကြီးချိုးနေရတယ်။

ရေမိုးချိုး အဝတ်အစားလဲပြီးတာနဲ့ ဝယ်ခြမ်းလာခဲ့တဲ့ မုန့်ညင်းဖြူ၊ ပန်းမုန်လာ၊ ပဲသီး၊ မုန်လာဥနီ စတဲ့အသီးအနှံတွေကို ခေါက်ဆွဲကြော်ဖို့အတွက် လှီးချုတ်ပြင်ဆင်ကြရတယ်။ ဒ့ါပြင် အသားကင်၊ ငါးကင်တွေအတွက် လိုအပ်တာတွေကိုလဲ အဆင်သင့် ပြုလုပ်ထားရတယ်။ ညနေစာ စားချိန်ရောက်တာနဲ့ ကြော်တာတွေကြော်၊ ကင်တာတွေကင်ပြီး စားသောက်ကြရုံပါ။ ခရီးတွေထွက်တဲ့အခါတိုင်း ထမင်းဆိုင်တွေဝင်၊



မြစ်သားမြို့နယ်ရှိ မတောင့်မတအောင်သိဒ္ဓိဆုတောင်းပြည့်စေတီတော်ကို တွေ့ရစဉ်။

စားသောက်ဆိုင်တွေဝင်ပြီး ကောင်းနိုးရာရာတွေကို မှာယူစားသောက်ကြရတာက အရသာတစ်မျိုး၊ အခုလို ပျော်ပျော်ပါးပါး ဝိုင်းဝန်းချက်ပြုတ်၊ ကြော်လှော်စားသောက်ရတာက အရသာတစ်မျိုးလို့ပြောရင် ရပါတယ်။ လူဆိုတဲ့အမျိုးက စားစရာ၊ သောက်စရာတွေကို နေရာအမျိုးမျိုးမှာ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ဆန်းသစ်တီထွင်စားသောက်ကြလေ့ရှိနေကြတယ်။ အချို့ စားသောက်ဆိုင်ကြီးတွေမှာ ဖွယ်ဖွယ်ရာရာတွေကို အချိန်ပေးပြီး တခမ်းတနား မှာယူစားသောက်တတ်ကြသလို တချို့က ပန်းဥယျာဉ်ကြီးတွေထဲမှာ၊ တချို့က မြစ်ချောင်းအတွင်း သဲသောင်ပြင်ကြီးတွေပေါ်မှာ၊ တချို့က တောင်ထိပ်တွေပေါ်ထိတက်ပြီး ပျော်ပျော်ရွှင်ရွှင် စားသောက်နေကြတယ်။

အခု မိမိတို့အဖွဲ့ကလဲ နေဝင်မိုးချုပ်သွားတာနဲ့ လရောင်အောက် အိမ်ရှေ့တလင်းပြင်ပေါ်မှာ စားသောက်ကြဖို့အတွက် ပြင်ဆင်နေကြပါပြီ။ နေ့ရက်က လပြည့်နေ့ည ဖြစ်နေတာကြောင့် ထွက်ပြူလာခါစ လမင်းကြီးက ထိန်ထိန်သာနေတဲ့အပြင် ဘေးမှာဖိုထားတဲ့ ထင်းမီးဖိုကြီးရဲ့ အလင်းရောင်ကြောင့်လဲ လျှပ်စစ်မီးထွန်းမထားတဲ့ညက အရာအားလုံးကို လင်းလင်းကျင်းကျင်း မြင်တွေ့နေရတယ်။ ကြော်စရာရှိတာတွေကို ကြော်တဲ့သူကကြော်၊ ကင်စရာရှိတာတွေကို ကင်တဲ့သူကကင်နဲ့ လပြည့်နေ့ည စားသောက်ပွဲက ပျော်ရွှင်စရာလဲကောင်းနေတယ်။ ဘာမှအပူအပင်သောက စိုးရိမ်ကြောင့်ကြ ပူဆွေးစရာတွေမရှိဘဲ အားလုံးက လွတ်လွတ်လပ်လပ်၊ ငြိမ်းငြိမ်းချမ်းချမ်းမို့ ပိုပြီးပျော်ရွှင်စရာကောင်းပါတယ်။ စားသောက်နေကြရင်းနဲ့ နောက်တစ်နေ့အတွက် ခရီးစဉ်ကို တိုင်ပင်ပြောဆိုကြတော့ မတောင့်မတတောင်၊ လွှမ်းစေတီတောင်နဲ့ မြစ်သားမြို့မှာရှိတဲ့ လောကသရဖူ တဝရွှေဂူ ဆုတောင်းပြည့်စေတီတော် စတဲ့နေရာတွေကို အစဉ်လိုက်သွားကြမှာဖြစ်ကြောင်း သိလိုက်ရတယ်။ ဒါကြောင့် စားသောက်ကြပြီးတာနဲ့ တစ်ခဏတာ စကားစမြည်ပြောဆိုကြပြီး အိပ်ရာစောစော ဝင်ခဲ့ကြတယ်။

ကူမဲမြို့ ရွာခိုင်ကြီးရွာရဲ့ညက ပူလဲမပူ၊ ချမ်းလဲမချမ်း၊ ခြင်လဲမကိုက်နဲ့ ကောင်းကောင်းမွန်မွန် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့ရတယ်။ နောက်တစ်နေ့မနက်မှာ အိပ်ရာစောစောထပြီးကြတာနဲ့ ရွာဓလေ့ထုံးစံအတိုင်း တောထမင်း၊ တောဟင်းတွေကို အငွေ့တထောင်းထောင်းနဲ့ ပူပူနွေးနွေး စားသောက်ကြရတယ်။ တောကြက်သားကို ဆူးပုပ်ရွက်တွေ၊ ခွေးတောက်ရွက်တွေခတ်ထားတဲ့ ဟင်းချိုရည်နဲ့အတူ ငရုတ်သီးစိမ်းထောင်း၊ သရက်ချဉ်သုပ်၊ ဇယာကြော်တွေနဲ့ စားသောက်ရတာ မနက်စောစောထမင်း မစားတတ်တဲ့သူတွေတောင် မြိန်ရေရှက်ရေနဲ့ စားကောင်းစေခဲ့တယ်။ စားသောက်ကြပြီးတာနဲ့ ရွာကနေ စတင်ထွက်ခွာလာခဲ့ကြပြီး မတောင့်မတတောင်ရှိရာကို လာခဲ့ကြတယ်။ အိမ်ခြေ ၁၀၀၀ ကျော်၊ ၂၀၀၀ လောက်ရှိနေပြီဖြစ်တဲ့ ရွာခိုင်ကြီးရွာက ခေတ်မီအဆင့်မြင့်တိုက်ကြီးတွေ၊ စားသောက်ဆိုင်ကြီးတွေ၊ စတိုးဆိုင်ကြီးတွေ၊ စက်သုံးဆီအရောင်းဆိုင်ကြီးတွေနဲ့ ဖွံ့ဖြိုးတိုးတက်နေပါပြီ။ မတောင့်မတတောင်ကို သွားတဲ့လမ်းတစ်လျှောက်မှာလဲ လက်တွန်းထွန်စက်တွေ၊ ထွန်စက်ကြီးတွေ၊ စပါးစိုက်စက်၊ ရိတ်စက်၊ ချွေစက် စတဲ့လယ်ယာသုံးစက်ကိရိယာအမျိုးမျိုးတွေနဲ့အတူ ငရုတ်စိုက်ခင်း၊ ကြက်သွန်နီစိုက်ခင်း၊ စပါးစိုက်ခင်း စတဲ့ စိုက်ခင်းမျိုးစုံကို စိမ်းစိမ်းစိုစိုတစ်မျိုး၊ ဝင်းဝင်းဝါဝါတစ်မျိုးနဲ့ တွေ့မြင်နေရတယ်။

စိုက်ခင်းတွေ၊ စိုက်ကွင်းတွေကို ဖြတ်ကျော်မောင်းနှင်လာခဲ့ပြီး မကြာခင်မှာ တောင်ခြေဆိုတဲ့နေရာကို ရောက်လာခဲ့ကြတယ်။ တောင်ခြေအနီး ပတ်ဝန်းကျင်မှာလဲ စိုက်ခင်းပျိုးခင်တွေ ရှိနေတယ်။ မတောင့်မတတောင်ခြေမှာ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းနဲ့အတူ ကျောင်းဆောင်တွေ၊ ဇရပ်တွေ၊ ရေတွင်း၊ ရေကန်တွေ ရှိနေကြတယ်။ ကားကိုအရိပ်ကောင်းတဲ့ သက်တမ်းရင့် မန်ကျည်းပင်ကြီးအောက်မှာ ရပ်နားထားခဲ့ရပြီး တောင်ပေါ်ကို တောင်တက်လှေကားထစ်တွေအတိုင်း တက်ရောက်သွားကြရမှာပါ။ လှေကားတွေက အုတ်လှေကားတွေဖြစ်နေသလို အမိုးတွေတော့ မပါပါဘူး။ ဒါပေမဲ့ ဘေးပတ်ဝန်းကျင်မှာ သစ်ပင်ကြီးတွေ အများအပြားရှိနေတာကြောင့် နေအပူဒဏ်ကို မခံကြရဘဲ အရိပ်ကောင်းကောင်းအောက်ကနေ တောင်တက်လှေကားထစ်တွေကို တက်ရောက်ခဲ့ကြရတယ်။ လှေကားတစ်ကွေ့တက်ပြီးတိုင်းမှာ ဘုရားစေတီငယ်လေးတွေ၊ ကျောင်းဆောင်လေးတွေ၊ ရေကန်လေးတွေကို လမ်းတစ်လျှောက်လုံး တွေ့မြင်ခဲ့ရပြီး မိနစ်အနည်းငယ်အတွင်းမှာ တောင်ထိပ်ပေါ်ကို ရောက်လာကြတယ်။

တောင်ထိပ်ပေါ်မှာ ရှေးဟောင်းစေတီတော်ကြီးတစ်ဆူကို ရွှေရောင်တဝင်းဝင်းနဲ့ ဖူးမြော်မြင်တွေ့နေရတာနဲ့အတူ ရှေးကျကျအုတ်ဇရပ်ဆောင်ကြီးတွေ၊ တံခွန်တိုင်ကြီးတွေကိုလဲ မြင်တွေ့နေရတယ်။ စေတီတော်ကြီးရဲ့ ကျောက်စာသမိုင်းမှာ ရေးသားဖော်ပြထားချက်အရ ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးက ရှင်အရဟံမထေရ်မြတ်ရဲ့ ဩဝါဒကိုခံယူပြီး ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး အရှည်တည်တံ့ပြန့်ပွားအောင် စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့တယ်။ အနော်ရထာမင်းကြီးက ကင်းတားဆည်ကြီးကိုတည်ဆောက်ပြီးတဲ့နောက် ပန်းလောင်မြစ်ကြောင်းတစ်လျှောက်နဲ့ တောင်ထိပ်တောင်ခွင် မြေပြင်တစ်လွှားမှာ ဘုရားပုထိုးစေတီ အလီလီတို့ကို တည်ထားကိုးကွယ်တော်မူခဲ့တယ်။ အဲဒီအထဲမှာ အခုမိမိတို့ရောက်ရှိနေတဲ့ မတောင့်မတ အောင်သိဒ္ဓိဆုတောင်းပြည့်စေတီတော်ကြီးလဲ တစ်ဆူအဖြစ် ပါဝင်တော်မူခဲ့တယ်။ စေတီတော်ကြီးကို စတင်တည်ထားခဲ့စဉ်အခါက အရှေ့၊ အနောက်၊ တောင်၊ မြောက် လေးဖက်လေးတန်မှာ အမိုးပြာသာဒ် စောင်းတန်းကြီးတွေနဲ့ အုတ်လှေကားတွေကိုလဲ ထည့်သွင်းတည်ဆောက်စေခဲ့တယ်ဆိုပြီး ရေးသားဖော်ပြထားသလို စေတီတော်ကြီးနဲ့အတူ စောင်းတန်းကြီးတွေက နှစ်ကာလကြာမြင့်လာတာကတစ်ကြောင်း၊ ပထမကမ္ဘာစစ်နဲ့ ဒုတိယကမ္ဘာစစ်ဒဏ်တွေကို ခံခဲ့ကြရတာကတစ်ကြောင်းကြောင့် ပျက်စီးယိုယွင်းခဲ့ရကြောင်းတို့ကို ရေးသားထားတာ တွေ့ရတယ်။

ဒ့ါပြင် စေတီတော်ကြီးကို ဒုတိယကမ္ဘာစစ်အပြီး ပြုပြင်မွမ်းမံခဲ့ကြောင်း၊ ဘုရား၊ တန်ဆောင်း၊ သိမ်၊ ကျောင်းတို့ကိုလဲ ထပ်မံထည့်သွင်း တည်ဆောက်ခဲ့ကြောင်း၊ အခုအခါမှာစေတီတော်ကြီးရဲ့ ဉာဏ်တော်အမြင့် ၅၂ တောင်ရှိကြောင်းနဲ့ စေတီတော်ကြီးရဲ့ ဘွဲ့တော်အပြည့်အစုံမှာ ကင်းတားဆည်တော်နံ့ မတောင့်မတ အောင်သိဒ္ဓိဆုတောင်းပြည့်စေတီတော်ကြီးဖြစ်ကြောင်းကို သိရှိလိုက်ရတယ်။ စေတီတော်ကြီးကို ဖူးမြော်ကန်တော့ရင်း၊ ရင်ပြင်တော်ပေါ်မှာလေ့လာ ကြည့်ရှုကြရင်းနဲ့ ဒေသခံသူငယ်ချင်းဖြစ်သူက စေတီတော်ကြီးကို အနီးအနား ပတ်ဝန်းကျင်ဒေသတွေက မတောင်းတာတောင်လို့ ခေါ်ဆိုကြကြောင်း ရှင်းပြတယ်။ မတောင့်မတကနေ စကားပြောမြန်သွားပြီး မတောင်းတာ ဖြစ်သွားကြတယ်ထင်ပါတယ်။

တောင်ပေါ်ကနေ ကြည့်ရှုနေရတဲ့ မြင်ကွင်း၊ ရှုခင်းတွေအရ အနောက်ဘက်နဲ့မြောက်ဘက်မှာ လယ်ကွင်းတွေ၊ စိုက်ခင်းတွေ၊ ကျေးရွာတွေကိုမြင်တွေ့နေရပြီး အရှေ့ဘက်နဲ့တောင်ဘက်မှာတော့ တောင်စောင်းတစ်လျှောက်မှာ သစ်တောတွေပေါက်ရောက်ဖုံးလွှမ်းနေတာကြောင့် ဘာရှုခင်းမှမမြင်ကြရပါဘူး။ တောင်စောင်းတစ်လျှောက်မှာ ဒီလိုသစ်ပင်သစ်တောကြီးတွေ ဖုံးလွှမ်းပေါက်ရောက်နေလို့ တောင်ပေါ်မှာ အေးမြစိမ်းစိုနေသလို စေတီတော်ရဲ့ရင်ပြင်အစွန်း တောင်စောင်းပတ်လည်မှာလဲ စံကားပင်တွေ စိုက်ပျိုးဖူးပွင့်နေတာကြောင့် စေတီတော်နဲ့တောင်က ပိုမိုလှပတင့်တယ်နေတယ်။ ဒီလိုသာယာလှပတဲ့ မတောင့်မတတောင်ဆိုတာ မိမိတို့နေထိုင်ရာ ပြင်ဦးလွင်မြို့နဲ့ အလှမ်းဝေးကွာလှတာမဟုတ်တဲ့ မိုင် ၁၀၀ လောက်သာရှိနေပြီး အရင်တုန်းကမရောက်ခဲ့ဘဲ အခုမှဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့ရတာက ထူးခြားနေပါတယ်။ အခုအချိန်မှာတော့ မတောင့်မတတောင်ကို အေးအေးဆေးဆေး၊ ပျော်ပျော်ရွှင်ရွှင်၊ မကြောင့်မကြနဲ့ ရောက်ရှိလာခဲ့ရပါပြီ။ ရောက်တုန်းရောက်ခိုက် ဆက်လက်လေ့လာလိုက်ပါအုံးမယ်။

**သက်နိုင်(ပြင်ဦးလွင်)**

# စမ်းချောင်းမြို့နယ် Art Gallery Cafe တွင် ပန်းချီဆရာ၊ ဆရာမ ၂၉ ဦး၏ Spectrum Art Volume 3 ပန်းချီပြပွဲ ပြသသွားမည်



**ရန်ကုန် ဖေဖော်ဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ Art Gallery Cafe တွင် ပန်းချီဆရာ၊ ဆရာမ ၂၉ ဦး၏ Spectrum Art Volume 3 ပန်းချီပြပွဲကို ဖေဖော်ဝါရီ ၂ ရက်မှ ၅ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြပွဲတွင် ပါဝင်ပြသမည့် ပန်းချီ စိုးနိုင်စိုးက ပြောပြ၍ သိရသည်။

Spectrum Art Volume 3 ပန်းချီပြပွဲတွင် ပန်းချီ စိုးနိုင်စိုး၊ ပန်းချီ ဝိဇ္ဇာ၊ ပန်းချီ KM ကျော်ဦး၊ ပန်းချီ မောင်မောင်တင်ဦး၊ ပန်းချီ မိုးလင်း၊ ပန်းချီ ညီထွန်း၊ ပန်းချီ အောင်မျိုးမြတ်၊ ပန်းချီ ဇင်လတ်ခိုင်၊ ပန်းချီ ကေမိုးကို၊ ပန်းချီ ညီထွဋ်၊ ပန်းချီ ဖိုးသူတော်၊ ပန်းချီ ကျော်ညီညီထက်၊ ပန်းချီ ဉာဏ်လင်းထက်၊ ပန်းချီ မင်းမင်းထွန်း၊ ပန်းချီ ဇန်ရာ၊ ပန်းချီ ဂုဏ်ရည်စိုးမိုး၊ ပန်းချီ VINZY၊ ပန်းချီ ပြည့်ဖြိုးကျော်၊ ပန်းချီ ပိုင်စက်အောင်၊ ပန်းချီ ဉာဏ်သော်၊ ပန်းချီ လှမြတ်စိုး၊ ပန်းချီဆရာမ ခင်ခင်ထွေး၊ ပန်းချီဆရာမ ခေမာရှင်း၊ ပန်းချီဆရာမ နေနေထူး၊ ပန်းချီဆရာမ ယုသန္တာ၊ ပန်းချီဆရာမ နတ်သမီး၊ ပန်းချီဆရာမ ထားထားနွယ်၊ ပန်းချီဆရာမ ပိုးအိနှင့် ပန်းချီဆရာမ သဥ္ဇာတို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် အရောင်အသွေးစုံ၊ လက်ရာစုံ ပန်းချီကား ၁၀၀ ကျော်ကို ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"Spectrum Art Volume 3 ကတော့ ပန်းချီဆရာ၊ ဆရာမ ၂၉ ယောက်ရဲ့ Group Arts ဖြစ်ပါတယ်။ ပြသမဲ့ရက်ကတော့ ဖေဖော်ဝါရီ ၂ ရက်ကနေ ဖေဖော်ဝါရီ ၅ ရက်ထိဖြစ်ပါတယ်။ ပြခန်းမှာ လာရောက်ကြည့်ရှုနိုင်သလို အွန်လိုင်းကလဲ လှေလာဝယ်ယူနိုင်အောင် စီစဉ်ထားပါတယ်"ဟု ပန်းချီ စိုးနိုင်စိုးက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့်ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံးငွေကျပ် ခုနစ်သိန်းမှ အများဆုံးငွေကျပ် သိန်း ၂၀ ထိရှိကြောင်း သိရသည်။

ASH

# The Beekeeper ဇာတ်ကား ပြည်တွင်းဈေးကွက် ဝင်ငွေအကောင်းဆုံးအဖြစ်ရပ်တည်

**နယူးယောက် ဖေဖော်ဝါရီ ၁**

The Beekeeper ဇာတ်ကားသည် အမေရိကန်ပြည်တွင်းဈေးကွက်၏ ဝင်ငွေအကောင်းဆုံးဇာတ်ကားအဖြစ် ရပ်တည်နေကြောင်း ဇန်နဝါရီ ၃၁ ရက် သတင်းများအရ သိရသည်။

The Beekeeper ဇာတ်ကားကို ဇန်နဝါရီ ၁၂ ရက်က ရုံတင်ပြသခဲ့ပြီး ဇန်နဝါရီ ၂၉ ရက်ထိ ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၃ သန်းထိ ရရှိထားကြောင်း သိရသည်။

လက်ရှိတွင် The Beekeeper ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေစုစုပေါင်းမှာလည်း အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ထိ ရရှိထားပြီးဖြစ်သည်။

The Beekeeper ဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်အေယာက ရိုက်ကူးပေးထားပြီး မင်းသား ဂျေဆင်စတာသမ် ပါဝင်သရုပ်ဆောင်ထားသည်။

Amazon MGM စတူဒီယိုသည် အဆိုပါဇာတ်ကားကို အမေရိကန်ဒေါ်လာ ၃၄ သန်း သုံးစွဲ၍ ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**




# စိန်ပေါက်ပေါက် ရုပ်ရှင်ဇာတ်ကားကို ဖေဖော်ဝါရီလအတွင်း ရုံတင်ပြသမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ခေတ်သစ်အရှက်ဦး ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် စိန်ပေါက်ပေါက် ရုပ်ရှင်ဇာတ်ကားကို ဖေဖော်ဝါရီလအတွင်း မြန်မာတစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ကိုဇော်(အရှက်ဦး)က ပြောပြ၍ သိရသည်။

စိန်ပေါက်ပေါက် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ရာဇဝင်ကိုက ရေးသားထားပြီး ညာလက်တော်၊ မင်းကိုစိုး (နတ်သံကွင်း)တို့က ရိုက်ကွင်းဇာတ်ညွှန်းကို ရေးသားထားကြောင်း၊ ခေတ်သစ်အရှက်ဦး ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာကိုဇော်(အရှက်ဦး)နှင့် တွဲဖက်ဒါရိုက်တာ အိ(အရှက်ဦး)တို့က တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။




"ဇာတ်လမ်းကတော့ အချစ်ဟာသ ဇာတ်မျိုးလေးပါပဲ။ ဇီဇာကြောင်ပြီး ငွေကြေးချမ်းသာတဲ့ လူပျိုကြီး ကိုစိန်ပေါက်ရဲ့ အချစ်ဇာတ်လမ်းမှာ သူရဲ့တူမလေးနှစ်ယောက်ရဲ့ မွှေနှောက်ချက်တွေကို မြင်ရမဲ့ဟာသဇာတ်မျိုးလေးပါ"ဟု ဒါရိုက်တာ ကိုဇော် (အရှက်ဦး)က ပြောပြသည်။

အဆိုပါဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ ထက်ထက်ထွန်း၊ နော်ဖေအယ်ထား၊ သံသာမိုးသိမ့်၊ ခိုင်နှင်းဝေ၊ မေပန်းချီ၊ ဆုရှင်း၊ ဘဲတော၊ ဟန်နီခေတ်၊ စိုးကြီး၊ ဦးတင်အုန်း၊ နန္ဒဇော်ထက်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Supergirl:Woman of Tomorrow ဇာတ်ကား၌ Supergirl အဖြစ် မင်းသမီး မီလီအယ်ကွတ် ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၁**

Supergirl: Woman of Tomorrow ဇာတ်ကား၌ House of Dragon မင်းသမီး မီလီအယ်ကွတ်သည် Supergirl အဖြစ် ပါဝင်သရုပ်ဆောင်ရမည်ဖြစ်ကြောင်း ဇန်နဝါရီ ၃၁ ရက် သတင်းများအရ သိရသည်။


အဆိုပါဇာတ်ကားသည် ၂၀၂၂ ခုနှစ် Supergirl ရုပ်ပြကာတွန်းများကို အခြေခံရိုက်ကူးမည်ဖြစ်ပြီး Supergirl ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာမ အန်နာနိုဂွီအီရာက တာဝန်ယူရေးသားပေးမည်ဖြစ်သည်။

မင်းသမီး မီလီအယ်ကွတ်သည် HBO ရုပ်သံလိုင်း၏ House of Dragon ဇာတ်ကား၌ ရေနီယာ တာဂါယန်းဇာတ်ကောင်နေရာတွင် ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်ကြောင်း သိရသည်။

မီလီအယ်ကွတ်၏ Supergirl ဇာတ်ကောင်သည် ဒါရိုက်တာဂျိမ်းဂန်းရိုက်ကူးမည့် Superman: Legacy ဇာတ်ကား၌ ပထမဆုံးအကြိမ် ပါဝင်လာဖွယ်ရှိသည်။

လက်ရှိတွင် Supergirl ဇာတ်ကားရိုက်ကူးပေးမည့် ဒါရိုက်တာကို မာဗယ်စတူဒီယိုက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**




# ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ဘင်္ဂလားကျွဲရုပ်များ ဝင်ရောက်လာ

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်း ဈေးကွက်သို့ ဘင်္ဂလားကျွဲရုပ်များ ဝင်ရောက်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ တော်ဝင်မြန်မာ အမှတ်တရ လက်ဆောင်ပစ္စည်း အရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍ သိရသည်။



ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ အလျား ကိုးလက်မ၊ အမြင့် ၅ ဒသမ ၆ လက်မ၊ ဒု ၃ ဒသမ ၆ လက်မ အရွယ်အစားရှိ ဘင်္ဂလားကျွဲရုပ်သည် ရင်းတိုက်သားဖြင့် ထုလုပ်ထားခြင်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး ရွှေမော်ဓောဘုရားကြီးပန်းပုတန်းမှ ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ဝင်ရောက်လာကြောင်း သိရသည်။

"ဇန်နဝါရီလ နောက်ဆုံးပတ်ထဲမှာ ပဲခူးရွှေမော်ဓောဘုရားကြီး ပန်းပုတန်းကနေ ဈေးကွက်ထဲကို ဘင်္ဂလားကျွဲရုပ်တွေ ဝင်လာပါတယ်။ ဘင်္ဂလားကျွဲရုပ်က မြန်မာနိုင်ငံက ကျွဲတွေနဲ့ ပုံစံတော်တော်လေး ကွာပါတယ်။ ဒါကို ပေါ်လွင်အောင် ထုလုပ်ထားတာဖြစ်ပါတယ်။ ဝင်လာတာတော့ အရုပ် ၅၀ လောက်ဖြစ်ပါတယ်"ဟု ဒေါ်ခင်မြင့်ခိုင်က ပြောပြသည်။

အဆိုပါ ဘင်္ဂလားကျွဲရုပ်တစ်ရုပ်လျှင် ငွေကျပ် ၁၀၀၀၀၀ ခန့်ဖြစ်ပြီး ဇန်နဝါရီလနောက်ဆုံးပတ်အတွင်း ဘင်္ဂလားကျွဲရုပ်အရေအတွက် ၅၀ ခန့် ဝင်ရောက်ထားကြောင်း သိရသည်။ ASH

# SAC Chairman Prime Minister Senior General Min Aung Hlaing addresses State Administration Council Meeting 1/2024


Senior General Min Aung Hlaing delivers address at the SAC meeting 1/2024.

**Nay Pyi Taw February 1**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivered an address at the SAC Meeting 1/2024 at the SAC Chairman's Office in Nay Pyi Taw today.

Also present at the meeting were SAC Vice-Chairman Deputy Prime Minister Vice-Senior General Soe Win, Secretary Lt-Gen Aung Lin Dwe, Joint Secretary Lt-Gen Ye Win Oo, council members and officials.

In his speech, the Senior General said that the National Defence and Security Council Meeting 1/2024 was convened and all situations of the State within the six-month period was clarified. With the approval of the NDSC, the term of the State of Emergency was further extended under Section 425 of the Constitution.

Since its establishment, the government has adopted the roadmap comprising a point that the Union Election Commission will inspect and expose voting frauds. The process was completed within more than one year. But, those dissatisfied with taking action against the election results staged protests and then unrests and violent attacks and blowing up. So, the ordinary situation saw deterioration. If all issues were solved by political means without terror attacks, the State of Emergency period would not be long like this.

With regard to EAOs, at a time when the government took office, some hardliners from KNU among NCA signatory ethnic armed organizations, CNF and ABSDF committed terror process. KIA from non-NCA signatories gave terrorism and mine explosive courses to those with different political doctrines and provided arms and ammunition. KNPP gave terror training to PDF terrorists with assistance of arms and ammunition in addition to committing tactics of attacks. These are acts of harming the ordinary situations.

MNDAA attacked Laukkai region with excessive strengths and drop bombs from drones on 27 October 2023, spending money obtained from illegal businesses, assistance from alliances and drug production. Their acts harmed the ordinary situations.

The ultimatum visions of the government are to hold a free and fair dignified election. Objectives mentioned that upon completion of the process in line with the State of Emergency, a free and fair multiparty democratic general election will held and then State duties will be handed over to the elected government. Upon completion of the duties, the government will hand over the duties to the NDSC and to hold the election and convene the Hluttaw.

The State Administration Council has been systematically formed since its establishment. At present, the SAC needs to politically lead the State. To do so, the council is formed with most responsible officers from Tatmadaw and leaders from ethnic regions capable of working and leading the relevant regions and states.

The SAC is implementing policies in serving the State responsibilities. Two political visions are to strengthen a genuine, disciplined multiparty democratic system and to build a Union based on democracy and federalism. Two national visions are to ensure prosperity of the State and food security. Prosperity of the State should be implemented. Only when the country is peaceful and stable with the situation for all to peacefully develop socio-economic life and peacefully learn education.

Regarding international relations, everything needs to go well. Only then will the country prosper. Regarding food security, according to the International Food Security, we need to try for our country to be able to meet the world's food needs. There is a good foundation for agriculture and livestock breeding activities in our country, so we need to be able to use it effectively.

We are working on establishing five previous processes based on the political goals and national goals. Doing so is to successfully implement the established policies. The first point is for the successful holding of a free and fair multi-party democratic general election and ensuring stability and peace throughout the Union and the full rule of law. In order for the election to be held successfully, law enforcement must be implemented. Therefore, measures for security and stability must be taken. Secondly, we will continue to make efforts to improve the national economy and the socio-economic life of the entire people by promoting the production activities based on agriculture and livestock breeding that are applicable to the entire people. It is mainly for the development of the country's economy. Thirdly, we will work as hard as possible according to the agreements in the NCA to ensure the stability of internal peace, which is the natural essence of the state, and the achieved internal peace results.

The fourth point is the strengthening of a genuine and disciplined multi-party democratic system and the process of building a union based on democracy and federalism at a rapid pace. Looking at the country's politics, economy and the three executive powers over the past 10 years, it is clear that although the powers of democracy and federalism have been given to the states and regions, they have not been able to work properly. For example, in the process of amending the constitution, the Parliament could only file a report on the amendment, and could not hold a national referendum. Similarly, we need to be able to fully implement the mandates in the governance patterns that are currently being carried out by regions and states.

Regions and states can enact laws in the sectors allowed by the constitution. However, law enforcement is not fully implemented. As a result, they have become frustrated that they are not fully working according to their mandates, and they are demanding greater power. Therefore, I have always told the region and state chief ministers that they can do whatever they can to bring about the benefit of the region according to their powers. In using the mandates, it is necessary to bring out the benefits of the region and local residents and not to use them for the interests of the minority.

The fifth point is to ensure that the rights of all those entitled to vote are not lost and that the general election is held successfully. In order for the elections to be held, we must create the conditions, and there must be regional peace and stability. Voter lists must be correct. We must work to hold a dignified election and a dignified parliamentary session. In terms of not losing the rights of voters, every citizen must have equal rights regardless of whether they live in urban or rural areas of the country. Therefore, we have to take time to conduct the election in accordance with the Constitution (2008) and must be able to conduct a free and fair election in accordance with the law.

I have said about the five-point roadmap of the SAC, and the council members need to explain clearly when they reach the areas for which they have their responsibilities.

Although amendments of laws were made during the two terms of democracy governments, there are requirements to amend certain laws as necessary. Such amendments are related laws and provisions must be taken into consideration. Members of the SAC are required to think about them in advance in the long-term interests of the country. In connection with amending the constitution, talks will be held with political parties and ethnic armed organizations, which are signatories and non-signatories to the NCA and an amendment process must go through elections and the Hluttaw.

Then, members of the SAC reported to the Senior General on the needs to take correct measures to fulfill ethnic rights, to conduct the upcoming population census systematically to collect correct names, usages and statistics of ethnic groups and tribes, to raise the awareness of farmers to use natural fertilizers, to harvest paddy in Rakhine State in a timely manner, to maintain the regular flow of foodstuffs and to take steps to enable students in conflict zones to sit for matriculation examinations and intimidation of government staff by armed organizations and matters related to domestic stability and security.

After hearing the reports, the Senior General made concluding remarks, saying efforts must be made for economic development of the country and the economy of the country relies on manufacturing products based on the agriculture and livestock breeding sectors.

Education must be enhanced for the future of the country. Without knowledge and technical know-how, political and economic objectives cannot be achieved. During the term of the government, concerted efforts must be made for economic development of the country and acquisition of quality education. Better future requires quality education. In conclusion, the Senior General urged members of the SAC to exert efforts for economic development and educational enhancement of the country and the meeting came to a close.

100

# Locals from Ngaputaw Township sell up to 350,000 visses of sun-dried salt to other areas


Farmers making salt in a field.

**Ngaputaw February 1**

A total of 350,000 visses of sun-dried salt was sent from Ngaputaw Township, Ayeyawady Region to other areas in December, said Daw Nyo Myint, a sun-dried salt producer and trading entrepreneur in Ngaputaw Township.

In December, up to 350,000 visses of sun-dried salt was transported to areas such as Maubin, Pathein and Yangon. Sun-dried salt producers from the area are producing sun-dried salt systematically and sold it to the Yangon market.

"We are selling sun-dried salt to other areas, including the Yangon market. There is a lot of demand for sun-dried salt from the Yangon market. As there is more demand from local fish paste and dried fish market, the sale of salt has increased. We are properly producing and selling the sun-dried salt. The sales are good, so it is convenient for people from various sectors in the market," she said.

The sun-dried salt produced by Ngaputaw Township is selling at a price of 45,000 kyats per 100 visses. KKL

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Yamethin Township completes cultivation of winter groundnut on more than 17,000 acres this season

**Mandalay February 1**

Head of Yamethin Township Agriculture Department disclosed that local farmers have grown 17,435 acres of winter groundnut in Yamethin Township of Mandalay Region this cold season cultivation period.

The township earmarked cultivation of 12,500 acres of winter groundnut this year. From the third week of October to date, local farmers have cultivated 17,435 acres of winter groundnut, exceeding the target. Cultivation of cold season groundnut aims to ensure oil sufficiency for the people.

"This year, Yamethin Township planned to grow 12,500 acres of winter groundnut exceeding the target of 17,435 acres this year. The Agriculture Department urges local farmers to expand sown acreage of winter groundnut year by year. It aims to ensure oil sufficiency of the region. So, the department earmarks the plans of cultivation for oil crops on a yearly basis. The department distributes quality strains of oil crops, agricultural techniques and post-harvest technology to local farmers," he explained.


A groundnut plantation.

The department helps local farmers thrive crop plantations of groundnut this year with prevention of pests and weeding. So, staff of the department make field trips to crop plantations. 185

# Locals from Hainggyikyun grow 2,844 acres of kitchen crops in winter crop growing season

**Hainggyikyun February 1**

A total of 2,844 acres of kitchen crops have been planted this winter in Hainggyikyun Town, Ngaputaw Township, Ayeyawady Region, said U Tun Myo Thant, head of the Department of Agriculture for Ngaputaw Township.

In Hainggyikyun town, 2844 acres of kitchen crops have been planted since the first week of October, 2023 in this year's winter crop planting season and all of the 2844 acres of kitchen crops have been fully planted.

It is reported that the Township Department of Agriculture and local farmers have cooperated in order to plant the winter crops without difficulty.

This year's winter crop planting season in Hainggyikyun, cauliflower, coriander, radish plant, eggplant, papaya and bitter gourd are planted. The township's agriculture department will go to the fields and meet with farmers to ensure that the crops to be planted are plowed successfully, to be safe from pests, to avoid damage due to natural disasters and other reasons, and to educate them.

KKL


A kitchen crop plantation.

# Sale of cabbages from mountainous areas sores in Mandalay market

**Mandalay February 1**

The sales of cabbages coming from PyinOoLwin and Aungban towns are soared in the Thiri Malar Green Wholesale Market in Aungmyethazan District, Mandalay Region, according to the cabbage stalls in the market.

The cabbages from PyinOoLwin and Aungban are currently transported to the Thiri Malar Green Wholesale Market in Mandalay by 3 to 4 twelve-wheelers and 5 to 6 six-wheelers are entering regularly. The cabbages are almost out of stock in the market, and the business is good. The current price of a cabbage is 500 to 600 kyats, said U Aung Moe Naing, the owner of the Aung wholesale center in Mandalay.

"Currently, only the mountainous areas where cabbage is mainly grown are entering in the market abundantly. There are fewer cabbage planters, and due to the scarcity, transactions are going well. At present, 6-wheelers and 12-wheelers carrying cabbage regularly enter the market. Therefore, farmers are getting good prices," he said.

Cabbages from PyinOoLwin and Aungban towns are currently entering the Mandalay market every day and the business is doing well.

185

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ယူကရိန်းနိုင်ငံကာကွယ်ရေးဆိုင်ရာဆက်သွယ်ရေးအဖွဲ့က ဒရုန်းညွန့်ပေါင်းအဖွဲ့သစ်တစ်ရပ် စတင်ဖွဲ့စည်း



ယူကရိန်းနိုင်ငံ ကာကွယ်ရေးဆိုင်ရာ ဆက်သွယ်ရေးအဖွဲ့ (UDCG)မှ အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ အဋ္ဌမအကြိမ်မြောက် Virtual Meeting တွေ့ဆုံမှုအတွင်း ယူကရိန်း၏ဒရုန်းစွမ်းရည်များအားကောင်းစေရန် ဒရုန်းညွန့်ပေါင်းအဖွဲ့သစ်တစ်ရပ်ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဖွဲ့ဝင်နိုင်ငံ ၅၄ နိုင်ငံ ပါဝင်သော မဟာမိတ်အဖွဲ့သည် ရုရှား၏ အထူးစစ်ဆင်ရေးကို တွန်းလှန်တိုက်ဖျက်ရန် ရေရှည်ဖြေရှင်းချက်အဖြစ် ကနဦးအစပြုမှုကို ကြေညာခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

လတ်ဗီးယားနိုင်ငံသည် ဆွီဒင်၊ ဗြိတိန်တို့နှင့်အတူ ညွန့်ပေါင်းအဖွဲ့ကို ဦးဆောင်အကောင်အထည်ဖော်သွားရန် စီစဉ်ထားသည်။ ဗြိတိန်နိုင်ငံကလည်း ညွန့်ပေါင်းအဖွဲ့တွင် ပူးတွဲခေါင်းဆောင်ဖြစ်ရန်စိတ်ဝင်စားကြောင်း ကြေညာခဲ့သည်။

လတ်ဗီးယားနိုင်ငံကာကွယ်ရေးဝန်ကြီး Andris Spruds ယူကရိန်းနိုင်ငံ၏ မြို့တော် ကီယက်ဗ်မြို့သို့လာရောက်လည်ပတ်ခဲ့ပြီးနောက် ယူကရိန်းနှင့် လတ်ဗီးယားနိုင်ငံတို့က ပေါ်ပေါက်လာသည့် စိတ်ကူးစိတ်သန်းကို ပုံဖော်ခဲ့ခြင်းဖြစ်သောအဆိုပါအစီအစဉ်သည် အီလက်ထရွန်နစ်နှင့် ခေတ်သစ်စစ်ပွဲ နည်းပညာနယ်ပယ်တွင် UDCG အဖွဲ့မှ အဓိကပံ့ပိုးကူညီဆောင်ရွက်ပေးသွားနိုင်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ဆွေးနွေးပွဲအတွင်း ပိုလန်နိုင်ငံဦးဆောင်သော သံချပ်ကာညွန့်ပေါင်းအဖွဲ့ကိုလည်း နောက်ထပ်ဖွဲ့စည်းထားကြောင်း ကြေညာခဲ့ပြီး လာမည့်နှစ်များတွင် လုံခြုံရေးအကူအညီများ တည်တံ့ခိုင်မြဲရေးနှင့် နက်ရှိုင်းစွာ တိုးမြှင့်ပေးအပ်လာနိုင်ရေးတို့ကို အာရုံစိုက်လုပ်ဆောင်သွားမည်ဟု သိရသည်။

ညွန့်ပေါင်းအဖွဲ့သစ် ထမ်းဆောင်ရမည့်တာဝန်ကို အတိအလင်း ထုတ်ပြန်ကြေညာခြင်းမရှိသေးသော်လည်း ယူကရိန်း၏ ကာကွယ်ရေးဆိုင်ရာ သီးခြားကဏ္ဍများ ဖော်ဆောင်ရာတွင် စွမ်းဆောင်ရည်အလိုက် အခြားသောအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုပြောကြားခဲ့သည်။

UDCG အဖွဲ့၏ အခြားဖွဲ့စည်းထားသော ညွန့်ပေါင်းအဖွဲ့များသည် လေတပ်၊ အမြောက်တပ်များ၊ ပင်လယ်ရေကြောင်းလုံခြုံရေး၊ မြေပြင်အခြေစိုက် လေကြောင်းရန်ကာကွယ်ရေး၊ မိုင်းရှင်းလင်းရေးနှင့် သတင်းအချက်အလက် နည်းပညာတို့ကို အဓိကထားလုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲအတွင်း ယူကရိန်းနိုင်ငံအတွက် လစ်သူရေးနီးယားနိုင်ငံ၏ ၂၀၂၄ ခုနှစ်မှ ၂၀၂၆ ခုနှစ်ကာလအတွင်း ယူရိုသန်း ၂၀၀ (အမေရိကန်ဒေါ်လာ ၂၁၇ သန်း) ကုန်ကျမည့် အကူအညီပေးရေးအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းတွင် စစ်ရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာအကူအညီများအတွက် ယူရို ၂၂ ဒသမ ၃ သန်း (အမေရိကန်ဒေါ်လာ ၂၄ သန်း) ပါဝင်ကြောင်း၊ အဆိုပါအကူအညီပေးရေးတွင် ခဲယမ်းမီးကျောက်များ၊ ဒရုန်းများ၊ ဓာတ်အားပေးစက်များ၊ ဖောက်ခွဲရေးစနစ်များနှင့် အခြေထည်များ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

အစီအစဉ်တွင် စစ်ဒဏ်ခံနေရသော ယူကရိန်းနိုင်ငံအတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများကို ကြိုးပမ်းလုပ်ဆောင်ပေးသွားမည်ဖြစ်ပြီး ယူကရိန်းတပ်မတော်အတွက် လေ့ကျင့်ရေးနှင့် နိုင်ငံပြန်လည်ထူထောင်ရေးတို့ကို ပူးပေါင်းလုပ်ဆောင်ပေးရန် ကမ်းလှမ်းမည်ဖြစ်သည်။ ဂျာမနီနိုင်ငံကလည်း Sea King ဘက်စုံသုံးရဟတ်ယာဉ်ခြောက်စင်းကို ယူကရိန်းနိုင်ငံကိုပေးအပ်ရန် ကတိပြုခဲ့သည်။

**Ukraine Defence Contact Group Launches New Drone Coalition ကို ဘာသာပြန်ဆိုထားပါသည်။**

---

## ဖိလစ်ပိုင်နိုင်ငံက ကန်ဒေါ်လာ ၃၅ ဘီလီယံတန် Re-Horizon 3 စစ်ဘက်ခေတ်မီရေးအစီအစဉ်ကို သဘောတူခွင့်ပြုခဲ့

ဖိလစ်ပိုင်အစိုးရသည် “Re-Horizon 3”ဟုခေါ်သော စစ်ဘက်ခေတ်မီရေးအစီအစဉ်ကို အတည်ပြုပေးခဲ့ပြီး ၎င်းသည် ၁၀ နှစ်အတွင်း အမေရိကန်ဒေါ်လာ ၃၅ ဘီလီယံထိ သုံးစွဲမည်ဖြစ်ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဖိလစ်ပိုင်သမ္မတ Ferdinand Marcos Jr. လက်မှတ်ရေးထိုးခဲ့သော Re-Horizon 3 သည် ၂၀၁၃ ခုနှစ်က စတင်ခဲ့သော အဆင့်သုံးဆင့်ပါဝင်သည့်စစ်ဘက်ခေတ်မီရေးအစီအစဉ်၏ နောက်ဆုံးအဆင့်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အစီအစဉ်၏တစ်စိတ်တစ်ပိုင်းအနေဖြင့် ဖိလစ်ပိုင်နိုင်ငံသည် ပေါ်ပေါက်လာသောခြိမ်းခြောက်မှုများကို တိုက်ဖျက်ချေမှုန်းရန်၊ ၎င်း၏ကာကွယ်ရေးစွမ်းရည်ကို အဆင့်မြှင့်တင်ရန်အတွက် ခေတ်မီစစ်လက်နက်များနှင့် စက်ပစ္စည်းကိရိယာများ ဝယ်ယူရေးလုပ်ငန်းစဉ်များကို အရှိန်မြှင့်လုပ်ဆောင်သွားမည်ဖြစ်သည်။

အထူးသဖြင့် ၎င်းသည်နိုင်ငံ၏ကြိုတင်သတိပေးနိုင်မှု၊ ဆက်သွယ်ရေး၊ စောင့်ကြည့်ထောက်လှမ်းမှု၊ ထောက်လှမ်းမှုနှင့် ကင်းထောက်ရေးဆိုင်ရာ ရည်မှန်းချက်တာဝန်ထမ်းဆောင်နိုင်မှု စွမ်းဆောင်ရည်များကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် အာရုံစိုက်ထားမည်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံသားများ၊ နိုင်ငံပိုင်ကော်ပိုရေးရှင်းများနှင့် အစိုးရမှ အာဏာပိုင်များ၊ သီးသန့်စီးပွားရေးဇုန်များ၊ သဘာဝသယံဇာတများ ရှာဖွေအသုံးချမှုများကို တပ်မတော်ခေတ်မီရေး အဆင့်မြှင့်တင်ရန် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များတွင် အထောက်အပံ့ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံ ကာကွယ်ရေးဝန်ကြီး Gilberto Teodoro Jr. က ပြောကြားခဲ့သည်။

Re-Horizon 3 စစ်ဘက်ခေတ်မီရေးအစီအစဉ်ကို အတည်ပြုချက်မရသေးမီ ဖိလစ်ပိုင်စစ်ဘက်သည် Horizon 3 ဟုခေါ်သော ကဏ္ဍပေါင်းစုံမှ တိုက်လေယာဉ်များ၊ ဖရီးဂိတ်စစ်သင်္ဘောများ၊ ဒုံးကျည်များနှင့် ရေဒါများအတွက် ဝယ်ယူမှုအစီအစဉ်များပါဝင်သည့် စစ်ဘက်အဆင့်မြှင့်တင်ရေး အခြားစာရင်းတစ်ခုကို တင်သွင်းခဲ့သေးသည်။




အဆိုပါ အစီအစဉ်သည် ဒေသတွင်းတွင် အင်အားအနည်းဆုံးစစ်ဘက်များထဲမှ တစ်ခုအဖြစ် ကျန်ရှိနေခဲ့သည့် ဖိလစ်ပိုင်စစ်ဘက်ကို အားကောင်းလာစေရန်အတွက် တူညီသောရည်ရွယ်ချက်များဖြင့် ချမှတ်လုပ်ဆောင်ခဲ့ခြင်းလည်းဖြစ်သည်။ သို့သော်လည်းရန်ပုံငွေဆိုင်ရာ ပြဿနာများကြောင့် ဖိလစ်ပိုင်နိုင်ငံ တပ်မတော်အနေဖြင့် ၎င်းတို့၏ ခေတ်မီအဆင့်မြှင့်တင်ရေးအစီအစဉ်ကို ပြန်လည်သုံးသပ်ပြီးပြင်ဆင်ပြုစုထားသော လက်နက်ပစ္စည်းများစာရင်းကို သာတင်သွင်းခဲ့ရသည်။ လက်ရှိ Re-Horizon 3 စစ်ဘက်ခေတ်မီရေးအစီအစဉ်သည် နိုင်ငံကို ပိုမိုကာကွယ်မှုလိုအပ်သော ဧရိယာများတွင် စွမ်းအားဖြန့်ကြက်နိုင်ရန် စီမံကိန်းများ လုပ်ဆောင်နိုင်စေမည့် ကျယ်ပြန့်သောကျွန်းစုကာကွယ်ရေး အယူအဆပေါ်တွင်လည်း အခြေခံထားကြောင်း သိရသည်။

**Philippines OKs $35B ‘Re-Horizon 3’ Military Modernization Plan ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကန့်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၂၆၁ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် ဖေဖော်ဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၂၆၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

ကန့်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၅၆၁ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပဲတီစိမ်း ၅၂၆၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ပဲတီစိမ်းကို လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ကန့်ကြီးထောင့်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲတီစိမ်း ၄၅၆၁ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲတီစိမ်း လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်တာတွေကို စနစ်တကျ စီမံဆောင်ရွက်ပေးခဲ့ပါတယ်။ စိုက်ပျိုးပြီးသီးနှံတွေ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းဖို့ကိုလဲ ဆက်လက်ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးဝင်းက ပြောပြသည်။

ကန့်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းအပါအဝင် ဆောင်းသီးနှံများကို လျာထားချက် ပြည့်မီအောင် စိုက်ပျိုးနိုင်ရန်အတွက် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးကုမ္ပဏီများ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# ကော့မှူးမြို့နယ် ပိန္နဲကုန်းကျေးရွာ၌ ဂဝံလမ်း၊ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကော့မှူး ဖေဖော်ဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ပိန္နဲကုန်းကျေးရွာ၌ ဂဝံလမ်း၊ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနေဝင်း၊ ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်နှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၀၈ ဒသမ ၁ သန်းဖြင့် ပိန္နဲကုန်းကျေးရွာ ပိန္နဲချောင်လမ်းသွယ် ဂဝံလမ်းခင်းခြင်း၊ ပြည်ထောင်စုရန်ပုံငွေကျပ် ၁၈ ဒသမ ၀၅ သန်းဖြင့် ပိန္နဲကုန်းကျေးရွာ မဟော်ဂနီလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို သတ်မှတ်စံချိန်စံညွှန်း အတိုင်းအတာ ပြည့်မီခြင်းရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးနေဝင်းက သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားသည်။



ကော့မှူးမြို့နယ် ပိန္နဲကုန်းကျေးရွာ၌ ပိန္နဲချောင်လမ်းသွယ်၌ လမ်းအရှည် တစ်မိုင်နှင့် ၁ ဒသမ ၁၂၂ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ဂဝံလမ်းခင်းခြင်းလုပ်ငန်း၊ ပိန္နဲကုန်းကျေးရွာ မဟော်ဂနီလမ်း၌ လမ်းအရှည်သုည ဒသမ ၇၈၈ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ် လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းတို့ကို ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃ ခုနှစ် ဇူလိုင် ၃၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးနေဝင်းထံမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# တောင်သာမြို့နယ် ကျွန်းကြီး(မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်သာ ဖေဖော်ဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းကြီး(မ)ကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး မြတ်မျိုးထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်၊ မိသားစုဝင်ငွေ တိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက်လူနေမှုအဆင့်အတန်းကွာဟမှုကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေများကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ အသင်းသားအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့် လုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်ကြရန်၊ ရန်ပုံငွေလေလွင့်မှုမရှိစေရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်ပပဝင်းခိုင်က ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ကျွန်းကြီး(မ)ကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် ၁၆၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးကို ငွေကျပ် ၁၀၈ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် ၅၅ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၆၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၂၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချစ်ဦးကို**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁-၂-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၆၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၄၅၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၅၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၉၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

☞ ရှေ့စာမျက်နှာမှအဆက်

| | | |
|---|---|---|
| (၄) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန | ဗိုလ်ချုပ်ကြီးတင်အောင်စန်း |
| (၅) | ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် |
| (၆) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဦးဝင်းရှိန် |
| (၇) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန | ဦးသန်းဆွေ |
| (၈) | ပြည်ထောင်စုဝန်ကြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) | ဦးကိုကိုလှိုင် |
| (၉) | ပြည်ထောင်စုဝန်ကြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) | ဦးအောင်နိုင်ဦး |
| (၁၀) | ပြည်ထောင်စုဝန်ကြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၃) | ဦးအောင်ကျော်ဟိုး |
| (၁၁) | ပြည်ထောင်စုဝန်ကြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၄) | ဗိုလ်ချုပ်ကြီးမိုးအောင် |
| (၁၂) | ပြည်ထောင်စုဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန | ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် |
| (၁၃) | ပြည်ထောင်စုဝန်ကြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ဒေါက်တာကံဇော် |
| (၁၄) | ပြည်ထောင်စုဝန်ကြီး ဥပဒေရေးရာဝန်ကြီးဌာန | ဒေါက်တာသီတာဦး |
| (၁၅) | ပြည်ထောင်စုဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန | ဦးမောင်မောင်အုန်း |
| (၁၆) | ပြည်ထောင်စုဝန်ကြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ဦးတင်ဦးလွင် |
| (၁၇) | ပြည်ထောင်စုဝန်ကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဦးမင်းနောင် |
| (၁၈) | ပြည်ထောင်စုဝန်ကြီး သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန | ဦးလှမိုး |
| (၁၉) | ပြည်ထောင်စုဝန်ကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ဦးခင်မောင်ရီ |
| (၂၀) | ပြည်ထောင်စုဝန်ကြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ဦးညဏ်ထွန်း |
| (၂၁) | ပြည်ထောင်စုဝန်ကြီး စွမ်းအင်ဝန်ကြီးဌာန | ဦးကိုကိုလွင် |
| (၂၂) | ပြည်ထောင်စုဝန်ကြီး စက်မှုဝန်ကြီးဌာန | ဒေါက်တာချာလီသန်း |
| (၂၃) | ပြည်ထောင်စုဝန်ကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန | ဦးမြင့်ကြိုင် |
| (၂၄) | ပြည်ထောင်စုဝန်ကြီး အလုပ်သမားဝန်ကြီးဌာန | ဦးမြင့်နောင် |
| (၂၅) | ပြည်ထောင်စုဝန်ကြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | ဦးထွန်းအုံ |
| (၂၆) | ပြည်ထောင်စုဝန်ကြီး ပညာရေးဝန်ကြီးဌာန | ဒေါက်တာညွန့်ဖေ |
| (၂၇) | ပြည်ထောင်စုဝန်ကြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ဒေါက်တာမျိုးသိန်းကျော် |
| (၂၈) | ပြည်ထောင်စုဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန | ဒေါက်တာသက်ခိုင်ဝင်း |
| (၂၉) | ပြည်ထောင်စုဝန်ကြီး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | ဦးမင်းသိန်းဇံ |
| (၃၀) | ပြည်ထောင်စုဝန်ကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန | ဦးမျိုးသန့် |
| (၃၁) | ပြည်ထောင်စုဝန်ကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒေါက်တာစိုးဝင်း |
| (၃၂) | ပြည်ထောင်စုဝန်ကြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ဒေါက်တာသက်သက်ခိုင် |
| (၃၃) | ပြည်ထောင်စုဝန်ကြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | Jeng Phang နော်တောင် |
| (၃၄) | အမြဲတမ်းအတွင်းဝန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ဦးဇော်သန်းသင်း |

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

☆ **ကျောဖုံးမှအဆက်**

ဒေါက်တာဘရှွေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ ဘတ်စကက်ဘော အမျိုးသမီး၊ အမျိုးသား(5 on 5)ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ယှဉ်ပြိုင်အနိုင်ရရှိပြီး အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ယှဉ်ပြိုင်အနိုင်ရရှိသည်။



ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အသင်းလိုက်(5 on 5) ပြိုင်ပွဲတွင် အမျိုးသားအကောင်းဆုံးအားကစားသမားဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ ယောလှနှင့် အမျိုးသမီးအကောင်းဆုံးအားကစားသမားဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ မြနှင်းမှုံတို့ကို ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ဂုဏ်ပြုချီးမြှင့်ငွေကျပ် တစ်သိန်းစီကိုလည်းကောင်း၊ အမျိုးသမီးအသင်းလိုက်(3 on 3)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းတို့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ အမျိုးသားအသင်းလိုက်(3on 3)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ကို ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ အမျိုးသမီး အသင်းလိုက်(5 on 5)ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့က တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ အမျိုးသား အသင်းလိုက်(5 on 5)ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ကို ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် ဦးကိုကိုလှိုင်တို့က တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အမျိုးသမီး အသင်းလိုက်(5 on 5)ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းနှင့် အမျိုးသားအသင်းလိုက်(5 on 5)ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်နှင့် ဦးရွှေကြိမ်းတို့က တစ်ဦးချင်းဆုတံဆိပ်နှင့်ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၅ သိန်းကိုလည်းကောင်း၊ အမျိုးသမီးအသင်းလိုက်(5 on 5)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့်အမျိုးသားအသင်းလိုက်(5 on 5)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်နှင့် ဒေါက်တာဘရှွေတို့က တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ အမျိုးသမီးအသင်းလိုက်(3 on 3)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် အမျိုးသားအသင်းလိုက်(3 on 3)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်နှင့် မန်းငြိမ်းမောင်တို့က တံခွန်စိုက်ဆုဖလားကိုလည်းကောင်း၊ အမျိုးသမီးအသင်းလိုက်(5 on 5)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် အမျိုးသားအသင်းလိုက်(5 on 5)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းနှင့် ဒေါ်ဒွဲဘူတို့က တံခွန်စိုက်ဆုဖလားကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ဘတ်စကက်ဘော အားကစားသမားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုခိုင်မာလာစေရေး၊ ဘတ်စကက်ဘော မျိုးဆက်သစ်အားကစားသမားများပေါ်ထွက်လာစေရေးနှင့် ဘတ်စကက်ဘော အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးတို့ကို ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲကို ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၁ ရက်ထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ကျင်းပပြုလုပ်ခဲ့ပြီး ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၂ သင်းနှင့် အမျိုးသမီးအသင်း ၁၁ သင်းတို့မှ အားကစားသမားစုစုပေါင်း ၃၆၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကယားပြည်နယ်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ ဖူးမြော်ကြည်ညို



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကယားပြည်နယ်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ ဖူးမြော်ကြည်ညိုပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ကယားပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့စုစုပေါင်း ဦးရေ ၄၀ တို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဉယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီးတည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီများ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ကယားပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများပြောကြားကြပြီး ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှုအခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ ဘုရားဖူးကယားပြည်နယ်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့သည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိ၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဉယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီများနှင့် အခြားသာသနိကအဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများလည်း လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ခဲ့ကြသည့် ကယားပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့၏ ရင်တွင်းစကားသံများကို ယခုလိုကြားသိခဲ့ရပါတယ်-

"ကျွန်တော်တို့မြန်မာနိုင်ငံမှာ တန်ခိုးကြီးဘုရားတွေများစွာရှိတဲ့အထဲမှ ကမ္ဘာမှာ ဉာဏ်တော်အမြင့်ဆုံး ဒီမာရဝိဇယဘုရားကြီးကိုလာရောက်ဖူးမြော်ရတဲ့အတွက် နိုင်ငံသားတစ်ယောက်အနေနဲ့ အင်မတန်မှ ဝမ်းသာဂုဏ်ယူမိပါတယ်။ ပထမဆုံး ကျွန်တော်တို့ကို ဂေါပကရုံးမှာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အသေးစိတ်တည်ဆောက်ပုံကို သိရှိလေ့လာခွင့်ရခဲ့ပါတယ်။ အခုဒီမှာ လူတစ်ထောင်ကျော်ဆံ့တဲ့ ဗိမာန်တော်ကြီးကို လေ့လာခွင့်ရတဲ့အတွက်ကြောင့် အင်မတန်မှ ဝမ်းသာပီတိဖြစ်ရပါတယ်။ တော်တော်လေးလည်း ထူးထူးခြားခြား တည်ဆောက်ထားတာကို တွေ့ရတဲ့အတွက်ကြောင့် နိုင်ငံသားတစ်ယောက်အနေနဲ့ အင်မတန်မှ ဝမ်းသာဂုဏ်ယူမိပါတယ်။"

"ကျွန်မကတော့ ကယားပြည်နယ်ကိုယ်စားပြု ရိုးရာယဉ်ကျေးမှုအဖွဲ့အနေနဲ့ ဒီမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ပထမဦးဆုံးအကြိမ် လာရောက်ဖူးမြော်ခြင်းဖြစ်ပါတယ်။ ရုပ်မြင်သံကြားနဲ့ အွန်လိုင်းပေါ်မှာတော့ တွေ့မြင်နေရတာကြာပါပြီ။ ကိုယ်တိုင်ဖူးမြော်ချင်နေတာလည်း ကြာပါပြီ။ အခုလိုအပြင်မှာ ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်ရတဲ့အတွက် အတိုင်းမသိဝမ်းသာကြည်နူးရပါတယ်။ မော်ကွန်းတိုက်မှာဆိုရင်လည်း ပုံစံငယ်တွေကို ခင်းကျင်းပြသထားတာကိုလည်းတွေ့ရပါတယ်။ ဘုရားကြီးတည်ဆောက်ပုံအဆင့်ဆင့်ကို ဂေါပကအဖွဲ့က အသေးစိတ်ရှင်းပြတဲ့အတွက်လည်း အထူးပဲကျေးဇူးတင်ရှိပါတယ်။ အခုလိုလာရောက်လေ့လာဖူးမြော်နိုင်အောင် စီစဉ်ပေးတဲ့ ကယားပြည်နယ်အစိုးရအဖွဲ့ကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်။ ကမ္ဘာ့အလယ်မှာ ဗုဒ္ဓဘာသာနိုင်ငံအနေနဲ့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်နိုင်ခဲ့တဲ့အတွက် မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။"

"ကျွန်မကတော့ ကယားပြည်နယ်တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့ကနေ လေ့လာရေးခရီးစဉ်ကိုပါလာတာဖြစ်ပါတယ်။ ပထမဦးဆုံး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ပြီးပါပြီ။ နောက်ပြီး မော်ကွန်းတိုက်ကို လေ့လာခဲ့ပါတယ်။ အဲဒီနောက်မှာ ကျောက်စာရုံစေတီတွေကို ဖူးမြော်ရင်း ကျောက်စာများကိုလေ့လာဖြစ်ခဲ့ပါတယ်။ ဉာဏ်တော်အမြင့်ဆုံးဖြစ်တဲ့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှာရှိတဲ့ ဘုရားဖူးပြည်သူများကိုလည်း ဒီမာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ကြဖို့ ဖိတ်ခေါ်ပါတယ်။"



ကျောက်စာရုံစေတီများကို ကယားပြည်နယ်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ ကြည့်ရှုလေ့လာကြည်ညိုစဉ်။



မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဉယျာဉ်တော် ပုံစံငယ်ပြသထားမှုကို ကယားပြည်နယ်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ လေ့လာကြည်ညိုစဉ်။







# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်သမန်မည်စည်လွှင်ပြင်ဖွင့်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်သမန်မည်စည်လွှင်ပြင် ဖွင့်ပွဲအခမ်းအနားကို အမရပူရမြို့နယ်ရှိ တောင်သမန်အင်းကမ်းစပ်တွင် ယနေ့နံနက်ပိုင်းကကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မန္တလေးမြို့ အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ဒုတိယကောင်စစ်ဝန်ချုပ် Mr.Zhang Wei၊ မန္တလေးမြို့အခြေစိုက် အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် H.E. Mr. Sundeep Kaushal နှင့် ဖိတ်ကြားထားသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ စုစုပေါင်း ဦးရေ ၃၀၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်းက တောင်သမန်မည်စည်လွှင်ပြင် တည်ဆောက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဒေသခံမြို့မိမြို့ဖတစ်ဦးက တောင်သမန်မည်စည်လွှင်ပြင် တည်ဆောက်ဖွင့်လှစ်ပေးသည့်အပေါ် ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်စည်ပင်သာယာရေးဝန်ကြီးတို့က တောင်သမန်မည်စည်လွှင်ပြင် အလှဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများနှင့်ဒိုင်အဖြစ် ဆောင်ရွက်ပေးခဲ့သည့် ဓာတ်ပုံပညာရှင်ကြီးများအား ဂုဏ်ပြုဆုငွေနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာဦးစီးဌာနမှ အကအဖွဲ့၊အခြေခံပညာကျောင်းများမှ ဘင်ခရာအဖွဲ့နှင့်ပန်းဖွားအဖွဲ့တို့အား ဂုဏ်ပြုငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တောင်သမန်မည်စည်လွှင်ပြင် ဖွင့်ပွဲအခမ်းအနားကိုမည်စည်တန်းနေရာတွင် ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တောင်သမန်မည်စည်လွှင်ပြင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်၍ စုပေါင်းဓာတ်ပုံရိုက်ပြီး တောင်သမန်မည်စည်လွှင်ပြင် ဓာတ်ပုံပြိုင်ပွဲဆုရဓာတ်ပုံများကို လိုက်လံကြည့်ရှုကာ အခမ်းအနားသို့တက်ရောက်လာသူများနှင့် ဒေသခံရပ်မိရပ်ဖများအား ရင်းနှီးစွာနှုတ်ဆက်ပြီး မန်းစည်ပင်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**





သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ ဆုတောင်းပြည့်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ သံဃာတော်အပါး ၄၀တို့အား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ကုသပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ကိုဗစ်-၁၉ ရောဂါအပါအဝင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများမှကာကွယ်ရေး ပြည်သူလူထုသို့အသိပေးတိုက်တွန်းနှိုးဆော်

၁။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုး JN.1 ကူးစက်မှုကြောင့် ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများပြားခဲ့ပါသည်။ မိမိတို့နိုင်ငံ၌လည်း JN.1 ကူးစက်မှုအား အတည်ပြုတွေ့ရှိထားပြီးဖြစ်ကာ လတ်တလောကာလတွင် ကိုဗစ်-၁၉ ရောဂါအပတ်စဉ်ပိုးတွေ့ရှိရမှု အနည်းငယ်မြင့်တက်နေသည်ကို တွေ့ရပါသည်။

၂။ သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါအပါအဝင် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် တစ်ကိုယ်ရေကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများ အထူးသဖြင့် အောက်ပါအခြေအနေများတွင် ပါးစပ်နှင့်နှာခေါင်းစည်း(Mask) တပ်ဆင်သင့်ကြောင်း အသိပေးတိုက်တွန်းအပ်ပါသည်-

(က) လူထူထပ်သောနေရာ၊ အလုံပိတ်နေရာ၊ လေဝင်လေထွက် မကောင်းသောနေရာများတွင် ရှိနေချိန် (လူတစ်ဦးနှင့်တစ်ဦး သုံးပေခြား၍ နေထိုင်ရန်မဖြစ်နိုင်သော အခြေအနေ)၊

(ခ) အများပြည်သူအသုံးပြုသော မော်တော်ယာဉ်၊ မီးရထား၊ သင်္ဘော၊ လေယာဉ်စသည့် ယာဉ်များဖြင့် ခရီးသွားလာခြင်း၊

(ဂ) ဆေးရုံ၊ ကျန်းမာရေးဌာနများနှင့် ဘိုးဘွားရိပ်သာများသို့ သွားရောက်ခြင်း၊

(ဃ) ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် သေဆုံးနိုင်ခြေ မြင့်မားသူများ (အသက်အရွယ်ကြီးသူများ၊ သွေးတိုးရောဂါ၊နှလုံးရောဂါ၊ ဆီးချို သွေးတိုးရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါ၊ ဦးနှောက်သွေးကြောဆိုင်ရာရောဂါ၊ ပန်းနာရင်ကျပ်ရောဂါရှိသူများ၊ ကိုယ်ခံအားနည်းသူများ၊ အဝလွန်သူများ၊ အကြောင်းအမျိုးမျိုးကြောင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းမရှိသူများ၊ အထွေထွေကျန်းမာရေးမကောင်းသူများ)၊

(င) ကိုဗစ်-၁၉ ရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း စသည့်လက္ခဏာများရှိခြင်း။

၃။ ထို့အပြင် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုခံယူခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ပြင်းထန်နိုင်ခြေနှင့် သေဆုံးနိုင်ခြေအား လျှော့ချနိုင်သည်ဖြစ်၍ ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့်သေဆုံးနိုင်ခြေမြင့်မားသော အသက်အရွယ်ကြီးသူများ၊ နာတာရှည်ရောဂါ အခံရှိသူများနှင့် ကိုယ်ခံအားနည်းနေသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူကြရန်နှင့် ကိုဗစ်-၁၉ ရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါလက္ခဏာ တစ်ခုခုခံစားနေရပါက အခြားသူများသို့ ကူးစက်မှုမရှိစေရေး လူထူထပ်သောနေရာများနှင့် အလုံပိတ်နေရာများသို့သွားလာခြင်းမှ ရှောင်ကြဉ်ကြရန်နှင့် မသက်သာပါက နီးစပ်ရာကျန်းမာရေးဌာနများ၌ လိုအပ်သောဆေးကုသမှုခံယူကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**
၁-၂-၂၀၂၄

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က အသက် ၉၀နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ထောက်ပံ့ငွေများ ထပ်မံပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့က အသက် ၉၀ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေထပ်မံပေးအပ်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် ညီလာခံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း(ငြိမ်း)က ဇန်နဝါရီ ၁၂ ရက်တွင် အသက် ၈၀ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ၄၇၈၁ ဦးအတွက် ငွေကျပ် ၂၃၉ ဒသမ ၀၅ သန်းထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ယနေ့တွင် အသက် ၉၀ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့်လည်းကောင်း အသက် ၁၀၀ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း ထပ်မံထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း(ငြိမ်း)က တိုင်းဒေသကြီး၊ ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများကို ထောက်ပံ့ငွေများပေးအပ်ပြီး အခမ်းအနားတက်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယနေ့အခမ်းအနားတွင် အသက် ၉၀နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၄၁၈ ဦးကို တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ ဖြင့် ငွေကျပ် ၂၀ ဒသမ ၉ သန်း၊ အသက် ၁၀၀ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၁၀ ဦးကို တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀၀ ဖြင့် တစ်သန်း စုစုပေါင်း ၂၁ ဒသမ ၉ သန်း ထပ်မံထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား နိုင်ငံကျော်အနုပညာရှင်များနှင့် အကယ်ဒမီရွှေကြိုများ ဖူးမြော်ကြည်ညို



**နေပြည်တော် ဖေဖော်ဝါရီ ၁**

၂၀၂၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို တက်ရောက်ရန် ရောက်ရှိနေကြသည့် နိုင်ငံကျော် အနုပညာရှင်များနှင့် အကယ်ဒမီရွှေကြိုများသည် ယနေ့ညပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ညဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ နိုင်ငံကျော် အနုပညာရှင်များနှင့် အကယ်ဒမီရွှေကြိုများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ထားရှိသည့် မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ်ပြသထားမှု၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပပြုလုပ်ခဲ့သည့် မဟာမင်္ဂလာအခမ်းအနားများတွင် အသုံးပြုခဲ့သည့် ပစ္စည်းများ၊ ဘုရားရှင်ဓာတ်တော်၊ ရဟန္တာဓာတ်တော်များ ထည့်သွင်းပူဇော်ခဲ့သည့် ရွှေဖလားများ၊ မာရဝိဇယဆင်းတုတော်ကြီးအား အစိတ်အပိုင်း လေးပိုင်းခွဲ၍ တည်ဆောက်ထားသော ဆင်းတုတော်ကြီးပုံစံငယ်များ၊ မြန်မာ့ရိုးရာ ပန်းဆယ်မျိုးလက်ရာပုံစံငယ်များ၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်မှု မှတ်တမ်းဓာတ်ပုံများကို လေ့လာကြသည်။

ဆက်လက်၍ မော်ကွန်းတိုက်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယ ဘုရားကြီးတည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီများ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် အနုပညာရှင်အဖွဲ့များသည် မာရဝိဇယရုပ်ပွားတော် မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း၌ လေ့လာကြည့်ရှုကြသည်။

ယင်းနောက် အနုပညာရှင်အဖွဲ့များသည် ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီများနှင့် အခြားသာသနိက အဆောက်အအုံများကို ဆက်လက်ဖူးမြော် လေ့လာကြည်ညိုခဲ့ကြသည်။

အလားတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများလည်း လာရောက်ဖူးမြော် ကြည်ညိုလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ ဆန်ခါတင်စာရင်းဝင်ရုပ်ရှင် ဇာတ်ကား ၁၂ ကား ရွေးချယ်ထားရှိပြီး အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုအပါအဝင် အနုပညာထူးချွန်ဆုနှင့် အတတ်ပညာထူးချွန်ဆု ၁၁ ဆုတို့ကို ပေးအပ်ချီးမြှင့်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1)၌ ယခင်နှစ်များနှင့်မတူ ခမ်းနားထည်ဝါစွာ ကျင်းပသွားနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အခမ်းအနားကျင်းပမည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) ကျောက်စိမ်းခန်းမ၌ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် Forever Group တို့ပူးပေါင်း၍ အကယ်ဒမီဆုပေးပွဲစင်မြင့်ကို Curve LED များအသုံးပြု၍ လည်းကောင်း၊ အကယ်ဒမီရွှေစင်ရုပ်တုများကို ခမ်းနားထည်ဝါစွာ ဖော်ကျူး၍ လည်းကောင်း၊ နိုင်ငံတကာအဆင့်မီ မီးအလင်းအမှောင်စနစ်များ၊ အသံစနစ်များဖြင့်လည်းကောင်း ခမ်းနားထည်ဝါစွာပြင်ဆင်ဆောင်ရွက်ထားပြီး မြန်မာနိုင်ငံဂီတအစည်းအရုံးမှ စီစဉ်ဆောင်ရွက်သည့် The Drive Band နှင့် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ နိုင်ငံကျော်အနုပညာရှင်များ၊ အကယ်ဒမီရွှေကြိုများ၏ ကဏ္ဍအလိုက် တင်ဆက်မည့်အစီအစဉ်များကို ကြိုတင်ဇာတ်တိုက် လေ့ကျင့်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကယ်ဒမီဆုပေးပွဲသို့ တက်ရောက်လာကြမည့် နိုင်ငံကျော် အနုပညာရှင်များအားကြိုဆို၍ မီဒီယာအသီးသီးက အင်တာဗျူးအစီအစဉ်များ ဆောင်ရွက်ခြင်း၊ အလှဓာတ်ပုံရိုက်ခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် ဂုဏ်ပြုခံလျှောက်လမ်း( Red Carpet)နှင့် Photo Booth နေရာများ၊ ရုပ်မြင်သံကြားလိုင်းများ၏ အင်တာဗျူး Booth များကိုလည်း အစီအစဉ်တကျ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

အခမ်းအနားတွင်၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများချီးမြှင့်မှုအပြင် အကောင်းဆုံးဝတ်စားဆင်ယင်မှု (Fashion Award)များကိုလည်း ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး နိုင်ငံကျော်အနုပညာရှင်များ အခမ်းအနားတက်ရောက်လာမှုများကို နိုင်ငံတကာ ဆုပေးပွဲများနည်းတူ Rail Camera နှင့် Crane Camera များ အပါဝင် ကင်မရာ ၁၁ လုံးကို အသုံးပြု၍ အကယ်ဒမီ ရင်ခုန်သံအင်တာဗျူးများနှင့် အကောင်းဆုံးဝတ်စားဆင်ယင်မှု (Fashion Award)ဆုအတွက် ပြင်ဆင်လာမှုများကို ရိုက်ကူးပြသသွားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဂုဏ်ပြုခံလျှောက်လမ်း (Red Carpet)တစ်လျှောက်တွင် ရုပ်ရှင်တစ်သက်တာ ဆုရရှိသူများ၏ မှတ်တမ်းဓာတ်ပုံများ၊ ၁၉၅၂-၂၀၂၂ ထိ ရုပ်ရှင်ဇာတ်ကားဆုများ၏ မှတ်တမ်းဓာတ်ပုံများ၊ ၁၉၅၂ ခုနှစ်မှ ၂၀၂၂ ခုနှစ်ထိ နှစ်အလိုက် ရုပ်ရှင်ထူးချွန်ဆုရ ဇာတ်ကားနှင့် ထူးချွန်ဆုရအနုပညာရှင် အတတ်ပညာရှင်များ၏ မှတ်တမ်းဓာတ်ပုံများ၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အများဆုံးရရှိသူများ၏ မှတ်တမ်းဓာတ်ပုံများ၊ ၂၀၂၃ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့် ဇာတ်ကားများစာရင်းစသည်တို့ဖြင့် ပြင်ဆင်ဆောင်ရွက်ထားရှိပြီး အနုပညာရှင်များ၏ ပွဲတက်လာမှုများကို မီးအလင်းအမှောင်များပေး၍ ရိုက်ကူးပြသနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိသည်။

အခမ်းအနားကျင်းပသည့် ကျောက်စိမ်းခန်းမအတွင်းတွင် Curve LED၏ ခမ်းနားထည်ဝါမှုနှင့်အတူ အကယ်ဒမီဆုရ အကောင်းဆုံးပြကွက်များကို ပြည့်ဝစွာ ခံစားနားဆင်နိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိပြီး ယင်းသို့ တင်ဆက်ပြသမှုများကို နိုင်ငံတစ်ဝန်းရှိ ပြည်သူများ ကြည့်ရှုခံစားနိုင်စေရန်အတွက် AR Camera၊ Crane Camera နှင့် PTZ Cameraများအပါအဝင် ကင်မရာ ၁၁ လုံး အသုံးပြု၍ ရိုက်ကူးထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။

ယခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ ဆန်ခါတင်စာရင်းဝင်ရုပ်ရှင်ဇာတ်ကား ၁၂ ကား ရွေးချယ်ထားရှိပြီး အကောင်းဆုံးရုပ်ရှင် ဇာတ်ကားဆုအပါအဝင် အနုပညာထူးချွန်ဆုနှင့် အတတ်ပညာထူးချွန်ဆု ၁၁ ဆုတို့ကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် ကန့်ကွက်ရှုတ်ချပွဲပြုလုပ်





ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် ရန်ကုန်တိုင်းဒေသကြီး၌ ကန့်ကွက်ရှုတ်ချပွဲပြုလုပ်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁**

အကြမ်းဖက် သောင်းကျန်းသူများက ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များကို ဖျက်ဆီးစော်ကားမှုအား ကန့်ကွက်ရှုတ်ချပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မြို့တော်ခန်းမအရှေ့ မဟာဗန္ဓုလပန်းခြံဘေး ယာဉ်ရပ်နားကွင်း၌ ဗုဒ္ဓဘာသာအပေါ် ရည်ရွယ်ချက်ရှိရှိ ထိပါးစော်ကားဖျက်ဆီးနေသည့် အကြမ်းဖက်သမားများနှင့် ဘာသာဖျက်များအား ကန့်ကွက်ရှုတ်ချပွဲကို ကျင်းပပြုလုပ်သည်။

အဆိုပါ ကန့်ကွက်ရှုတ်ချပွဲတွင် သံဃာတော်များနှင့် မျိုးချစ်ပြည်သူများက ဘာသာသာသနာအပေါ် အလေးအနက်ထား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် ဟောပြောဆွေးနွေးခြင်းနှင့် သဘောထားထုတ်ပြန်ချက်များ ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ပြီး တက်ရောက်လာကြသူများက "ဒို့ဘာသာ၊ ဒို့သာသနာကိုစော်ကားသူမှန်သမျှ(ဆန့်ကျင်ကြ)၊ အကြမ်းဖက်အားပေး လောက်ကောင်မှန်သမျှ (ဆန့်ကျင်ကြ)၊ ဗုဒ္ဓသာသနာကို ဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက်သမားများ (အလိုမရှိ)၊ ဒို့ဘာသာကို စော်ကားနေသည့် သာသနာဖျက် လောက်ကောင်များ (အလိုမရှိ)၊ သာသနာဖျက်အကြမ်းဖက်များအား အမြစ်ဖြုတ်သုတ်သင်ရေး(ဒို့အရေး)၊ လူသတ်အကြမ်းဖက်မှန်သမျှ(ဆန့်ကျင်ကြ)၊ မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်တိုင်းရင်းသားများ ကိုးကွယ်ယုံကြည်သည့် ဘုရား၊ စေတီ၊ ဆင်းတုတော်များအား စော်ကားဖျက်ဆီးသူ(ဒို့ရန်သူ)၊ ဘုရား၊ စေတီ၊ ဆင်းတုတော်များအား ဖျက်ဆီးနေသော ပြည်ဖျက်မိစ္ဆာသောင်းကျန်းသူများ (ကျရှုံးပါစေ)" စသည့်ကြွေးကြော်သံများ၊ ဆိုင်းဘုတ်များကိုင်ဆောင်၍ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သတင်းရရှိသည်။

---

# ရန်ကုန်တိုင်းဒေသကြီးတွင် ငွေကျပ် ၇ ဒသမ ၅၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၈ ဒသမ ၂ သိန်း၊ အိုက်စ်(မက်သ်အဖက်တမင်း) ၄၈ ကီလိုနှင့် ကက်တမင်း ကီလို ၅၀ ဖမ်းဆီးရမိ





**နေပြည်တော် ဖေဖော်ဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီးတွင် ငွေကျပ် ၇ ဒသမ ၅၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၈ ဒသမ ၂ သိန်း၊ အိုက်စ်(မက်သ်အဖက်တမင်း) ၄၈ ကီလိုနှင့် ကက်တမင်း ကီလို ၅၀ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် ဝေဇယန္တာလမ်းမပေါ်တွင် တင့်ဇော်မောင်းနှင်ပြီး မိုးနိုင်စိုး(ခ)ရွှေသီးနှင့် နဝရတ်ထွန်းတို့လိုက်ပါလာသည့် FORD EVEREST မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ အိုက်စ်(မက်သ်အဖက်တမင်း) ၃၈ ကီလို သိမ်းဆည်းရမိခဲ့ပြီး ဖမ်းမိတရားခံ တင့်ဇော်နှင့် နဝရတ်ထွန်းတို့နေထိုင်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၄၉) ရပ်ကွက် မဟာဗန္ဓုလလမ်းရှိ နေအိမ်မှ အိုက်စ်(မက်သ်အဖက်တမင်း) ၁၅ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ ကိုလည်းကောင်း၊ တင့်ဇော်ငှားရမ်းထားသည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၂)ရပ်ကွက် သခင်အုန်းဖေကြီးလမ်းရှိ ခြံဝင်းအတွင်း၌ TOYOTA ALPHARD ယာဉ်နှင့် Container Box အတွင်းမှ စိတ်ရူးသွပ်ဆေးပြား ၃၈ ဒသမ ၂ သိန်း၊ ကက်တမင်း ကီလို ၅၀၊ အိုက်စ်(မက်သ်အဖက်တမင်း) ၁၀ ကီလိုကိုလည်းကောင်း ထပ်မံဖော်ထုတ် သိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ် ၇ ဒသမ ၅၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ် ဆေးပြား ၃၈ ဒသမ ၂၀၄ သိန်း၊ အိုက်စ်(မက်သ်အဖက်တမင်း) ၄၈ ဒသမ ၀၁၅ ကီလိုနှင့်ကက်တမင်း ကီလို ၅၀ သိမ်းဆည်းရမိခဲ့ပြီး ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် သိမ်းဆည်းရမိ မူးယစ်ဆေးဝါး များသယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ ကျော်ဇေယျာညွန့်(ခ)ကျော်ဇေယျ(ခ)ကြောင်ပူအား တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက် အနောက်မြို့ရှောင်လမ်းရှိ ဟိုတယ်တွင် ဆက်လက်ဖော်ထုတ် ဖမ်းဆီးရမိခဲ့ကြောင်း၊ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်၍ ခေတ္တသိုလှောင်ထားရှိကာ ၎င်းမှတစ်ဆင့် ကရင်ပြည်နယ်သို့ ဆက်လက်သယ်ဆောင် ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **(သတင်းစဉ်)**

---

# ပုလဲမြို့နယ် ကံကြီးရွာကို တပ်မတော်က လေကြောင်းမှပုံးကြဲခဲ့ခြင်းကြောင့် အမျိုးသမီးတစ်ဦး သေဆုံးပြီး ၁၅ ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ကံကြီးရွာကို ဇန်နဝါရီ ၃၁ ရက်က တပ်မတော်ကလေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီး ၁၅ ဦးခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ကာ နေအိမ်များလည်း ပျက်စီးသွားခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာ DVB က လူမှုကွန်ရက်တွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို ဝမ်းနည်းဖွယ်ရာတွေ့ရှိရသည်။

PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ကျေးရွာများကို အဓိကထား၍ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ Drone များဖြင့် ဗုံးကြဲခြင်း၊ လက်လုပ်ဗုံးသီး၊ လက်လုပ်စိန်ပြောင်းများဖြင့် ကျေးရွာများအတွင်း ပစ်ခတ်ခြင်းများကြောင့် ပြည်သူများသေဆုံးခြင်း၊ ထိခိုက်ဒဏ်ရရှိခြင်းများနှင့် နေအိမ်များ မီးလောင်ဆုံးရှုံးမှုများ ဖြစ်ပွားလျက်ရှိသည်။

ယခုဖြစ်စဉ်တွင်လည်း ပုလဲမြို့နယ် ကံကြီးရွာကို တပ်မတော်က ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းမရှိကြောင်း လုံခြုံရေးဆိုင်ရာတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရသိရှိရပြီး မြေပြင်သတင်းပေးပို့ချက်အရ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံခြင်းမရှိသည့် ကံကြီးကျေးရွာကို PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများက Drone များဖြင့် ဗုံးကြဲခဲ့ခြင်းကြောင့်သာဖြစ်ပြီး တရားမဝင်ပြည်ဖျက် မီဒီယာများက ပြည်သူများအထင်အမြင် လွဲမှားစေရန် လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။



# အမေရိကန်တွင် Tesla လျှပ်စစ်ကားကုမ္ပဏီကို ကောင်တီ ၂၅ ကောင်တီက တရားစွဲဆို




**ဝါရှင်တန် ဖေဖော်ဝါရီ ၁**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် လျှပ်စစ်ကားထုတ်လုပ်သည့် Tesla ကုမ္ပဏီကို ကောင်တီ ၂၅ ကောင်တီက ကယ်လီဖိုးနီးယားပြည်နယ် တရားရုံးချုပ်၌ တရားစွဲဆိုမှုပြုလုပ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

Tesla ကုမ္ပဏီအနေဖြင့် မော်တော်ကားထုတ်လုပ်ရာမှ ထွက်ပေါ်လာသော စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်ခြင်းမရှိသကဲ့သို့ စွန့်ပစ် ပစ္စည်းများသည်လည်း သဘာဝ ပတ်ဝန်းကျင်အတွက်သာမက ဒေသခံများအတွက်ပါ အန္တရာယ်ရှိသောကြောင့် ကောင်တီ ၂၅ ကောင်တီမှ တာဝန်ရှိသူများ ပူးပေါင်း၍ တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"Tesla လျှပ်စစ်ကားထုတ်လုပ်တဲ့ကုမ္ပဏီဟာ ကားထုတ်လုပ်ရာကနေ ထွက်ပေါ်လာတဲ့ စွန့်ပစ်ပစ္စည်းတွေကို စည်းကမ်းမဲ့စွာစွန့်ပစ်နေပါတယ်။ စွန့်ပစ်ပစ္စည်းတွေက ဆေးသုတ်တဲ့ကိရိယာအဟောင်းတွေ၊ ဘရိတ်ဆီတွေ၊ ဒီဇယ်အဟောင်းတွေ၊ အသုံးပြုပြီးသား ဘက်ထရီတွေပါဝင်နေပါတယ်။ ဒီပစ္စည်းတွေဟာ သဘာဝပတ်ဝန်းကျင်အတွက်သာမက ဒေသခံပြည်သူလူထုအတွက်ပါ အန္တရာယ်ရှိတဲ့ပစ္စည်းတွေဖြစ်ပါတယ်။ ဒါကြောင့်လဲ တရားစွဲဆိုဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်"ဟု ကောင်တီ ၂၅ ကောင်တီ ဦးဆောင်တရားစွဲဆိုသည့် အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

တရားစွဲဆိုမှု ပြုလုပ်ခဲ့သောကောင်တီများတွင် လော့စ်အိန်ဂျလိစ်ကောင်တီ၊ အလာမီဒါကောင်တီ၊ ဆန်ဂျိုအာကွင်းကောင်တီ၊ ဆန်ဖရန်စစ္စကိုကောင်တီတို့လည်း ပါဝင်နေပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း၊ တရားစွဲဆိုမှုနှင့်ပတ်သက်ပြီး Tesla ကုမ္ပဏီအနေဖြင့် တစ်စုံတစ်ရာတုံ့ပြန်ခဲ့ခြင်းမရှိသေးကြောင်း၊ Tesla ကုမ္ပဏီ၏ စွန့်ပစ်ပစ္စည်းများ စွန့်ပစ်မှုနှင့်ပတ်သက်၍ ဥပဒေကြောင်းအရ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲရေးဆိုင်ရာဥပဒေဖြင့် ငြိစွန်းနေပြီး ပြစ်ဒဏ်အနေဖြင့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်မှုမရှိသည့် နေ့အလိုက် တစ်ရက်လျှင် ဒဏ်ကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၇၀၀၀၀ ထိ သတ်မှတ်နိုင်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : Sai Sat**

# မက္ကဆီကိုစီးတီးမြို့တွင် သောက်သုံးရေမလုံလောက်မှုကြောင့် ဒေသခံများဆန္ဒထုတ်ဖော်နေ

**မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၁**

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့တွင် သောက်သုံးရေမလုံလောက်မှုကြောင့် မက္ကဆီကိုအမျိုးသားရေကော်မရှင်ကို ဒေသခံများက ဆန္ဒထုတ်ဖော်မှုပြုလုပ်နေကြောင်း နိုင်ငံပိုင်သတင်းဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

သောက်သုံးရေ မလုံလောက်မှုဖြင့် အဓိက ရင်ဆိုင်နေရသည့်ဧရိယာမှာ မက္ကဆီကိုစီးတီး၏ ဆင်ခြေဖုံး ရပ်ကွက်ဖြစ်သော အကမ်ဘေဧရိယာဖြစ်ပြီး ကာလရှည် သောက်သုံးရေမလုံလောက်သည့်ပြဿနာဖြင့် ရင်ဆိုင်နေရခြင်းကြောင့် ဆန္ဒထုတ်ဖော်ခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများက ပြောကြားခဲ့သည်။

"တာဝန်ရှိသူတွေအနေနဲ့ ဒေသခံတွေရဲ့ အခက်အခဲကို စာနာပေးသင့်ပါတယ်။ ကျွန်တော်တို့ သောက်သုံးရေမရတာ တစ်လကျော်ရှိနေပြီ။ ကျွန်တော်တို့အနေနဲ့လဲ ရေအရင်းအမြစ်ခန်းခြောက်လာတာတွေ၊ မိုးခေါင်တဲ့ပြဿနာတွေနဲ့ ရင်ဆိုင်နေရတယ်ဆိုတာကို နားလည်ပါတယ်။ သောက်သုံးရေဟာ လူတိုင်းအတွက် မရှိမဖြစ်လိုအပ်တဲ့အရာဖြစ်လို့ တာဝန်ရှိသူတွေအနေနဲ့ သောက်သုံးရေရရှိဖို့ အခြားနည်းလမ်းတွေ စဉ်းစားပေးသင့်တယ်လို့ထင်ပါတယ်။ ရေလာပြီး ဝေတာတွေရှိပေမဲ့ ဒေသခံတွေ



ကများတော့ ရေရဖို့ တန်းစီရတာ အဆင်မပြေဘူး။ တန်းစီပြီးတော့ ရတဲ့သူက ရတယ်၊ မရတဲ့သူက မရဘူးဖြစ်နေတယ်"ဟု ဆန္ဒထုတ်ဖော်သူဒေသခံတစ်ဦးဖြစ်သော ဂူတီအာရက်ဇ်က ပြောကြားခဲ့သည်။

အမျိုးသားရေကော်မရှင်အနေဖြင့် ရာသီဥတုပြောင်းလဲမှုကြောင့် မြေအောက်ရေ အရင်းအမြစ်များ ခန်းခြောက်လာ၍ သောက်သုံးရေပြတ်လပ် မသွားစေရေးအတွက် အကန့်အသတ်ဖြင့် ရေပေးဝေနေရခြင်းဖြစ်ကြောင်း၊ ထို့ပြင် ရေပေးဝေရေး အခြေခံအဆောက်အအုံများမှာ သက်တမ်းကြာနေပြီဖြစ်သည့်အတွက် ရေသိုလှောင်နိုင်ရေးမှာလည်း အားနည်းချက်များရှိနေကြောင်း သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

# အီသီယိုးပီးယားနိုင်ငံတွင် မိုးခေါင်ရေရှားမှုဖြစ်ပေါ်နေသဖြင့် အစာအာဟာရချို့တဲ့မှုကြောင့် သေဆုံးသူ ၃၇၂ ဦးထိရှိလာ

**အဒစ်အဘာဘာ ဖေဖော်ဝါရီ ၁**

အီသီယိုးပီးယားနိုင်ငံ တောင်ဘက်ပိုင်းတွင် ရာသီဥတုပြောင်းလဲမှုကြောင့် မိုးခေါင်ရေရှားမှုဖြစ်ပေါ်နေသဖြင့် ပြည်သူများ အစာရေစာပြတ်လပ်ကာ အစာအာဟာရချို့တဲ့မှုနှင့်ဆက်စပ်သော ရောဂါများကြောင့် သေဆုံးသူ ၃၇၂ ဦးထိရှိလာခဲ့ကြောင်း အီသီယိုးပီးယားအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးခေါင်သည့် ပြဿနာဖြင့် ဆယ်စုနှစ်တစ်စုခန့် ရင်ဆိုင်နေရသည့်ဒေသများမှာ တိုင်ဂရေးနယ်မြေ၊ အမ်ဟာရာနယ်မြေတို့ဖြစ်ပြီး ပြီးခဲ့သည့် ခြောက်လတာကာလအတွင်း ဒေသခံများအနေဖြင့် စားနပ်ရိက္ခာရှားပါးမှုဖြင့် ဆိုးဆိုးရွားရွား ရင်ဆိုင်လာရကြောင်း၊ ခြောက်လတာကာလအတွင်း အစာအာဟာရချို့တဲ့မှုကြောင့် သေဆုံးခဲ့သော ဒေသခံ ၃၇၂ ဦးအနက် ၃၅၁ ဦးမှာ တိုင်ဂရေးနယ်မြေမှဖြစ်ပြီး အမ်ဟာရာနယ်မြေမှ ၂၁ ဦးဖြစ်ကြောင်း သိရသည်။

"မိုးခေါင်ရေရှားမှုကြောင့် စားနပ်ရိက္ခာရှားပါးလာတဲ့ နယ်မြေနှစ်ခုမှာ စုံစမ်းစစ်ဆေးရေးခုံရုံးဖွဲ့ပြီး မြေပြင်ကိုကွင်းဆင်းလေ့လာမှုတွေပြုလုပ်ခဲ့ပါတယ်။ စစ်ဆေးမှုအရ အစာအာဟာရချို့တဲ့ပြီး သေဆုံးသူ ၃၇၂ ယောက် ရှိခဲ့ပါတယ်။ နယ်မြေနှစ်ခုမှာပဲ စစ်ဆေးမှုပြုလုပ်ထားတဲ့စာရင်းဖြစ်ပါတယ်။ အခြားနယ်မြေတွေမှာပါ စစ်ဆေးမှုတွေပြုလုပ်ရင် အစာအာဟာရချို့တဲ့မှုကြောင့် သေဆုံးသူတွေ မြင့်တက်လာနိုင်တယ်။ အစိုးရအနေနဲ့ မြေပြင်အခြေအနေကို အသေးစိတ် သိလိုတဲ့အတွက် စစ်ဆေးမှုပြုလုပ်ခဲ့တာဖြစ်ပါတယ်။ ရလဒ်တွေ ထွက်ပေါ်လာပြီဖြစ်လို့ အစိုးရအနေနဲ့ စားနပ်ရိက္ခာလုံလောက်မှုရှိလာစေဖို့ လိုအပ်တာတွေ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အန်ဒယ်က ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : Sai Sat**

## ရေဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့်အိမ်၏ ကြံ့ခိုင်မှုကို စစ်ဆေးပါ။



၂။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

(ဥပမာ- အသက်ကယ်ကုန်းမြင့်၊ ရေလွတ်နိုင်သည့်နေရာများ၊ အဆောက်အအုံများ)



၃။ ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သော နေရာတွင် ထားရှိပါ။






၄။ မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ။

၅။ သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။



၆။ မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သော နေရာများကို မြင်သာသော အမှတ်အသား ထားရှိပါ။




၇။ အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

အသက်ကယ်အကျီ၊ ဘောကွင်း၊ လေလုံပိတ်ရေပုံးအလွတ်၊ ငှက်ပျောတုံးသစ်တုံး ကားတာယာကျွတ် အစရှိသည့် .....



# ဖခင်တစ်ယောက်၏မေတ္တာ

ဝိုင်းဆု(စည်သာရေး)



(၁)

ညသည် တိတ်ဆိတ်လွန်းလှသည်။ လကွယ်နေ့ဖြစ်သည့်အတွက် မြင်ကွင်းအားလုံးသည် အနက်ရောင်ပန်းချီကားတစ်ချပ်သဖွယ် မှောင်မိုက်လွန်းလှသည်။ မကြူတစ်ယောက်ကတော့ အိမ်ရှေ့ခန်းတွင် ထွန်းထားသော ရေနံဆီမီးတိုင်၏ အလင်းရောင်ကို ကျောပေး၍ အပြင်သို့မျှော်ငေးပြီး တစ်စုံတစ်ယောက်ကို စောင့်နေမိသည်။ လယ်ကွင်းထဲတွင်ဆောက်ထားသော တဲအိမ်လေးဖြစ်သောကြောင့် လေနုအေးတို့၏တိုက်ခတ်ပုံက အချမ်းဓာတ်ကိုပို၍ မြင့်တင်ပေးသယောင်ယောင်။ မကြူကတော့ အချမ်းဒဏ်ကို ဂရုမစိုက်နိုင်ပေ။ ထိုစဉ်မှာပင် အဝေးမှ အလင်းရောင်သဲ့သဲ့ကို မြင်တွေ့လိုက်ရသည်။ ထိုအလင်းရောင်သည်ကား မကြူတို့ အိမ်ရှိရာသို့ တန်းတန်းမတ်မတ်လာနေခြင်းဖြစ်သည်။ လက်နှိပ်ဓာတ်မီးအလင်းရောင်ကို အဖော်ပြုလျှောက်လာသောကြောင့် အလင်းရောင်သဲ့သဲ့အဖြစ် အဝေးမှမြင်တွေ့ရခြင်းဖြစ်သည်။

"သမီးရေ နင့်အဖေပြန်လာပြီဟေ့"

"ဟုတ်လားအမေ။ ဒါဆို သမီး ထမင်းပြင်လိုက်တော့မယ်နော်"

သမီးဖြစ်သူက အိမ်ခန်းထဲတွင် စာဖတ်နေရာမှ ကမန်းကတန်းထလိုက်ပြီး ထမင်းဝိုင်းကိုပြင်လိုက်သည်။ ထိုအလင်းရောင်သဲ့သဲ့သည် တဖြည်းဖြည်းနှင့် မကြူနေအိမ်အဝသို့ ရောက်လာတော့သည်။

"ကိုသန်းမြင့်။ ဟင် သား အောင်ဖြိုး"

ထင်ထားသည့်ယောကျ်ားဖြစ်သူ ကိုသန်းမြင့်မဟုတ်ဘဲ သားဖြစ်သူ အောင်ဖြိုးကို မြင်လိုက်ရသောကြောင့် မကြူ အံ့သြမှုဖြစ်ခဲ့ရပြန်သည်။

"အောင်ဖြိုး သား ဒီညလှေလိုက်သွားမယ်ဆို ဘယ်လိုဖြစ်လို့လဲ"

"မပြောချင်တော့ပါဘူး အမေရာ။ အဖေပေါ့။ အရာရာလိုက်ပြီးပိတ်ပင်နေတာ။ အခုကျွန်တော့်ကို ပြန်လွှတ်ပြီး ကျွန်တော့်အစား သူလိုက်သွားလေရဲ့"

မကြူလည်း သက်ပြင်းတစ်ချက်ကို မသိမသာချလိုက်မိသည်။ ကိုသန်းမြင့်မသိအောင် သားဖြစ်သူကို ငါးဖမ်းလှေနှင့် ခိုးလိုက်သွားရန်စီစဉ်ပေးခဲ့သော်လည်း ယခု ကိုသန်းမြင့်ကြောင့်ပင် အစီအစဉ်ပျက်ခဲ့ရပြန်သည်။

"ကဲပါသားရယ်။ ဘာမှစိတ်ထဲထားမနေနဲ့။ နောက်တစ်ခေါက်ပေါ့။ ထမင်းစားကြရအောင်နော်"

"မစားချင်တော့ပါဘူးအမေရယ်။ တော်ပါပြီ ဗိုက်လဲမဆာဘူး။ အိပ်တော့မယ်"

ပြောရင်းဆိုရင်းနှင့်ပင် အိမ်ခန်းထဲသို့ ဝင်သွားသောသားဖြစ်သူကိုကြည့်ရင်း မကြူ စိတ်မကောင်းဖြစ်ခဲ့ရသည်။ ထမင်းဝိုင်းတွင် မကြူနှင့် ၁၀ နှစ်အရွယ် သမီးငယ် အိထွေးသာကျန်ခဲ့တော့သည်။

(၂)

"အဖေ ငါးဖမ်းပိုက်ဖာနေတာလား။ သားကူလုပ်ပေးရမလား"

"မလိုပါဘူးကွာ။ မင်း စာသာအာရုံစိုက်"

"စာလဲလုပ်ပါတယ်အဖေရ။ အဖေ့သားပဲလေ အဖေ့အလုပ်တွေကူလုပ်ပေးရင်း အဖေ့ပညာတွေ သင်ယူရမှာပေါ့ မဟုတ်ဘူးလား"

"အောင်ဖြိုး မင်းကို ငါဘယ်နှခါပြောရမလဲ။ မင်းကို ဒီငါးဖမ်းတဲ့အလုပ်ကို မလုပ်ရပါဘူးလို့ အကြိမ်ကြိမ်ပြောထားပြီးသား။ သွား သွား ငါ့ကိုလာ မနှောင့်ယှက်နဲ့"

ကိုသန်းမြင့်၏စကားကြောင့် အောင်ဖြိုးသည် မျက်နှာငယ်လေးဖြင့် ပြန်ထွက်သွားသည်။ မကြူသည် ထိုမြင်ကွင်းကိုကြည့်ရင်း စိတ်ထဲမကောင်းဖြစ်မိသည်။ ထို့ကြောင့်ပင် ပိုက်ဖာနေသောကိုသန်းမြင့်အနားသို့ သွား၍ထိုင်လိုက်သည်။

"ကိုသန်းမြင့် ရှင်ကလဲတော် ကိုယ့်သားကို အဲလို မပြောပါနဲ့။ သူက ကျွန်မတို့သားပဲလေ။ အဖေက တံငါသည်မို့ သားက တံငါအလုပ်စိတ်ဝင်စားတာ ဆန်းလား။ ကျွန်မတို့အသက်ကြီးလာရင် သူတို့ပဲရှာဖွေကျွေးရမှာပဲလေ။ သားကို ရှင်သင်ပေးသင့်တယ်လို့ထင်တယ်"

"ဒီမှာ မိကြူ အဖေတံငါသည်ဖြစ်တိုင်း သားက တံငါသည်ဖြစ်ရမှာလား။ ဒါဆို ငါအခုသူတို့ကိုကျောင်းထားပေးနေတာ ဘာအတွက်လဲ။ အေး ပညာတတ်ဖြစ်စေချင်လို့၊ ကောင်းမွန်သင့်မြတ်တဲ့ပညာနဲ့အသက်မွေးဝမ်းကျောင်းပြုစေချင်လို့ နားလည်လား။ သားဖြစ်သူက အဖေ့အလုပ်စိတ်ဝင်စားတာ မဆန်းပေမဲ့ မိခင်ဖြစ်တဲ့ နင်ကတော့ ဖြစ်သင့်တာကို မတွေးတတ်တာကတော့ ဆန်းတယ် မိကြူ"

ကိုသန်းမြင့်၏စကားများကို မကြူ တုံ့ပြန်နိုင်စွမ်းမရှိခဲ့ပေ။ ကိုသန်းမြင့်ပြောတာသည်လည်းမှန်သည်။ သို့သော်လည်း သားဖြစ်သူ၏ ဆန္ဒကိုတစ်ခါတလေတော့ လိုက်လျောပေးသင့်သည်ဟုမြင်သည်။ ကိုသန်းမြင့်သည် အောင်ဖြိုးကို ငယ်စဉ်ကတည်းက ငါးများသည်၊ ပုစွန်ဖမ်းသည်ဟူသော သတင်းကြားသည်နှင့် အမြဲရိုက်နှက်ဆုံးမလေ့ရှိသည်။ အောင်ဖြိုးကလည်း မသိအောင်အမြဲခိုးလုပ်လေ့ရှိသည်။ ယခုဆိုအောင်ဖြိုးသည် ကိုးတန်းကျောင်းသားကြီးပင်ဖြစ်၍ သမီးငယ် အိထွေးသည်ပင် လေးတန်းကျောင်းသူဖြစ်နေခဲ့ပြီဖြစ်သည်။

(၃)

"ဖြစ်ပါ့မလား သားရယ်။ နင့်အဖေသိမှ မိုးမီးလောင်နေအုံးမယ်"

"ရပါတယ်အမေရ။ အဖေ့ကို သား ဟိုဘက်ရွာ ဘုရားပွဲသွားတယ်သာပြောပေး။ နောက်ပြီး ဘုရားပွဲလဲ ဟိုဘက်ရွာမှာတကယ်ရှိနေတာပဲလေ။ တစ်ခါထဲပါအမေရယ်နော်"

"အင်းလေ ကျော်ကြီးတို့လဲပါတယ်မဟုတ်လား။ အမေကြည့်ကောင်းအောင်ပြောလိုက်ပါ့မယ်။ ဒါပေမဲ့ ဒီတစ်ခါပဲနော်"

"ဟေး ဒါမှငါ့အမေကွ"

ဝမ်းသာအားရဖြင့်ပျော်ပြီး ပြေးထွက်သွားသောသားဖြစ်သူကိုကြည့်ရင်း မကြူ ပြုံးမိသည်။ သို့သော်လည်း ကိုသန်းမြင့်ကိုလိမ်ရမည်မို့ စိတ်ထဲအနည်းငယ်တော့ ထိတ်လန့်မိသည်။

အောင်ဖြိုးကလည်း ငါးဖမ်းလှေမလိုက်ဖူးသည့်အတွက် တစ်ကြိမ်တစ်ခါတော့ အတွေ့အကြုံယူလိုသည်။ ထို့ကြောင့် ကျော်ကြီးတို့အဖွဲ့၏ ငါးဖမ်းစက်လှေဖြင့် တစ်ကြိမ်တစ်ခါတော့ လိုက်သွားချင်သည်ဟု ပူဆာလာခြင်း ဖြစ်သည်။ မကြူလည်း တားမရသည်ကတစ်ကြောင်း၊သားဖြစ်သူကို စိတ်မဆင်းရဲစေချင်သည်က တစ်ကြောင်းမို့ ကိုသန်းမြင့်ကိုကြောက်ကြောက်နှင့်ပင် သားဖြစ်သူအတွက် စီစဉ်ခဲ့ခြင်းဖြစ်သည်။

"အမေ ထမင်းစားမယ်လေ။ ဘာတွေတွေးနေတာလဲ"

"ဩော်. . . အေး အေး စားမယ်သမီးရေ"

သမီးငယ်အိထွေးသတိပေးမှ မကြူလည်း အတွေးများလွင့်ပြယ်သွားတော့သည်။ မကြူစီစဉ်ပေးခဲ့သော်လည်း ယခုတော့ပျက်သွားခဲ့ရပြီဖြစ်သည်။ ကိုသန်းမြင့်သည် သားဖြစ်သူကို အချိန်မီတားနိုင်ခဲ့ပြီး သားဖြစ်သူအစား ငါးဖမ်းလိုက်ရန်မြစ်ပြင်ထဲသို့သွားမည့် စက်လှေပေါ်သို့ လိုက်ပါသွားခြင်းဖြစ်သည်။

(၄)

ကျော်ကြီးတို့ စက်လှေမှောက်သည်ဆိုသော သတင်းကား တစ်ရွာလုံးပြန့်နေသည်။ မကြူလည်း ရင်ဘတ်ကိုဖိ၍ မြစ်ဆိပ်သို့အပြေးသွားရန် ထွက်ခဲ့တော့သည်။

"ကျော်ကြီးတို့က အတင့်ရဲတာလေ။ အဲဒီဘက်မှာက ဝဲတွေသိပ်ပေါတာ။ ရေကူးကျွမ်းတဲ့သူတောင် အဲဒီဘက်မှာ မရဘူးတဲ့"

"အေးလေ သူတို့စက်လှေက သိပ်ပြီးကြီးတာလဲ မဟုတ်ဘူး။ နောက်ပြီး ဆီလဲလုံလုံလောက်မပါဘူး ပြောကြတာပဲ။ ဘုရား ဘုရား ဘာမှမဖြစ်ပါစေနဲ့"

"ဟုတ်ပအေး။ ရွာလူကြီးတို့ စက်လှေတစ်စီးနဲ့ လိုက်သွားတယ်ပြောတာပဲ။ ပြန်လာရင် သတင်းသိရပါလိမ့်မယ်"

တစ်ယောက်တစ်ခွန်းပြောနေကြသော စကားသံများကိုကြားပြီး မကြူ စိတ်ပူနေမိသည်။ သားနှင့်သမီးကလည်း အမေဖြစ်သူ မကြူအနားသို့ ရောက်လာသည်။ သူတို့၏မျက်နှာများလည်း မကောင်းကြပေ။

"အမေ သားမှားပြီအမေရယ်။ အဖေ သားကြောင့် ဖြစ်ရတာ။ အဖေတစ်ခုခုဖြစ်ရင် သားကိုယ့်ကိုယ်ကိုယ် ခွင့်လွှတ်နိုင်မှာမဟုတ်ဘူး။ အဖေ သားအပေါ်ထားတဲ့စေတနာ၊မေတ္တာတွေကိုလဲ သားသိပါပြီအမေရယ်"

"သားရယ် မင်းအဖေဘာမှဖြစ်မှာမဟုတ်ပါဘူး။ စောင့်ရအောင်နော်"

"အဖေဖြစ်စေချင်တဲ့စေတနာ၊မေတ္တာတွေကို သားသိလာပြီအမေ။ အမှန်ဆို အဖေ့နေရာ သားဖြစ်ရမှာလေ။ အခုတော့ သားအစား အဖေက"

ဆက်မပြောတော့ဘဲ ရှိုက်ပြီးငိုသွားသောသားဖြစ်သူ အောင်ဖြိုးကိုကြည့်ရင်း မကြူလည်းငိုမိသည်။ သမီးငယ်လေးကလည်း မျက်ရည်များစိုရွှဲနေလျက်။ သိပ်မကြာမီမှာပင် ရွာလူကြီးတို့အဖွဲ့ စက်လှေတစ်စီးဖြင့် ပြန်လာပြီး ကျော်ကြီးတို့တစ်ဖွဲ့လုံး အသက်မရှင်နိုင်လောက်တော့ဘူးဟု ယူဆကြောင်း ပြောကြသည်။ အလောင်းများကိုစောင့်ပြီး ရှာရန်သာရှိတော့သည်ဟု ပြောသည်။ မကြူ ရင်ဘတ်တစ်ခုလုံးလောင်ကျွမ်းသကဲ့သို့ ခံစားလိုက်ရသည်။ စကားပြောရန်ပင် အင်အားမရှိတော့ပေ။ သားနှင့်သမီးလည်းထို့အတူပင်။ ဖြေဆည်မရနိုင်သော ပူလောင်မှုများနှင့်အတူ လက်လျှော့ပြီး အိမ်ပြန်ခဲ့ကြတော့သည်။

(၅)

အိမ်သို့အဝင်မှာပင် ကိုသန်းမြင့်ကို အံ့အားသင့်စွာ မြင်တွေ့လိုက်ရသည်။ ကိုသန်းမြင့်သည် အိမ်အဝတွင်ထိုင်နေရာမှ မကြူတို့ရှိရာသို့ တစ်လှမ်းချင်းလျှောက်လာသည်။

"ကိုသန်းမြင့် ရှင် ရှင်"

"ဟုတ်ပါတယ် ငါပါ ဘာမှမဖြစ်ပါဘူး။ မနေ့က သားအစား ငါလိုက်သွားဖို့လုပ်ခဲ့ပေမဲ့ သူတို့ ဝဲတွေပေါတဲ့ ကျူတောဘက်ကိုသွားမယ်လုပ်တော့ စက်လှေမထွက်ခင် ငါတားခဲ့ပါတယ်။ သူတို့ လက်မခံတာနဲ့ ငါလဲမလိုက်ဘဲ ပြန်လာခဲ့တာ။ ဒီလိုနဲ့ ငါလဲ ဟိုဘက်ရွာ ဘုရားပွဲရောက်သွားပြီး အခုမှပြန်လာတာ။ ကျော်ကြီးတို့သတင်းကြားတော့ ငါ စိတ်မကောင်းပါဘူး။ ဘာပဲဖြစ်ဖြစ် ငါ့သားကိုငါတားနိုင်ခဲ့တာတော့အမြတ်ပေါ့ဟာ"

"သားနားလည်ပါပြီအဖေ။ အဖေ့ရဲ့စေတနာ၊မေတ္တာတွေကို သား သိပါပြီ။ အဖေ မကြိုက်တာမလုပ်တော့ပါဘူး။ ပညာတတ်ဖြစ်အောင်ကြိုးစားပြီး အဖေဖြစ်စေချင်တဲ့ မှန်ကန်သင့်မြတ်တဲ့အလုပ်နဲ့ အဖေနဲ့အမေကို လုပ်ကျွေးသွားပါ့မယ်အဖေ"

ကိုသန်းမြင့်သည် ပြုံးရင်း အောင်ဖြိုး၏ပခုံးကို ပုတ်လိုက်သည်။ ဖခင်တစ်ယောက်၏မေတ္တာကို မကြူတို့အားလုံး သိရှိနိုင်ခဲ့ပြီဖြစ်သည်။ ဖခင်တစ်ယောက်၏မေတ္တာသည်ကား ကြီးမားမြင့်မြတ်လွန်းလှကြောင်းလည်း မြင်တွေ့ခဲ့ရပြီဖြစ်သည်။ မကြူသည်လည်း နောင်တရနေခဲ့ပြီဖြစ်သည်။ မကြူ၏မျက်ဝန်းအိမ်မှ မျက်ရည်များစီးကျနေသော်လည်း ပီတိမျက်ရည်များပင် ဖြစ်ပါတော့သည်။

# အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၂၉၆၅ ဧက စိုက်ပျိုးပြီးစီး




**မြောင်းမြ ဖေဖော်ဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၂၉၆၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၈၉၉၇ ဧကလျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပဲတီစိမ်း ၃၂၉၆၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ပဲတီစိမ်းကို လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"အိမ်မဲမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲတီစိမ်း ၂၈၉၉၇ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာတော့ ပဲတီစိမ်း ၃၂၉၆၅ ဧက စိုက်ပျိုးပြီးပါပြီ။ ပဲတီစိမ်းအပါအဝင် ဆောင်းသီးနှံတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်တာတွေကို စနစ်တကျ စီမံဆောင်ရွက်ခဲ့ပါတယ်။ စိုက်ပျိုးပြီးသီးနှံတွေ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းလာဖို့ကိုလဲ ဆက်လက်ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းအပါအဝင် ဆောင်းသီးနှံများကို လျာထားချက် ပြည့်မီအောင် စိုက်ပျိုးနိုင်ရန်အတွက် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးကုမ္ပဏီများ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ဧက ၁၄၁၇၀ ရိတ်သိမ်းပြီးစီး

**ချောင်းဦး ဖေဖော်ဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါးဧက ၁၄၁၇၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၁၇၆၄၃ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် ဇွန်လမှစတင်၍ ဇက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ဧက ၁၄၁၇၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ထိုသို့စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧက ၁၄၁၇၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ရာ တစ်ဧကလျှင် ၈၆ ဒသမ ၈၆တင်းထွက်ရှိကြောင်း သိရသည်။

"ချောင်းဦးမြို့နယ်မှာ ဒီနှစ် မိုးစပါးဧက ၁၄၁၇၀ စိုက်ပျိုးနိုင်ခဲ့တယ်။ လက်ရှိမှာလဲ စိုက်ပျိုးထားတဲ့ စပါးစိုက်ခင်းတွေ ရာနှုန်းပြည့် ရိတ်သိမ်းပြီးပါပြီ။ အထွက်နှုန်းကောင်းမွန်ပါတယ်။ မိုးစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးတာ၊ သီးနှံတွေပျက်စီးဆုံးရှုံးမှုမရှိဖို့၊ ရိတ်သိမ်းပြီးစပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် စပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မိုးစပါးအထွက်နှုန်းတိုးတက်ရေးအတွက် နည်းပညာများပေးခြင်း၊မြေဩဇာကျွေးနည်း စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၂၀၆)



# နန့်စန်မြို့နယ် အမှတ်(၅) - အမှတ်(၆)လမ်း၌ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**နန့်စန် ဖေဖော်ဝါရီ ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် နန့်စန်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အမှတ်(၅)-အမှတ်(၆)လမ်း၌ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမျိုးမင်းသန့်၊ လွိုင်လင်ခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်သက်နိုင်၊ နန့်စန်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်မာမာသက်နှင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများက အမှတ်(၅) - အမှတ်(၆)လမ်း၌ ကတ္တရာလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက် ပြီးစီးမှုကို ရှင်းလင်းတင်ပြရာ ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမျိုးမင်းသန့်က လိုအပ်သည်များ မှာကြားသည်။

အမှတ်(၅)-အမှတ်(၆)လမ်း၌ လမ်းအရှည် ၂ ဒသမ ၈၈ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၀၄ ဒသမ ၉၈ သန်းဖြင့် KZEN ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမျိုးမင်းသန့်ထံမှ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

## ထိန်းသိမ်းသင့်လျက် ဆောင်းခိုငှက်

- မိုးနှောင်းလွန်မြောက်၊ ဆောင်းရောက်ပြီဆိုလျှင်
  ကျင်လည်ကျက်စား၊ ကျေးငှက်များစုံလင်
  တောရပ်တစ်ခွင်၊ သက်ဝင်လှုပ်ရှား
  လှပတင့်တယ်၊ ရှုမောဖွယ်
  စီးသွယ်မြစ်ဖျား စည်ကားသည်နှင့်လေး။

- ခိုင်ဖူးငုံများ၊ အလှပွားဖြိုင်ဖြိုင်
  သဇင်ပန်းခက်၊ ဆောင်းငှက် ထိုမြိုင်မြိုင်
  ထူးကဲမြေဂနိုင်၊ ကြိုင်လှိုင်ထုံသင်း
  လှတေးသံချို၊ ချစ်အားပို
  ကြိုဆိုထိန်းသိမ်း သက်ဆင်းသည်နှင့်လေး။

- ဘေးဒဏ်ရယ်ကင်း၊ စိတ်ရင်းကြည်ဖြူ
  တည်ရာကျက်စား၊ အားတက် စံနမူ
  ငှက်ကျေးညီတူ၊ ဖေးကူစောင့်ရှောက်
  ဘေးကင်းစေလို၊ တောရယ်ထို
  ဆောင်းခိုလှမျိုး ထွန်းတောက်သည်နှင့်လေး။

- ဂေဟမပျောက်၊ အထက်အောက်ညီစေ
  ဘဝမှောင်ကင်း၊ ချစ်ခြင်းတူစုံလေ
  ထက်ဝလာဓွေ၊ ဝဲနေ ငှက်ပေါင်း
  ဆောင်းရိပ်ရယ်ခို၊ ထွေးပွေ့ကြို
  ထိုထိုဇီဝ မျိုးကောင်းသည်နှင့်လေး။

- ဓလေ့အကြောင်းထက်စုံလင်ဖွေရှာမှတ်ထားတော့သည်။
- ရွှေ့ပြောင်းငှက် တပုံတပင်
  မြေကမ္ဘာဆက် ပွားတော့သည်။

**မင်းသူရိန်(သာကီနွယ်)**

# အင်္ဂပူမြို့နယ် ညောင်ပင်တဲကျေးရွာ၌ VRFPစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အင်္ဂပူ ဖေဖော်ဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်တဲကျေးရွာ၌ ပဉ္စမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေမင်းမင်းက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသူ၊ အသင်းသားများနှင့် တွေ့ဆုံပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းတာဝန်ခံ ဝန်ထမ်းများက သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သန်း ၂၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ညောင်ပင်တဲကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၁၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၁ ဒသမ ၀၅ သန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၁၇ဦးကို ငွေကျပ် ၂ ဒသမ၉၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၇၀ကို ငွေကျပ် သန်း ၂၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# အစ္စရေး-ဟားမတ်စ် စစ်ပွဲအတွက် လက်နက်များ စီးဝင်လာမှု



ဂါဇာတွင်အစ္စရေးနှင့်ဟားမတ်စ်တို့ကြားဖြစ်ပွားလျက်ရှိသောစစ်ပွဲသည် ဆက်လက်အရှိန်မြင့်တက်နေဆဲပင်ဖြစ်သည်။ သေကျေထိခိုက်ဆုံးရှုံးမှုနှုန်းမှာလည်း ဆက်လက်မြင့်တက်လျက်ရှိသည်။ စိတ်ဝင်စားဖို့ကောင်းသည့်အချက်မှာ ဂါဇာစစ်ပွဲတွင် အသုံးပြုနေသောလက်နက်များ မည်သည့်နေရာမှ စီးဝင်လာသလဲဆိုသော မေးခွန်းပင်ဖြစ်သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ဟားမတ်စ်တို့၏ အလစ်အငိုက်တိုက်ခိုက်မှုအတွင်း အစ္စရေးပြည်သူဦးရေ ၁၂၀၀ သေဆုံးခဲ့ကြောင်း အစ္စရေးအစိုးရက ခန့်မှန်းတွက်ချက်ထားရှိသည်။ ထိုအချိန်မှစ၍ နှစ်ဖက်စလုံးသည် ဒုံးကျည်များ၊ လောင်ချာများ၊ စိန်ပြောင်းများ၊ အခြားသောလက်နက်များနှင့်အပြန်အလှန်ပစ်ခတ်လျက်ရှိသည်။ ကုလသမဂ္ဂ၏ ခန့်မှန်းချက်အရ အစ္စရေးတို့ပစ်ခတ်သော ဒုံးကျည်များနှင့် ဗုံးများကြောင့် ပြည်သူဦးရေ ၂၅၀၀၀ ကျော်သေဆုံးခဲ့ပြီးဖြစ်သည်။ ဟားမတ်စ်တို့သည် အစ္စရေးနိုင်ငံကို ရော့ကတ်လောင်ချာနှင့် စိန်ပြောင်း ၁၃၀၀၀ ကျော်တို့ဖြင့် ပစ်ခတ်ခဲ့ရာ အစ္စရေးစစ်သား ၁၈၉ ဦး သေဆုံးခဲ့ပြီးဖြစ်သည်။ အစ္စရေးနှင့် ဟားမတ်စ်တို့သည် လက်နက်၊ ခဲယမ်းများ ကိုယ်တိုင်ထုတ်လုပ်နိုင်စွမ်းရှိသည့်အပြင် အခြားသောနိုင်ငံများမှလည်း လက်နက်၊ ခဲယမ်းများဝယ်ယူဖြည့်တင်းလျက်ရှိသည်။

**အစ္စရေး၏ လက်နက်အထောက်အပံ့**

အစ္စရေးနိုင်ငံသည် ၁၉၄၈ ခုနှစ် နိုင်ငံစတင်ထူထောင်ကတည်းက ၎င်းတွင်ရန်လိုမုန်းတီးသူများ ဝိုင်းဝိုင်းလည်နေသည်ကို သိရှိထားသည်။ ၎င်း၏ ကာကွယ်ရေးမဟာဗျူဟာသည် ကိုယ်ပိုင်စွမ်းဆောင်ရည်နှင့် အဆင့်မြင့်နည်းပညာအပေါ် အလေးထားသွားရန်ပင်ဖြစ်သည်။ အစ္စရေးနိုင်ငံသည် ၁၉၄၈ ခုနှစ်၊ ၁၉၄၉ ခုနှစ်၊ ၁၉၅၆ ခုနှစ်၊ ၁၉၆၇ ခုနှစ်နှင့်၁၉၇၃ ခုနှစ် စစ်ပွဲများအပြင် ဂါဇာနှင့် အနောက်ဘက်ကမ်းခြေရှိ ပဋိပက္ခများမတိုင်မီကတည်းက တိုင်းပြည်၏ အတွေ့အကြုံတို့အရ စစ်အင်အားတည်ဆောက်မှုကို အထူးအလေးထားဆောင်ရွက်လာခဲ့သည်။

အစ္စရေးနိုင်ငံသည် ကာကွယ်ရေးအသုံးစရိတ်ကို ပထမဦးစားပေးခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် အစ္စရေးနိုင်ငံသည် ကာကွယ်ရေးအသုံးစရိတ်ကိုပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) ၏ ၄ ဒသမ ၅ ရာခိုင်နှုန်းသုံးစွဲခဲ့သည်။ အစ္စရေးနိုင်ငံသည် စစ်ပွဲများအတွက် ကြိုတင်မျှော်တွေးကာ ကာကွယ်ရေးစက်မှုလုပ်ငန်းကို အဆင့်မြှင့်တင်ပြီး စစ်လက်နက်ပစ္စည်းများကို အရှိန်အဟုန်ဖြင့် ထုတ်လုပ်လျက်ရှိသည်။ အစ္စရေးနိုင်ငံ၏ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီ သုံးခုသည် ကမ္ဘာ့ထိပ်တန်းလက်နက်ထုတ်လုပ်ရေးလုပ်ငန်း ၁၀၀ ထဲတွင် ပါဝင်လျက်ရှိသည်။ Elbit Systems ကုမ္ပဏီသည် ခဲယမ်းနှင့် အမြောက်လက်နက်ကြီးများထုတ်လုပ်လျက်ရှိသည်။ အစ္စရေးအာကာသ စက်မှုလုပ်ငန်း (Israel Aerospace Industries) ကုမ္ပဏီသည် မောင်းသူမဲ့လေယာဉ်များ တည်ဆောက်လျက်ရှိသည်။ ထို့ပြင် Rafael ကုမ္ပဏီသည်လည်း လေကြောင်းရန်ကာကွယ်ရေးစနစ်များထုတ်လုပ်လျက်ရှိသည်။ Rafael နှင့် Israel Aerospace တို့သည် Iron Dome လေကြောင်း ရန်ကာကွယ်ရေးစနစ် သုတေသနပြုတည်ဆောက်ရာတွင် ပူးတွဲဆောင်ရွက်ခဲ့ကြသည်။ အမေရိကန်တို့သည် သုတေသနပြုတည်ဆောက်သည့် လုပ်ငန်းများကိုကူညီခဲ့ပြီး Iron Dome ၏ အစိတ်အပိုင်းတစ်ဝက်ခန့်ကို အမေရိကန်နိုင်ငံတွင်ပြုလုပ်ခဲ့သည်။

အစ္စရေးနိုင်ငံသည် အဆိုပါကုမ္ပဏီကြီးများ၏ ဦးဆောင်မှုဖြင့် စစ်လက်နက်ပစ္စည်းတင်သွင်းသည့်နိုင်ငံအဖြစ်မှသည် ကမ္ဘာ့စစ်လက်နက်ပစ္စည်းတင်ပို့သည့် နိုင်ငံများစာရင်းတွင် အဆင့် (၁၀) ထိ ရပ်တည်လာနိုင်ခဲ့သည်။ အစ္စရေးနိုင်ငံ၏ စစ်လက်နက်ပစ္စည်းစက်မှုလုပ်ငန်းအောင်မြင်မှုအများစုသည် စီးပွားရေးလုပ်ငန်းအားလုံးတွင် စီးပွားရေးစွမ်းဆောင်ရှင်များ စွန့်ဦးတီထွင်မှုနှင့်ဆန်းသစ်တီထွင်မှုများအပြင် စစ်ဘက်-အရပ်ဘက် ဆက်နွယ်မှုများ၏ ရလဒ်ကြောင့်ပင်ဖြစ်သည်။ အစ္စရေးနိုင်ငံသားအများစုသည် တပ်မတော်တွင် တာဝန်ထမ်းဆောင်ရန် လိုအပ်သောကြောင့် ငယ်ရွယ်စဉ်ကတည်းကပင် ဆုံးဖြတ်ချက်ချမှတ်မှုနှင့်ခေါင်းဆောင်မှုဆိုင်ရာ စွမ်းဆောင်ရည်များ တိုးတက်လျက်ရှိသည်။ ထို့ပြင် လူငယ်များကို အဆင့်မြင့်လုပ်ငန်းတာဝန်များလည်း ပေးအပ်သွားနိုင်သည်။ ထိုသို့ လုပ်ဆောင်နိုင်ခြင်းသည် တိုင်းပြည်ထူထောင်မှုနှင့် စီးပွားရေး၌ စွန့်စားသည့်အလေ့အထများကို အထောက်အကူပြုစေလျက်ရှိသည်။

အစ္စရေးနိုင်ငံအနေဖြင့် အခြားသောနိုင်ငံများမှလည်း စစ်လက်နက်ပစ္စည်းများ တင်သွင်းလျက်ရှိသည်။ စတော့ဟုမ်းနိုင်ငံတကာငြိမ်းချမ်းရေးသုတေသနအင်စတီကျုရှင်း (SIPRI) ၏အဆိုအရ ၂၀၁၃ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း အစ္စရေးနိုင်ငံ၏ စစ်လက်နက်ပစ္စည်းတင်သွင်းမှု စုစုပေါင်း၏ ၆၈ ရာခိုင်နှုန်းသည် အမေရိကန်မှဖြစ်ပြီး ၂၈ ရာခိုင်နှုန်းသည် ဂျာမနီနိုင်ငံမှဖြစ်သည်။ ထိုသို့ တင်သွင်းသည့် စစ်လက်နက်ပစ္စည်းများအတွက် ရန်ပုံငွေကို နှစ်စဉ် အမေရိကန်မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ ဘီလီယံပံ့ပိုးပေးလျက်ရှိပြီး အမေရိကန်ဒေါ်လာ သန်း ၅၀၀ သည် ဒုံးကျည်ကာကွယ်ရေးစနစ်ပူးပေါင်းထုတ်လုပ်မှုမှရရှိလျက်ရှိသည်။

အစ္စရေး-ဟားမတ်စ်စစ်ပွဲစတင်ဖြစ်ပွားကတည်းက အမေရိကန်နိုင်ငံသည် ပေါင်၂၀၀၀ ရှိသော ဗုံးအမျိုးအစားဖြစ်သည့် MK-84 နှင့် ခဲယမ်း ၅၀၀၀ ကျော် ပံ့ပိုးထားပြီးဖြစ်သည်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလနှောင်းပိုင်းတွင် အမေရိကန်သည် ကုန်တင်လေယာဉ်အစင်း ၂၃၀ နှင့် သင်္ဘောအစီးရေ ၂၀ တို့ဖြင့် အစ္စရေးနိုင်ငံသို့ အမြောက်ကျည်ဆန်များ၊ သံချပ်ကာယာဉ်များနှင့်တိုက်ပွဲအထောက်အကူပြုအခြေခံပစ္စည်းများတင်ပို့ခဲ့သည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းကပင် ပင်တဂွန်သည် ယခု အစ္စရေးနိုင်ငံသို့ပေးအပ်လျက်ရှိသည့် အမေရိကန်၏ အကူအညီများတွင် မူလကတည်းကသိုလှောင်ထားသည့် လက်နက်၊ ခဲယမ်းများလည်း ပါရှိသည်။ အစ္စရေးနိုင်ငံ၌ စစ်လက်နက်ပစ္စည်းများ သိုလှောင်ထားရှိသည်။ ၎င်းလက်နက်များသည် အမေရိကန်စစ်ဘက်အတွက် အသုံးပြုသွားရန်ရည်ရွယ်ထားရှိသည်။ သို့သော် အမေရိကန်သည်ဂါဇာစစ်ပွဲအတွင်း အစ္စရေးနိုင်ငံကို ၎င်းလက်နက်များအနက်မှ တချို့ကို အသုံးပြုသွားရန်ခွင့်ပြုထားပြီးဖြစ်သည်။

အမှန်တော့ အမေရိကန်နိုင်ငံသည် အဆိုပါစုပုံသိုလှောင်ထားသောလက်နက်၊ ခဲယမ်းများအနက်မှ တချို့ကို ယူကရိန်းနိုင်ငံသို့ ပေးပို့သွားရန်ညွှန်ကြားထားပြီးဖြစ်သည်။ ထို့နောက် အစ္စရေးရှိလက်နက်ခဲယမ်းတိုက်များတွင် အဆင့်မြင့်လက်နက်၊ ခဲယမ်းများ သိုလှောင်သွားမည်ဖြစ်သည်။ ဆိုရလျှင် အစ္စရေးရှိ လက်နက်ခဲယမ်းတိုက်များ ရှင်းလင်းသည့်အနေဖြင့် နည်းပညာနှင့် စွမ်းဆောင်ရည်နိမ့်သောဗုံးများနှင့် ကျည်များကို ယူကရိန်းနိုင်ငံသို့တင်ပို့ခဲ့ပြီး ၎င်းနေရာတွင် အမေရိကန်မှတိကျပဲ့ထိန်းခဲယမ်းများကို ပြန်လည်သိုလှောင်သွားမည်ဖြစ်သည်။

**ဟားမတ်စ်၏ လက်နက်အထောက်အပံ့**

ဟားမတ်စ်တို့သည် အစ္စရေးတို့၏ပိတ်ဆို့မှုကို တုံ့ပြန်သည့်အနေဖြင့် ဂါဇာမြေအောက်နှင့်အီဂျစ်နယ်စပ်တို့တွင် အကြီးစားဥမင်လိုဏ်ခေါင်းကြီးများကို တိုးချဲ့တည်ဆောက်လျက်ရှိသည်။ ဟားမတ်စ်တို့သည် ၎င်းတို့၏ လက်နက်အများစုကို အီရန်မှရရှိသည်။ လက်နက်၊ ခဲယမ်းများကို အီဂျစ်နိုင်ငံမှဖြတ်သန်းတင်သွင်းပြီး မြေအောက်လိုဏ်ခေါင်းများမှတစ်ဆင့် ဂါဇာကမ်းမြောင်သို့ တရားမဝင်တင်သွင်းလျက်ရှိသည်။ မည်သို့ပင်ဆိုစေ ဟားမတ်စ်တို့၏ လက်နက်၊ ခဲယမ်းများတွင် တရုတ်နှင့် ရုရှားတို့၏ AK-47 ချေမှုန်းရေးရိုင်ဖယ်များနှင့် မြောက်ကိုရီးယားနှင့်ဘူဂေရီးယားနိုင်ငံတို့တွင် ထုတ်လုပ်သည့် RPG များလည်းရှိသည်။

ရှုပ်ထွေးလှသော ကမ္ဘာ့လက်နက်ဈေးကွက်တွင် မည်သူကမည်သူ့ကို လက်နက်ရောင်းချနေသည်ဆိုသောကိစ္စကိုဆုံးဖြတ်ရန်သည် ခက်ခဲလှပေသည်။ နိုင်ငံတစ်နိုင်ငံတွင် ထုတ်လုပ်သောလက်နက်တစ်မျိုးသည် နိုင်ငံများစွာကိုဖြတ်သန်းပြီးနောက် ဟားမတ်စ်တို့၏ လက်ဝယ်သို့ရောက်ရှိနိုင်ပေသည်။ စစ်လက်နက်ပစ္စည်းမဟုတ်သည့် ကုန်စည်များကဲ့သို့ပင် လက်နက်အတုအပထုတ်လုပ်မှုများသည်လည်း စီးပွားရေးလုပ်ငန်းများ၏ တစ်စိတ်တစ်ဒေသပင်ဖြစ်သည်။ ဟားမတ်စ်တို့သည် တရုတ်နှင့်အီရန်တို့၏ ပုံတူထုတ်လုပ်လျက်ရှိသော ဆိုဗီယက်ခေတ်လက်နက်ဒီဇိုင်းပုံစံများစွာကို အသုံးပြုလျက်ရှိသည်။

ဟားမတ်စ်အဖွဲ့ကိုယ်တိုင်ပင်လျှင် ဂါဇာ၌ လက်နက်တချို့ထုတ်လုပ်လျက်ရှိသည်။ မြေအောက်ဥမင်လိုဏ်ခေါင်းများတွင်ရှိသည့် တချို့သောလက်နက်စက်ရုံများသည် စိန်ပြောင်းများ၊ ရော့ကတ်များ၊ ရိုင်ဖယ်များနှင့် ကျည်ဆန်များထုတ်လုပ်လျက်ရှိသည်။ ရုရှားကဲ့သို့ပင် တချို့သောနိုင်ငံများသည် ၎င်းတို့၏ ထုတ်ကုန်များကို တုပထုတ်လုပ်သွားရန် ဟားမတ်စ်အဖွဲ့ကို ခွင့်ပြုချက်ပေးထားပြီးဖြစ်သည်။ အီရန်နိုင်ငံသည် ဂါဇာအခြေစိုက်အင်ဂျင်နီယာများကို ဒီဇိုင်းနှင့်ထုတ်လုပ်နည်းပညာများ လေ့ကျင့်သင်ကြားပို့ချပေးလျက်ရှိသည်။ ဆိုရလျှင် အစ္စရေးတပ်မတော်သည် ဂါဇာရှိ အဆောက်အအုံများနှင့် တိုက်ခိုက်ဖျက်ဆီးလျက်ရှိသော်လည်း ဟားမတ်စ်တို့သည် အဆိုပါအပျက်အစီးများကို ပြန်လည်ဆယ်တင်ကာ လက်နက်များ ထုတ်လုပ်လျက်ရှိသည်။

ဆိုရလျှင် ဂါဇာစစ်ပွဲသည် ဆက်လက်အရှိန်အဟုန်မြင့်တက်လျက်ရှိသောကြောင့် အစ္စရေးတို့သည်လျော့နည်းသွားသောလက်နက်ခဲယမ်းတိုက်များကို ပြန်လည်ဖြည့်ဆည်းသွားရတော့မည်ဖြစ်သည်။ သို့သော် အမေရိကန်တို့က နိုင်ငံရေးနှင့် စစ်ရေးဆိုင်ရာအကူအညီများ ဆက်လက်ပေးနေသရွေ့ကာလပတ်လုံး အစ္စရေးလက်နက်တိုက်များတွင် လက်နက်၊ ခဲယမ်းများပြန်လည်ပြည့်နေဦးမည်ဖြစ်သည်။ အထူးသဖြင့် လက်ရှိအချိန်တွင် အစ္စရေးတို့သည် ဂါဇာရှိနေရာအများစုကို သိမ်းပိုက်ထားပြီးဖြစ်သည့်အတွက် ဟားမတ်စ်တို့အနေဖြင့် လက်နက်၊ ခဲယမ်းပြန်လည်ဖြည့်တင်းရန် ပိုမိုခက်ခဲလာပြီဖြစ်သည်။

အစ္စရေးနှင့်ဟားမတ်စ်တို့အနေဖြင့် လက်နက်၊ ခဲယမ်းများ မည်သည့်နေရာကရရှိနေသည်ဖြစ်စေ ဂါဇာဒေသရှိပြည်သူများသည် ဒုက္ခများနှင့်ရင်ဆိုင်နေရပြီဖြစ်သည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ငွေကြေးနှင့် အချိန်များစွာယူရဦးမည်ဖြစ်သည်။ ဆိုရလျှင် အစ္စရေး-ပါလက်စတိုင်းပဋိပက္ခတွင် အင်အားကြီးသူ၏ လုပ်ရပ်သည်သာမှန်ကန်သည်ဆိုသောအယူအဆသည် အရှေ့အလယ်ပိုင်းဒေသတွင် တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်နိုင်မည်မဟုတ်ဘဲ နာကြည်းမုန်းတီးမှုများနှင့်လက်တုံ့ပြန်တိုက်ခိုက်မှုများကိုသာ ဆက်လက်အရှိန်မြင့်တက်လာနိုင်ပေသည်။ အထူးသဖြင့် အမေရိကန်သည် ဂါဇာအရေးတွင် အားပေးအားမြှောက်လုပ်နေမည်ဆိုလျှင် အရှေ့အလယ်ပိုင်းဒေသသည် ငြိမ်းချမ်းရေးနှင့် အလှမ်းကွာဝေးနေဦးမည်ဖြစ်ပေသည်။

စင်စစ်အားဖြင့် လက်ရှိ ဖြစ်ပွားလျက်ရှိသော အစ္စရေး-ဟားမတ်စ်စစ်ပွဲ၌ နှစ်ဖက်စလုံးမှ ပြည်သူများသေကျေထိခိုက်မှုဖြစ်ပွားနေသည်ဆိုသောအချက်ကို မည်သူမျှ ငြင်းဆန်နိုင်မည်မဟုတ်ချေ။ နိုင်ငံတကာအဖွဲ့အစည်းများမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများပေးပို့နိုင်ရေးကြိုးပမ်းနေသည့်တိုင်အောင် သေကျေထိခိုက်မှုများ ဆက်လက်မြင့်တက်နေဆဲပင်ဖြစ်သည်။ အင်အားကြီးနိုင်ငံများအနေဖြင့် စစ်ပွဲကို အားပေးအားမြှောက်လုပ်ဆောင်နေသည်ထက် အပြစ်မဲ့ပြည်သူများအကျိုးကို မျှော်တွေးကာ ယာယီစစ်ပွဲရပ်ဆိုင်းနိုင်မည့် ကြားဝင်စေ့စပ်ဆွေးနွေးမှုများ လုပ်ဆောင်သွားသင့်ပြီဖြစ်သည်။ ထိုသို့လုပ်ဆောင်နိုင်ခြင်းမရှိလျှင် စစ်လက်နက်ပစ္စည်းထုတ်လုပ်ရောင်းချနေသောကုမ္ပဏီကြီးများကိုသာ ပိုမိုအကျိုးဖြစ်ထွန်းလာစေမည်ဖြစ်ပြီး အနာဂတ်တွင်လည်း အပြစ်မဲ့ပြည်သူများ သေကျေထိခိုက်ဆုံးရှုံးမှုများဖြစ်ပွားစေမည့် အလားတူစစ်ပွဲများကို ထပ်မံဖန်တီးလာနိုင်ပေသည်။

**ကိုးကား**

-Where do Israel and Hamas get their weapons By Asia Times.

မောင်သောင်းဝင်း (တမန်ဟောင်း)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝအဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၇၄၉၁ ဧက စိုက်ပျိုးပြီးစီး



**မင်းကင်း ဖေဖော်ဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၇၄၉၁ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၆၈၆၂ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင် စိုက်ပျိုးခဲ့ရာ ဇန်နဝါရီ ၃၁ ရက်ထိ ၇၄၉၁ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်သဖြင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဇန်နဝါရီ ၃၁ ရက်ထိ ဧက ၇၀၀၀ ကျော်စိုက်ပျိုးပြီးနေပါပြီ။လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်တယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှု မရှိအောင် အသိပညာပေး ဆောင်ရွက်နေတယ်။ ပြောင်းသီးနှံစိုက်ပျိုးမှုက တစ်နှစ်နဲ့တစ်နှစ် တိုးချဲ့စိုက်ပျိုးလာကြပါတယ်"ဟုမင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်ဟေမာန် ကျော်ဝင်းက ပြောပြသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် အစေ့ထုတ်ပြောင်း ဧက ၁၁၅၀၊ ဖူးစားပြောင်း ၆၃၄၁ ဧက စုစုပေါင်း ၇၄၉၁ ဧကတို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် အစေ့ထုတ်ပြောင်း ၁၀၄၉ ဧက၊ ဖူးစားပြောင်း ၅၈၁၃ ဧက စုစုပေါင်း ၆၈၆၂ ဧကတို့ဖြစ်ကြောင်း သိရသည်

ယခုနှစ် မင်းကင်းမြို့နယ်တွင် ပြောင်းသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးစသည့် စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မိုင်းဆတ်မြို့နယ် မယ်နားကျေးရွာတွင် ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မိုင်းဆတ် ဖေဖော်ဝါရီ ၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖန်ဖုကျေးရွာအုပ်စု မယ်နားကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးလက်သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဆတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်မြင့်သီတာဟန်၊ အင်ဂျင်နီယာဝန်ထမ်းများနှင့် တာဝန်ရှိသူများသည် မယ်နားကျေးရွာတွင် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူးက ကျေးရွာရှိ ကျေးရွာသူ၊သားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးသော ရေရရှိရေးလုပ်ငန်းကို တန်ဖိုးထားပြီး ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မိုင်းဆတ်မြို့နယ် မယ်နားကျေးရွာတွင် အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၅ပေ ရှိအုတ်ရေကန်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၅ ဒသမ ၁၂ သန်း အသုံးပြု၍ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၅၃ အိမ်၊ လူ ၂၉၃ ဦးတို့အတွက် သန့်ရှင်းသော သောက်သုံးရေများ ရာသီမရွေးဖူလုံစွာရရှိနေပြီဖြစ်ကြောင်း ခေတ္တခရိုင်ဦးစီးမှူး ဒေါ်မြင့်သီတာဟန်က ပြောပြ၍ သိရသည်။

**ရွှေသန်းဦး(နှံ).**

# ကင်းဝန်မင်းကြီးနှင့် ဆယ့်နှစ်ရာသီအိုင်ချင်းကဗျာတစ်ပုဒ်

ပြေပြအေးသက်

ကင်းဝန်မင်းကြီးအကြောင်းက ခေါင်းထဲအလိုလို ပေါ်လာသည်တော့မဟုတ်ပါ။ တစ်နေ့က "ရင်ထဲက အိုင်ချင်းကဗျာ"ဟုဆိုပြီး ဆောင်းပါးရေးနေစဉ်မှာပင် ကင်းဝန်မင်းကြီးသည် ခရီးသွားမှတ်တမ်းများအပြင် ကဗျာများ၊ စာများ ရေးသားခဲ့ရာတွင် အိုင်ချင်းကဗျာကိုလည်း ရေးသားစပ်ဆိုခဲ့ကြောင်း တွေ့ရပေသည်။ ထို့နှင့်ပင် ကုန်းဘောင်ခေတ်နှောင်းပိုင်းမှ ခေတ်မီလှသော နိုင်ငံရေးလူသားသည်လည်း စာပေအနုပညာများကို ခေတ်နှင့်လျော်ညီစွာ ရေးသားပြုစုခဲ့သည်တို့ကို ဝင်ရောက်မွှေနှောက်ရင်း တွေ့သည်လေးများကို ဝေမျှချင်လာမိသည်။ ရေးရင်းမွှေနှောက်၊ မွှေနှောက်ရင်း ရေးဆိုတော့ ခရီးမတွင်သော်လည်း ရင်ထဲတွင် အတော်ရောက်လာသည်။

**မောင်ချင်းမှ ဦးပဍ္ဍင်းအာသဘ**

ကင်းဝန်မင်းကြီး၏ ငယ်မည်မှာ မောင်ချင်းဖြစ်ပြီး သက္ကရာဇ် ၁၁၈၃ ခုနှစ် တပို့တွဲလဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့တွင် မုံရွာခရိုင် မင်းတိုင်ပင်ရွာ၌ ဦးမှို၊ ဒေါ်နှင်းဆီတို့က မွေးဖွားခဲ့သည်။ မွေးဖွားသည့်နှစ်တွင်ပင် "လူကြုံလျှင် ပြောရော့ ယောစပ်ကချင်းတဲ့"ဟူ၍ တဘောင်စကားများ ပျံ့နှံ့ခဲ့သည်။ အသက် ခုနစ်နှစ်သားတွင် ငှက်ပျောတောရွာ ဘုန်းကြီးကျောင်းထိုင် ဦးဆန်းထံတွင် စာပေသင်ကြားနိုင်ရန် အပ်နှံခဲ့ပြီး နောင်သုံးနှစ်အကြာတွင် ထိုကျောင်း၌ပင် ရှင်သာမဏေပြုခဲ့သည်။ ရှင်သာမဏေဘွဲ့အမည်မှာ အာသဘဖြစ်သည်။ သက္ကရာဇ် ၁၁၉၈ ခုနှစ်တွင် စစ်ကဲရွာ ဘုန်းကြီးကျောင်း ဆရာတော်ထံတွင် ပါဠိ၊ အဌကထာ၊ ဋီကာ၊ ကျမ်းဂန် စသည်တို့ကို လေ့လာဆည်းပူးပြီးနောက် ပဒူးရွာကျောင်းထိုင် ဦးဥတ္တမထံ ပြောင်းရွှေ့ပညာဆည်းပူးရာ ခန်းနေဦးပဍ္ဍင်း ဦးဝိသုဒ္ဓ နောင်တွင် ပခန်းမြို့စားကြီး ဦးရန်ဝေးနှင့် တွေ့ဆုံခဲ့သည်။ ကျောင်းထိုင်ဆရာတော်ကြီးမှာ ဦးရန်ဝေး၏ ဦးရီးတော်စပ်သူဖြစ်သည်။ နောင်တွင် ပခန်းကြီးအရှေ့ဘက် ငါးရံ့အိုမြစ်စုတ်ရွာ ဘုန်းတော်ကြီး ဦးကျော်ခေါင်ထံတွင် ပညာများ ဆက်လက်ဆည်းပူးခဲ့သည်။

**ဦးပဍ္ဍင်း ဦးအာသဘမှ မောင်ကောင်းသို့**

ထိုမှ သက်တော် ၂၀ နှစ်ပြည့်၍ ရှင်သာမဏေပြုခဲ့သည့် ငှက်ပျောတောကျောင်းသို့ပြန်ကြွကာ အမိအဘတို့ထံခွင့်ပန်၍ ရဟန်းဘောင်သို့ဝင်ခဲ့ပြီး ငါးရံ့အိုမြစ်စုတ်ရွာသို့ပြန်ခဲ့သည်။ ၎င်းမှ အမရပူရ နေပြည်တော်သို့ ကြွရောက်ရာ ဗားကရာကျောင်းမှတစ်ဆင့် ငွေရေးကျောင်း ကျောင်းထိုင်ဖြစ်နေသော ဦးဝိသုဒ္ဓ (ဦးရန်ဝေး)နှင့် ပြန်တွေ့ကာ တပည့်အဖြစ်နေ၍ ဗားကရာကျောင်းဆရာတော်အမှူးရှိသော ဆရာတော်များထံတွင် နည်းနာခံယူ လေ့လာမှတ်သားခဲ့သည်။ အမရပူရမြို့ ဗားကရာကျောင်းတိုက်သို့ ကြွရောက်သီတင်းသုံးသည်။ သက္ကရာဇ် ၁၂၁၁ ခုနှစ် အသက် ၂၈ နှစ်တွင် ဦးဝိသုဒ္ဓမှတစ်ဆင့်လူထွက်ပြီး မင်းတုန်းမင်း အိမ်တော်၌ခစားရရာ ကျမ်းဂန်၊ ပျို့ကဗျာများနှင့် ပတ်သက်၍ မင်းတုန်းမင်းသားမေးသည့် ခဲရာခဲဆစ်များကို ဖြေဆိုပြသနိုင်ခြင်းအပြင် ကဗျာရေးဖွဲ့ရာတွင်လည်း ကံ့ကူလက်မှမတန့်ရဘဲ ခဏချင်း ကဗျာကောင်းများကို ဖွဲ့ဆိုသီကုံးဆက်သနိုင်သည်။ ထို့ကြောင့် အိမ်ရှေ့စံအနေဖြင့် သူ၏"ဘိ"တော်သူ အလောင်းဘုရားနည်းတူ တိုင်းပြည်ထောင်ဘက် ကျေးကျွန်သေနတ်ဝန်နှင့် အမည်တူအောင် မောင်ကောင်းဟု အမည်ပြောင်းပေးခဲ့သည်။

**မောင်ကောင်းမှ အလုံမြို့ဝန်ဦးကောင်း**

သက္ကရာဇ် ၁၂၁၂ ခုနှစ်တွင် အိမ်ရှေ့စံအနေဖြင့် နောင်တော်ပုဂံမင်းထံ လျှောက်ထားပြီး မောင်ကောင်းကို "နေမျိုး"ဘွဲ့ဖြစ်သော နေမျိုးနရစည်သူဘွဲ့နှင့် အိမ်တော်ဘဏ္ဍာစာရေး ခန့်အပ်ခဲ့သည်။ သက္ကရာဇ် ၁၂၁၄ ခုနှစ် မင်းတုန်းမင်း မင်းအဖြစ်ရောက်ရှိပြီးသော် "မင်း"တပ်ဘွဲ့ဖြစ်သော မင်းလှသီခ်သူဘွဲ့နှင့် စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးရွာစားနှင့် ရွှေတိုက်စိုး တာဝန်ခန့်အပ်ခဲ့သည်။ သက္ကရာဇ် ၁၂၁၈ ခုနှစ်တွင် တိသနိပတ်တိက္ကျကဇာတ် ပျို့လင်္ကာ ၁၀၀ ပိုဒ်ကို ၁၅ ရက်ခန့်နှင့် အပြီးရေးသွင်းပြီးချိန်တွင် လွှတ်တော်ကြီး၌နန်းအမှာတော်ရေးအရာနှင့် ပခန်းကြီးစီရင်စု သပြေငါးရွာစားအဖြစ် ခန့်အပ်ခံရသည်။ ထို့နောက် မင်းတရားကြီးက ဆင်ကြန်သခင်နှင့် ဂုဏ်တင်လက်ဆက်ပေးခဲ့ရာ ပုဂံမင်း၏ မိဖုရားဟောင်း ကိုယ်လုပ်တော်တစ်ဦးဖြစ်ခဲ့ပြီး မောင်ကောင်းထက် သက်တော် ၃၀ ခန့်ကြီးသည်။ သက္ကရာဇ် ၁၂၁၉ ခုနှစ်တွင် မန္တလေးမြို့တည် ခုနှစ်၌နန်း ရွှေးချယ်လျှောက်ထားမှုကို မင်းတရားကြီးက ကျေနပ်တော်မူ၍ လွှတ်တော်စာရေးတော်ကြီးနေရာပေးခဲ့ရာမှ "ရတနာပုံ ရွှေမြို့တော်တည်စာတမ်း" ရေးသားတင်သွင်းခဲ့ရာ "မဟာ"ဘွဲ့ဖြစ်သော မဟာမင်းကျော်စည်သူဘွဲ့ ချီးမြှင့်ခြင်းခံရသည်။ သက္ကရာဇ် ၁၂၂၃ ခုနှစ်တွင် အလုံမြို့ဝန် အရာ ခန့်အပ်ခြင်းခံရသည်။

**အလုံမြို့ဝန်မှ ကင်းဝန်မင်းကြီးဦးကောင်း**

အလုံမြို့ဝန်ဖြစ်ချိန်တွင် အလုံမြို့သူကြီး၏ သမီးဖြစ်သူ မရွှေမယ် ၂၈ နှစ်နှင့် အကြောင်းဆက်ခဲ့ကြသည်။ သက္ကရာဇ် ၁၂၂၆ ခုနှစ်တွင် ရမည်းသင်း တောင်ငူဘက်သို့ သစ်တောအခွန်ကိစ္စ စီမံရန်စေလွှတ်ခံရပြီး လွှတ်တော်စာရေးကြီး ခန့်အပ်ခံရသည်။ သက္ကရာဇ် ၁၂၂၇ ခုနှစ်တွင် ရမည်းသင်း၊ တောင်ငူ အခွန်ဝန်အဖြစ် ခန့်အပ်ခံရသည်။ သက္ကရာဇ် ၁၂၂၈ ခုနှစ်တွင် မြင်းကွန်းအရေးတော်ပုံ ပေါ်ပေါက်ခဲ့သဖြင့် ကင်းဝန်မင်းကြီးကိုပြန်ခေါ်၍ ပခန်းကြီးမြို့စားမင်းကြီးနှင့်အတူ ရဲမက်ဗိုလ်ပါ လက်နက်ကိရိယာများကို နေ့ညမပြတ် မရပ်မနား ဆင့်ဆိုစည်းကြပ် စီမံကွပ်ကဲသည်ကို မင်းတုန်းမင်းကြီးက သဘောကျတော်မူသဖြင့် "မင်းကြီး"ဘွဲ့ဖြစ်သော မင်းကြီးမဟာစည်သူဘွဲ့နှင့် ဝန်ထောက်တော်အရာ ခန့်အပ်ခံရသည်။ ထို့ပြင် အရေးကြီးသည့် ကြည်းကင်းများဖြစ်သော ဆင်ကြန်၊ မြောက်ဦး၊ လေသာ၊ ပြင်းထိပ်၊ နတ်ထိပ်၊ ရှောင်ကဖွေကင်းများနှင့် ရေကင်းများဖြစ်သော ကျောက်တလုံး၊ မင်းကွန်း၊ စပွာယ်နဂိုရ်ကင်းများကို အုပ်ချုပ်စီမံရသည့် ကင်းဝန်တာဝန်လည်းယူရသည်။ ထိုအခါမှစ၍ ကင်းဝန်မင်းကြီးဟု အမည်တွင်လေသည်။

**ကင်းဝန်မင်းကြီးနှင့် စလေဦးပုည၊ ရာမရကန်ဦးတိုး**

ကင်းဝန်မင်းကြီးနှင့် စလေဦးပုညတို့သည် မင်းတုန်းမင်းခေတ်တွင် ခေတ်ပြိုင်အမှုထမ်းကြသော်လည်း ဦးပုညက စာပေဘက်နှင့် ကင်းဝန်မင်းကြီးက စစ်မှုရေးရာဘက်တွင် အမှုထမ်းကြရသဖြင့် စာပေဘက်တွင် ဦးပုညကို မမီကြောင်း မင်းတုန်းမင်းက ရတနာနန္ဒီဆိုသည့် မော်ကွန်းရေးသားရာတွင် မှတ်ချက်ပြုခဲ့ဖူးသည်။ ရတနာနန္ဒီမော်ကွန်းဆိုသည်မှာ မတ္တရာဘက်မှ မန္တလေးရတနာပုံနေပြည်တော်ထိ မတ္တရာမြစ်လက်တက်နဂါးရစ်မြစ်မှရေကို သွယ်ယူတူးမြောင်းဖောက်စေပြီး အောင်မြင်ပြီးစီးသည့်အနေဖြင့် သူတို့နှစ်ဦးကို မော်ကွန်းတစ်စောင်စီ ရေးသားတင်သွင်းစေခဲ့ရာ၌ မှတ်ချက်ပြုခဲ့ခြင်းဖြစ်သည်။ တစ်ခါတွင် မင်းတရားကြီးသည် ကင်းဝန်မင်းကြီးကို မဟာနိပါတ်နေမိဇာတ်ကို ရကန်ဖွဲ့၍ တင်သွင်းရန်အမိန့်ရှိရာ "မင်္ဂလာအောင်ကိန်းချီနေမိရကန်"ကို ရေးသားတင်သွင်းခဲ့သည်။ ဖွဲ့နွဲ့ပုံမှာ ရာမရကန်ဦးတိုး၏အဖွဲ့ကို မမီခဲ့သော်လည်း စကားလုံးများ ပြောင်မြောက်ပြီး အနက်အဓိပ္ပာယ်လည်း ပေါ်လွင်ခဲ့ကာ တိုက်ရိုက်ရည်ညွှန်းသည့်စကားများဖြင့် ဂုဏ်မမြောက်ခဲ့ခြင်းသာရှိသည်ဟု ဆိုကြသည်။

> ❖ အိုင်ချင်းကဗျာသည် ကဝိဘာရတီကျမ်းအလိုအရ အချင်းကို စွဲ၍ဖြစ်သော ကဗျာ ၁၈ မျိုးအနက် ကဗျာတစ်မျိုးဖြစ်ကြောင်း တွေ့ရှိရသည်။ ရှေးက အမျိုးသမီးကဗျာရှင်များက စတင်ရေးသားစပ်ဆိုခဲ့သော မောင်ဘွဲ့ကဗျာများဖြစ်သော်လည်း နောင်တွင် အမျိုးသားကဗျာရှင်များကပါ ရေးသားစပ်ဆိုလာကြသည်။ အသံအိုင်အိုင်၊ အသံမြိုင်မြိုင်နှင့် သံပြိုင်သီဆိုရသော အချင်းမျိုးဖြစ်သောကြောင့် အိုင်ချင်းဟုခေါ်သည်။ ဤသီချင်းသံကို ကြားလိုက်လျှင် မျက်ရည်ဖြိုင်ဖြိုင်အိုင်၍ စီးဆင်းလာစေတတ်သောသတ္တိကြောင့် အိုင်ချင်းဟုခေါ်ပါသည်ဟူ၍လည်း ဆိုကြသည်။ ❖

**ကင်းဝန်အပြင် ရခဲ့ပြန်သောဘွဲ့များ**

သက္ကရာဇ် ၁၂၄၀ ပြည့်နှစ် မင်းတုန်းမင်းနတ်ရွာစံ၍ သီပေါမင်းနန်းတက်သောအခါ သုဓမ္မာဘွဲ့နှင့် လက်ဝဲတော်စစ်သူကြီးရာထူး၊ သက်တော်ရှည်ဟူသောဘွဲ့များ ထပ်မံရရှိခဲ့ကြောင်း တွေ့ရှိရသည်။ သက္ကရာဇ် ၁၂၄၇ ခုနှစ် မြန်မာနိုင်ငံကို အင်္ဂလိပ်များသိမ်းပိုက်သောအခါ လွှတ်တော်တွင် မြန်မာမှူးမတ်များနှင့်အတူ ကူညီထမ်းရွက်ခဲ့ကြရသည်။ သက္ကရာဇ် ၁၂၅၉ ခုနှစ်တွင် စီအက်အိုင်ဘွဲ့နှင့် ဥပဒေပြုမင်းတိုင်ပင်အဖွဲ့တွင် ထမ်းရွက်ရပြန်သည်။ သက္ကရာဇ် ၁၂၅၀ ပြည့်နှစ်တွင် အနားယူခဲ့ပြီးနောက် သက္ကရာဇ် ၁၂၇၀ ပြည့်နှစ် ဝါဆိုလဆန်း ၃ ရက် အင်္ဂါနေ့ညနေ ၄ နာရီတွင် အနိစ္စရောက်ခဲ့သည်။

**ပြုစုခဲ့သောစာများ**

ကင်းဝန်မင်းကြီးသည် စစ်ရေး၊ အုပ်ချုပ်ရေး၊ သံတမန်ရေးစသည်တို့ဖြင့် မအားလပ်စဉ်တွင်ပင် ကဗျာနှင့်စာများကို ပြုစုခဲ့ပေသည်။ အဆိုပါပြုစုခဲ့သည့် စာပေစာရင်းများမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ကြပေသည်။

(က) တိက္ကျကပျို့
(ခ) နေမိရကန်
(ဂ) ဓမ္မောဇမော်ကွန်း
(ဃ) ရတနာနန္ဒီမော်ကွန်း
(င) ဓမ္မသတ်လင်္ကာများနှင့် အဖွင့်ကျမ်းများ
(စ) သီပေါမင်းတရား၏သားတော် မြပုခက်တင်ချေါင်း
(ဆ) သီပေါမင်းတရား၏သမီးတော်ချေါင်း
(ဇ) လူးတား
(ဈ) လွှဲချင်း
(ည) ဓမ္မသတ် ၃၆ စောင်ချုပ်
(ဋ) အမွေမှု ဓမ္မသတ်ကျမ်းကြီးများ
(ဌ) ဆောင်းပါး၊ မေတ္တာစာ၊ မှာတမ်း၊ နိုင်ငံခြားသွား နေ့စဉ်မှတ်တမ်းများ၊ ကျောက်စာ၊ ရတု၊ သာချင်း၊ ယိုဒယားပတ်ပျိုး အစရှိသောကဗျာဝန္ထသီချင်းများ

**ကင်းဝန်မင်းကြီး၏ အိုင်ချင်းကဗျာ**

ကင်းဝန်မင်းကြီး၏ အိုင်ချင်းကဗျာကို သက္ကရာဇ် ၁၃၃၀ ပြည့်နှစ်၊ ခရစ်နှစ် ၁၉၆၈ ခုနှစ် ဟံသာဝတီပုံနှိပ်တိုက်ထုတ် နာနာနယသင်္ခေပ ကဗျာဝန္ထခေါ် ကင်းဝန်မင်းကြီး၏ ကဗျာစု၌ တွေ့ရသည်။ ကဗျာ၏အမည်မှာ ဆယ့်နှစ်ရာသီဘွဲ့ဖြစ်ပြီး ကဗျာပါဝါသားများမှာ အောက်ပါအတိုင်းဖြစ်ကြောင်း တွေ့ရသည်။

တန်ခူးစိတြ၊ မိဿခါတော်၊ ယင်ကပ်ကယ်ကံ့ကော်၊ မွှေးကျော်ကြိုင်လွင့်၊ အတာသဘင်၊ ပျော်ရွှင်ဆိတ်မင်းဝင်။ ပြိဿကဆုန်၊ မြူးခုန်နွားနှင့်၊ စကားပွင့်လို့၊ ခါသင့်ချိန်ခါ၊ ညောင်ရေပွဲတော်၊ ထွန်းမြဝိသာခါ။ မေထုန်ကိန္နရာ၊ လှိုင်စွာမွှေးလို့ မုလေးစံပယ်၊ ဇေဌကြယ်၊ သုဓမ္မာဝယ်၊ နာဘွယ်စာမေးပွဲနှင့်လေး။ ဝါဆိုကြဋ်၊ ပညတ်ကယ်ပုစွန်၊ ပုန်းညက်ကယ်နံ့မွှန်၊ ရောင်ဝှန်ရိုးရဲ၊ ကြယ်ပြုဗ္ဗာသန်၊ ခါမှန်ပဍ္ဍင်းတော်ပွဲ။ သိဟ်ဝါခေါင်မှန်၊ ကြယ်သရဝဏ်၊ မိုးစွန်တင့်ကဲ၊ ထွန်းလျှံစွဲလို့၊ ပွင့်မြဲခတ္တာ၊ စာရေးတံချ၊ သီဟမြတ်ရာဇာ။ ကန်ရာသီမှာ၊ ပြုဗ္ဗာပုရပိုက်နှင့်၊ ညွှန်းကိုက်ယင်းမာ၊ နတ်ကညာစပါးနံ့ကိုင်ကာ၊ သီတာရေပွဲနှင့်လေး။ တူသီတင်းကျွတ်၊ ကြာဝတ်ကယ်လှိုင်ညီ၊ အဿဝဏီ၊ နာရီချိန်စွဲ၊ ဆီမီးမြင်းမိုရ်၊ မင်ဖိုလ်ရှုသည့်ပွဲ။ ကြယ်ကြတ္တိကာ၊ ဗြိစ္ဆာခေါ်မြဲ၊ ကင်းလက်မဲနှင့်၊ ခဝဲလှိုင်လှိုင်၊ မသိုးသင်္ကန်း၊ လျှုဒါန်းတန်ဆောင်တိုင်။ ဓနုမှာ လေးကိုင်၊ ရောင်ပြိုင်နွဲ့လို့၊ ပိန္နဲနတ်ဂြိုလ်၊ မိဂသိုရ်၊ သဇင်ကမွှေးချို၊ ပင်ပျိုဂမုန်းနှင့်လေး။ မကာရမှန်၊ မကားရိုငယ်ပြာသို၊ နွယ်ပန်းရယ်ခွာညို၊ ရောင်ဖျိုမှုချ၊ ခက်သွင်းသဘင်၊ ပျော်ရွှင်မြင်းခင်းလ။ ကုန်ရာသီမှာ၊ မြူတာလည်းလှ၊ ကြယ်မာဃနှင့်၊ ခိုင်လှသင့်လျော်၊ ပေါက်ပန်းပွင့်တုန်း၊ မီးပုန်းယာဂုတော်။ မိငါးကြင်း ဘက်ဆွတ်လှိုင်းညီ၊ သဲပုံစေတီ၊ ရာသီပွဲတော်နှင့်လေး။

**အိုင်ချင်းကဗျာ**

အိုင်ချင်းကဗျာသည် ကဝိဘာရတီကျမ်း အလိုအရ အချင်းကိုစွဲ၍ဖြစ်သော ကဗျာ ၁၈ မျိုးအနက် ကဗျာတစ်မျိုးဖြစ်ကြောင်း တွေ့ရှိရသည်။ ရှေးက အမျိုးသမီးကဗျာရှင်များက စတင်ရေးသားစပ်ဆိုခဲ့သော မောင်ဘွဲ့ကဗျာများဖြစ်သော်လည်း နောင်တွင် အမျိုးသားကဗျာရှင်များကပါ ရေးသားစပ်ဆိုလာကြသည်။ အသံအိုင်အိုင်၊ အသံမြိုင်မြိုင်နှင့် သံပြိုင်သီဆိုရသော အချင်းမျိုးဖြစ်သောကြောင့် အိုင်ချင်းဟုခေါ်သည်။ ဤသီချင်းသံကို ကြားလိုက်လျှင် မျက်ရည်ဖြိုင်ဖြိုင်အိုင်၍ စီးဆင်းလာစေတတ်သော သတ္တိကြောင့် အိုင်ချင်းဟုခေါ်ပါသည်ဟူ၍လည်းဆိုကြသည်။ အိုင်ချင်းကဗျာတွင် ပထမခေတ်သည် သက္ကရာဇ် ၇၀၀ ကျော် သုံးထောင့်အိုင်ခေတ်၊ ဒုတိယခေတ်သည် သက္ကရာဇ် ၉၀၀ ကျော်မှ ၁၁၀၀ ကျော်ထိ ရာပြည့်အိုင်ခေတ်နှင့် သက္ကရာဇ် ၁၂၀၀ ကျော်တွင် တစ်ဆယ့်နှစ်ရာသီဘွဲ့အိုင်ခေတ်ဟူ၍ တွေ့ရှိရပါသည်။ ကင်းဝန်မင်းကြီး ရေးသားပြုစုခဲ့သည့် အိုင်ချင်းသည် တတိယအမျိုးအစားတွင်ပါရှိသော အိုင်ချင်းဖြစ်ကြောင်း တွေ့ရှိရပေသည်။ မည်သို့ပင်ဆိုစေ အခြားအိုင်ချင်းများကို လေ့လာရင်းက ကင်းဝန်မင်းကြီး၏ ဆယ့်နှစ်ရာသီအိုင်ချင်းတွင်လည်း နစ်မျောသွားမိသည်ကို ဝန်ခံရပေတော့မည်။

**ကိုးကား**


၁။ ဦးပုညနှင့် ကင်းဝန်မင်းကြီး၏ ရတနာနန္ဒီမော်ကွန်း
၂။ ကင်းဝန်မင်းကြီး၏ နာနာနယသင်္ခေပ ကဗျာဝန္ထကျမ်း
၃။ ဦးမောင်မောင်တင်၏ ကင်းဝန်မင်းကြီးသမိုင်း
၄။ ဆရာဇော်ဂျီ၏ ရသစာပေနိဒါန်း

# စနေနေ့ညမှာကစားမဲ့အမှတ်ပေးပြိုင်ပွဲတွေထဲက အသင်းလိုက်ကစားအားကောင်းနေတဲ့ အဲဗာတန်အသင်း၊ အေစီမီလန်အသင်း၊ ဗလင်စီယာအသင်းတို့ကို ရွေးချယ်ရမှာပါ

M L



လက်ရှိဥရောပအမှတ်ပေးပြိုင်ပွဲတွေဟာ ဒုတိယရာသီဝက်ကာလ ရောက်ရှိခဲ့တာကြောင့် ချန်ပီယံဆုရမဲ့အသင်းတွေနဲ့ တန်းဆင်းရမဲ့အသင်းတွေကို ခန့်မှန်းလို့ရတဲ့အခြေအနေမှာရှိခဲ့ပါတယ်။ ကြားရက်မှာတော့ ပရီးမီးယားလိဂ်နဲ့ လာလီဂါကအမှတ်ပေးပွဲတွေကစားခဲ့ပေမဲ့ ကျန်လိဂ်တွေကအနားရခဲ့တာဖြစ်လို့ ဒီတစ်ပတ်အမှတ်ပေးပွဲမှာ ပွဲဆက်များနေတဲ့ ပရီးမီးယားလိဂ်နဲ့ လာလီဂါပွဲစဉ်တွေကို သတိထားချဉ်းကပ်ရမှာပါ။ လာမဲ့စနေနေ့ညမှာတော့ အသင်းလိုက်ကစားသမား စုဖွဲ့မှုကောင်းနေပြီး အဓိက ကစားသမားအစုံအလင်နဲ့ ပွဲထွက်ကစားနိုင်မဲ့အသင်းတွေကိုပဲ ဦးစားပေးရွေးချယ်သွားမှာဖြစ်ပါတယ်။

### အဲဗာတန်အသင်း ရလဒ်ကောင်းမှာပါ

စနေနေ့ညမှာကစားမဲ့ပရီးမီးယားလိဂ်ပွဲစဉ် (၂၃) မှာ အကြိုက်တွေ့မိတာကတော့ အဲဗာတန်အသင်းနဲ့ စပါးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းရဲ့ပထမအကျော့တွေ့ဆုံတုန်းက စပါးအသင်းက နှစ်ဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့ပေမဲ့ အဲဗာတန်အသင်းက ထိရောက်တဲ့ဂိုးပေါက်ခြိမ်းခြောက်မှုပိုလုပ်နိုင်ခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ အဲဗာတန်အသင်းရဲ့ချေပဂိုးတစ်ဂိုးကို VAR နဲ့ပယ်ဖျက်ခံရတာကြောင့် ရှုံးပွဲကြုံသွားခဲ့တာဖြစ်ပါတယ်။ အဲဗာတန်အသင်းဟာ အခုရာသီမှာခြေစွမ်းပိုင်းကောင်းခဲ့ပေမဲ့ ရမှတ်လျှော့ပြစ်ဒဏ်ကြောင့် ၂၂ ပွဲကစားအပြီး ရမှတ် ၁၈ မှတ်နဲ့ အဆင့်(၁၈) မှာရောက်ရှိနေတာဖြစ်ပါတယ်။ ဒါကြောင့် တန်းဆင်းဇုန်ကလွတ်မြောက်ဖို့အတွက် ပြိုင်ပွဲတိုင်းကို အာရုံစိုက်ကစားခဲ့လို့ နောက်ဆုံးငါးပွဲမှာတစ်ပွဲသာရှုံးခဲ့ပြီး သုံးပွဲသရေ၊ တစ်ပွဲနိုင်ရလဒ်ပိုင်ဆိုင်ခဲ့တာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ အလီနဲ့ ကိုလ်မန်းတို့နှစ်ယောက်သာလွဲချော်မှာဖြစ်ပြီး အဓိက ကစားသမားအားလုံးပါဝင်နိုင်မှာဖြစ်လို့ ကစားအားကောင်းလာမှာသေချာပါတယ်။

နည်းပြပိုစတီကိုဂလူလက်အောက်မှာ ကစားပုံထက်မြက်လာတဲ့ စပါးအသင်းကလဲ နောက်ဆုံးငါးပွဲမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ခြေစွမ်းပြတိုက်စစ်မှူး ဆွန်ဟောင်မင်ကို အာရှဖလားပွဲစေလွှတ်ခဲ့ရပေမဲ့ ရစ်ချာလီဆန်၊ ကူလူဆက်စကီးတို့ခြေစွမ်းပြနိုင်ခဲ့လို့ ရလဒ်ပိုင်းကောင်းခဲ့တာဖြစ်ပါတယ်။ လက်ရှိအမှတ်ပေးပွဲ ၂၂ ပွဲကစားအပြီးမှာ ရမှတ် ၄၃ ထိရခဲ့လို့ အဆင့်(၄)မှာရောက်ရှိခဲ့ပြီး အဆင့်(၅)က အေဗီလာနဲ့ ရမှတ်တူဂိုးကွာခြားချက်နဲ့ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အခြေအနေကောင်းနေတာကိုတွေ့ရမှာပါ။ ဒ့ါပြင် စပါးအသင်းဟာ လက်ရှိအပြောင်းအရွှေ့မှာ တိုက်စစ်မှူး တီမိုဝါနာ၊ ဒရာဂူဆင်တို့ကိုခေါ်ယူခဲ့သလို အဓိက ကစားသမားတွေဖြစ်တဲ့ မက်ဒီဆင်၊ ရှိမ်ယို၊ ဗန်ဒီဗန်တို့လဲအသင်းနဲ့ပြန်လည်ပူးပေါင်းနိုင်ခဲ့တာကြောင့် ကစားအားကောင်းနေတာကိုသတိပြုရမှာပါ။ အထူးသဖြင့် အဝေးကွင်းခံစစ်ကစားပုံမှာလဲ နောက်ဆုံး ငါးပွဲမှာ ၁၀ ဂိုး ပေးခဲ့ရတာကလဲ တိုက်စစ်အားကောင်းတဲ့အသင်းတွေနဲ့ဆို ဂိုးပြတ်အရေးနိမ့်စေခဲ့တာပါ။ လက်ရှိအဲဗာတန်ကလဲ ကယ်ဘက်လေဝင်၊ ဒိုကိုရေးဟာရစ်ဆင်၊ မက်နဲလ်တို့လို ကစားအားကောင်းတဲ့သူတွေပါဝင်လာမှာဖြစ်လို့ တိုက်စစ်ဖွင့်ကစားမဲ့စပါးအသင်းအခက်တွေ့နိုင်ပြီး အကျော ပေးမှုကလဲ စပါးအသင်းက သရေရလဒ်ဆိုရင် ဘာမှဆုံးရှုံးမှုမရှိတာကြောင့် တန်းဆင်းဇုန်ကလွတ်ဖို့ ကြိုးပမ်းလာမဲ့အဲဗာတန်အသင်း ရလဒ်ကောင်းမှာပါ။

**အဲဗာတန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပဲလေ့စ် | ၀ | - | ၀ | အဲဗာတန် |
| အဲဗာတန် | ၀ | - | ၀ | အေဗီလာ |
| အဲဗာတန် | ၁ | - | ၀ | ပဲလေ့စ် |
| အဲဗာတန် | ၁ | - | ၂ | လူတန် |
| ဖူလ်ဟမ် | ၀ | - | ၀ | အဲဗာတန် |

**စပါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စပါး | ၃ | - | ၁ | ဘုန်းမောက် |
| စပါး | ၁ | - | ၀ | ဘန်လေ |
| မန်ယူ | ၂ | - | ၂ | စပါး |
| စပါး | ၀ | - | ၁ | မန်စီးတီး |
| စပါး | ၃ | - | ၂ | ဘရန်နဖို့ဒ် |

### အေစီမီလန်အသင်းကို အားပေးရမှာပါ

စနေနေ့ညမှာကစားမဲ့စီးရီးအေပွဲစဉ်ထဲမှာ အကြိုက်တွေ့မိတာကတော့ ဖရိုစီဝမ်းနဲ့ အေစီမီလန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဖရိုစီဝမ်းဟာ နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်မှာ ဗီရိုနာအသင်းကို တစ်ဂိုးစီသရေရလဒ် ကစားနိုင်ခဲ့ပေမဲ့ နောက်ဆုံးငါးပွဲမှာတော့ တစ်ပွဲသာအနိုင်ရခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အိမ်ကွင်းပွဲစဉ်တွေမှာ ရမှတ်စုဆောင်းနိုင်တဲ့အသင်းဖြစ်ပြီး အိမ်ကွင်း ၁၁ ပွဲကစားအပြီးမှာ ခြောက်ပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံးနဲ့ ရမှတ် ၂၀ ထိရခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့တိုက်စစ်ပိုင်းကောင်းတဲ့အသင်းတွေကိုတော့ အိမ်ကွင်းမှာအပြန်အလှန်ဂိုးရခဲ့ပေမဲ့ ရှုံးနိမ့်ခဲ့တာများပါတယ်။ နည်းပြဒီဖရန်ကိုကတော့ ၄-၃-၃ ကစားကွက်နဲ့ ပွဲထွက်လေ့ရှိပြီး အိမ်ကွင်းမှာဆို တိုက်စစ်အသားပေးကစားခဲ့လို့အေစီမီလန်လို စုဖွဲ့မှုကောင်းပြီး တိုက်စစ်ပိုင်းဂိုးသွင်းအားကောင်းတဲ့အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်မှာ သေချာပါတယ်။ ပထမအကျော့ အေစီမီလန်နဲ့ တွေ့ဆုံမှုမှာလဲ သုံးဂိုးတစ်ဂိုးနဲ့ဂိုးပြတ်ရှုံးနိမ့်ခဲ့တာကြောင့် အခုပွဲစဉ်မှာလဲ ခံစစ်အသားပေးကစားမှသာ ဂိုးပြတ်မရှုံးဖို့များမှာပါ။

အေစီမီလန်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့အမှတ်ပေးပွဲမှာ ဘိုလော့နာအသင်းကို မထင်မှတ်ဘဲ သရေရလဒ်သာ ကစားနိုင်ခဲ့တာကြောင့် ရမှတ်ဆုံးရှုံးသွားခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ သူတို့အသင်း ပွဲချိန်ပြည့်ဖိအားပေးနိုင်ပြီး ပင်နယ်တီနှစ်ကြိမ်ရခဲ့ပေမဲ့လွဲချော်ခဲ့တာကြောင့် ဘိုလော့နာအသင်းကို ရမှတ်ခွဲပေးလိုက်ရတာကို တွေ့ရမှာပါ။ အမှတ်ပေးဇယားမှာတော့ ရမှတ် ၄၆ မှတ်နဲ့အဆင့်(၃)မှာရပ်တည်နေပြီး အဆင့်(၁) အင်တာမီလန်နဲ့ ရမှတ် ရှစ်မှတ်ကွာဟနေတာကြောင့် ချန်ပီယံဆုကို စိန်ခေါ်နိုင်ဖို့ လာမဲ့ပွဲစဉ်တွေကိုအာရုံစိုက်ကစားရမှာဖြစ်ပါတယ်။ အခုပြိုင်ပွဲမှာလဲ အေစီမီလန်ဟာ အဝေးကွင်းပွဲစဉ်မှာ အတ္တလန်တာနဲ့အင်တာမီလန်အသင်းတို့ကိုသာရှုံးခဲ့ပြီး ကျန်ပွဲစဉ်တွေအားလုံးရလဒ်ကောင်းခဲ့တာကို သတိပြုရမှာပါ။ လက်ရှိမှာ ဗဟိုခံစစ်က မာလစ်နဲ့တိုမိုရီတို့ မပါနိုင်သေးတာကြောင့် ခံစစ်ကစားပုံအားနည်းနိုင်ပေမဲ့ တိုက်စစ်ပိုင်းက ပြိုင်ဘက်မရွေး ဂိုးသွင်းယူနိုင်တဲ့အခြေအနေဖြစ်နေတာကို တွေ့ရမှာပါ။ ဒါကြောင့် ဖရိုစီဝမ်းလိုအသင်းနဲ့တွေ့ချိန်မှာ ရမှတ်အပြည့်ရယူဖို့ ကြိုးစားလာမဲ့အေစီမီလန်ဟာ တိုက်စစ်ဖွင့်ပြီး ဘောလုံးပိုင်မှုအသာနဲ့ကစားဖို့များလာနိုင်ပါတယ်။ လက်ရှိအကျောပေးမှုကလဲ အေစီမီလန်အသင်း အနိမ့်ဆုံးတစ်ဂိုးနဲ့နိုင်မဲ့အခြေအနေဖြစ်နေတာကြောင့် အဘက်ဘက်က သာလွန်နေတဲ့အေစီမီလန်အသင်းကိုပဲ အားပေးရမှာပါ။

**ဖရိုစီဝမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖရိုစီဝမ်း | ၂ | - | ၃ | မွန်ဇာ |
| ဂျူဗင်တပ် | ၄ | - | ၀ | ဖရိုစီဝမ်း |
| အတ္တလန်တာ | ၅ | - | ၀ | ဖရိုစီဝမ်း |
| ဖရိုစီဝမ်း | ၃ | - | ၁ | ကက်ဂလီယာရီ |
| ဗီရိုနာ | ၁ | - | ၁ | ဖရိုစီဝမ်း |

**အေစီမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အမ်ပိုလီ | ၀ | - | ၃ | အေစီမီလန် |
| အေစီမီလန် | ၁ | - | ၂ | အတ္တလန်တာ |
| အေစီမီလန် | ၃ | - | ၁ | ရိုးမား |
| အူဒီးနီးစ် | ၂ | - | ၃ | အေစီမီလန် |
| အေစီမီလန် | ၂ | - | ၂ | ဘိုလော့နာ |

### ဗလင်စီယာအသင်း အနိုင်ရမှာပါ

စနေနေ့ညမှာကစားမဲ့လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဗလင်စီယာနဲ့ အယ်မာရီယာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဗလင်စီယာအသင်းဟာ နည်းပြဘာရာဂျာလက်ထက်မှာ ကစားကွက်ပိုင်းတည်ငြိမ်လာတာကြောင့် ခြေရည်တူအသင်းတွေနဲ့ဆို ရလဒ်ကောင်းပိုင်ဆိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် အမှတ်ပေးပြိုင်ပွဲ ၂၂ ပွဲကစားအပြီးမှာ ရမှတ် ၃၂ မှတ်ထိရခဲ့တာကြောင့် အဆင့်(၈) မှာရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိအသင်းတိုက်စစ်ပိုင်းကို ဒူရိုက ဦးဆောင်နေပြီး သွင်းဂိုး ကိုးဂိုးနဲ့ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နေတာဖြစ်ပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့အဝေးကွင်းမှာ ရမှတ်ဆုံးရှုံးသွားတာကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာ ရမှတ်ပြန်ရှာနိုင်ဖို့ကြိုးစားလာမှာဖြစ်သလို အမှတ်ပေးပွဲအိမ်ကွင်း ၁၀ ပွဲမှာ နှစ်ပွဲသာရှုံးခဲ့တဲ့ ခြေစွမ်းပိုင်းကအားရစရာကောင်းပါတယ်။ သူတို့ရှုံးခဲ့တာကလဲ ဆိုစီဒက်၊ အိုဆာဆူနာတို့ကိုဖြစ်ပြီး ကျန်အသင်းတွေကိုတော့ အနိမ့်ဆုံးသရေကစားနိုင်ခဲ့တာကိုတွေ့ရမှာပါ။

အမှတ်ပေးပြိုင်ပွဲ ၂၂ ပွဲကစားအပြီးမှာ နိုင်ပွဲမရသေးတဲ့အယ်မာရီယာအသင်းဟာ လာလီဂါကနေတန်းဆင်းရဖို့ သေချာနေတဲ့အသင်းဖြစ်ပါတယ်။ အမှတ်ပေးပွဲ ၂၂ ပွဲမှာ ခြောက်ပွဲသာသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ၁၆ ပွဲထပ်ရှုံးခဲ့သလို ခံစစ်ပိုင်းကလဲပေးဂိုး ၄၉ ဂိုးထိရှိခဲ့တာကြောင့် ပေးဂိုးအများဆုံးအသင်းအဖြစ် ရပ်တည်နေတာလဲဖြစ်ပါတယ်။ သူတို့အသင်းဟာနောက်ပိုင်းပွဲစဉ်တွေမှာ ခံစစ်အသားပေးကစားနေပေမဲ့ ကစားသမားဖြည့်တင်းမှုမလုပ်နိုင်တဲ့အခြေအနေက ပွဲချိန်ကြာလာတာနဲ့ ကစားအားကျဆင်းသွားပြီး ဦးဆောင်ဂိုးတွေပေးခဲ့ရတာကိုတွေ့ရမှာပါ။ လက်ရှိအဝေးကွင်းကစားပုံကလဲ ကျဆင်းနေတဲ့အပြင် အဝေးကွင်းခံစစ်ပိုင်းကလဲ ပြိုင်ပွဲတိုင်းပေးဂိုးရှိခဲ့တာကြောင့် အိမ်ကွင်းကစားအားမာကျောတဲ့ ဗလင်စီယာတိုက်စစ်ကို ထိန်းချုပ်နိုင်မှာမဟုတ်ပါဘူး။ သူတို့နှစ်သင်း ပထမအကျော့တွေ့ဆုံမှုမှာ ဗလင်စီယာခြေစွမ်းပိုင်းကျဆင်းနေချိန်ဖြစ်လို့ နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ အခုပွဲစဉ်မှာတော့ အယ်မာရီယာအနေနဲ့ ပေးဂိုးမများဖို့သာအာရုံစိုက်ရမှာဖြစ်ပါတယ်။ ဒါကြောင့် အိမ်ကွင်းကစားပုံကောင်းနေတဲ့ဗလင်စီယာအသင်းပဲ အနိုင်ရသွားမှာပါ။

**ဗလင်စီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ကာတာဂျီနာ | ၁ | - | ၂ | ဗလင်စီယာ |
| ကာဒီဇက် | ၂ | - | ၄ | ဗလင်စီယာ |
| ဗလင်စီယာ | ၁ | - | ၃ | ဆဲလ်တာဗီဂို |
| ဗလင်စီယာ | ၁ | - | ၀ | ဘီလ်ဘာအို |
| အေတီကို | ၂ | - | ၀ | ဗလင်စီယာ |

**အယ်မာရီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘာစီလိုနာ | ၃ | - | ၂ | အယ်မာရီယာ |
| အိုဆာဆူနာ | ၁ | - | ၀ | အယ်မာရီယာ |
| အယ်မာရီယာ | ၀ | - | ၀ | ဂျီရိုနာ |
| ရီးရဲလ်မက်ဒရစ် | ၃ | - | ၂ | အယ်မာရီယာ |
| အယ်မာရီယာ | ၀ | - | ၃ | အလာဗက် |

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲသီးနှံ ၃၈၉၃ ဧက စိုက်ပျိုးပြီးစီး



**ယင်းမာပင် ဖေဖော်ဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲသီးနှံ ၃၈၉၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ထောပတ်ပဲသီးနှံ ၃၈၆၄ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ထောပတ်ပဲ ၃၈၉၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ယင်းမာပင်ခရိုင်အတွင်း ထောပတ်ပဲသီးနှံဧက ၃၈၆၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိအချိန်မှာတော့ ဧက ၃၈၉၀ ကျော် စိုက်ပျိုးပြီးပါပြီ။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ထောပတ်ပဲစိုက်ပျိုးမှုကတော့ အောင်မြင်ဖြစ်ထွန်းကြပါတယ်။ ထောပတ်ပဲသီးနှံဟာ ဈေးကောင်းရရှိတဲ့အတွက် အားထားစိုက်ပျိုးကြပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ထောပတ်ပဲ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၈၅၉ ဧက၊ ကနီမြို့နယ်တွင် ၂၈၂၇ ဧက၊ ပုလဲမြို့နယ်တွင် ၂၀၇ ဧက စုစုပေါင်း ထောပတ်ပဲ ၃၈၉၃ ဧက တို့ဖြစ်ကြောင်း၊ ယင်းမာပင်ခရိုင်တွင် ထောပတ်ပဲသီးနှံ စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၈၆၅ ဧက၊ ကနီမြို့နယ်တွင် ၂၇၉၂ ဧက၊ ပုလဲမြို့နယ်တွင် ၂၀၇ ဧက စုစုပေါင်း ထောပတ်ပဲ ၃၈၆၄ ဧက တို့ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများက ထောပတ်ပဲသီးနှံများကို သီးသန့်စိုက်ပျိုးကြသကဲ့သို့ အချို့တောင်သူများကလည်း အပိုဝင်ငွေရရှိစေရန်အတွက် သီးညှပ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ပဲမျိုးစုံစိုက်ပျိုးကြသော တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သီးနှံအထွက်နှုန်းတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးကြရေးနှင့် လိုအပ်သည့်နည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပြီး သီးနှံပိုးမွှားရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲပုံနှင့် အချိန်မီရိတ်သိမ်းမှု စသည့်အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# သုံးခွမြို့နယ် နန်းခလဲကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**သုံးခွ ဖေဖော်ဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများမှထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်စေရန် ရည်ရွယ်၍ နန်းခလဲကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ဇန်နဝါရီ ၃၁ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်သူကိုကို၊ သန်လျင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးမြင့်၊ သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းချိုနှင့် အင်ဂျင်နီယာဝန်ထမ်းများက နန်းခလဲကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဒုတိယညွှန်ကြားရေးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

နန်းခလဲကျေးရွာ၌ အရှည် ၁ ဒသမ ၈၃ မိုင်၊ အကျယ် ၁၂ပေ၊ အမြင့် ကိုးလက်မရှိ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း၊ ၎င်းလမ်းပေါ်တွင် အရှည် ခြောက်ပေ၊ အကျယ်ပေ ၂၀၊ အမြင့် ခြောက်ပေရှိ Box Culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၁၆ ဒသမ ၃၇ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် ဩဂုတ်လတတိယပတ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသိရသည်။

**မောင်ခိုင်**








## ကုန်ဆုံးသွားသော စွမ်းအားများ

# DAGON Malta Fresh

## နဲ့ ပြည့်စွမ်းထား . . .

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၀၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

သဘာဝအာစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး



# ရွှေဖီဦး




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## အများသိစေရန် ကြေညာခြင်း

စဉ့်ကိုင်မြို့နယ်၊ ရန်နိုင်ရပ်ကွက်၊ အောင်ဇေယျလမ်းနေ မဌေးဌေးလွင် (၉/စကတ(နိုင်)၀၆၂၂၁၁)ကိုင်ဆောင်သူ ပိုင်ဆိုင်သော နေအိမ်ဝိုင်းမြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မမီမီထက် (ခ) မီးမီး (၄/ကတခ(နိုင်)၁၉၉၄၀၇)မှ အပြီးအပိုင် လက်ရောက်ရ ဝယ်ယူမည်ဖြစ်ပါသဖြင့် ယင်းနေအိမ်ဝိုင်းမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ဖြစ်စေ ဝယ်ယူသူ မမီမီထက် (ခ) မီးမီး ထံသို့ဖြစ်စေ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား အတည်ပြုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သန္တာလင်း
(LL.B)(LL.M)(D.B.L)(D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၆၀/၁.၁၀.၂၀၁၉)
09-402779335. 09-766854035

## ပျောက်ဆုံးကြောင်း

နွားထိုးကြီးမြို့နယ်၊ သူစိုးကျေးရွာနေ စောဇင်ထွန်း (ဘ) ဦးသန်းလှိုင် (၉/နထက(နိုင်)၁၈၉၀၉၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-633446) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၄၆၈၅၃၃၉


သင့်သွေးဖြင့် အသက်ကယ်ပါ


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် သုံးစွဲလျက်ရှိခြင်းကြောင့် နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း…
❖ မြေအသုံးချမှုနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ကြပ်မတ် ထိန်းသိမ်းဆောင်ရွက်သွားရန်လို…

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဩဂုတ် ၈ ရက်တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ တက်ရောက်



**နေပြည်တော် ဖေဖော်ဝါရီ ၁**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသည့် ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီးဘတ်စကက်ဘော အမျိုးသား၊အမျိုးသမီး (5 on 5)ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

## မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်(စနေနေ့)ည ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) MICC (1)၌ ခမ်းနားထည်ဝါစွာစီစဉ်ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို ယင်းနေ့ညနေ ၄ နာရီခွဲမှ စတင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-HD Channel၊ MRTV Farmers' Channel၊MRTV Sports Channel၊MRTV Parliament Channelနှင့် MWD-HD Channel၊ MWD Variety-HD Channel၊Channel Light Channel၊MWD Education, Knowledge & Sports Channel၊ Golden Land Channel၊ WAF Channel၊TVM Channelတို့အပြင် Channel-7၊ Readers' Channel၊ 5-Plus၊Channel-9၊ MNTV၊ Myanmar Movies၊Myanmar Arts Channel၊ Fortune Channel၊Channel K၊M Entertainment Channelနှင့် မြန်မာ့အသံရေဒီယို၊ ပတ္တမြား FM၊ ချယ်ရီ FM၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ရွှေ FM၊ FM ပုံ၊Star FM၊ သဇင် FMတို့အပြင် MOI Website၊ MOI Youtube၊ MRTV Website၊MRTV App အပါအဝင် Online Media တို့မှလည်း တိုက်ရိုက်(Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

